ကြေးမုံ
The Mirror Daily
Established in 1957
၁၉၅၇ ဖြေ ၁၆ တွင် စတင်တည်ထောင်သည်။

မေတ္တာဖြင့် အောင်ရာ၏

အမျက်ထွက်တတ်သောသူကို အမျက်မထွက်ခြင်းဖြင့် (မေတ္တာဖြင့်)အောင်ရာ၏။ မကောင်းသောသူကို ကောင်းသောသဘောဖြင့် အောင်ရာ၏။ နှမြောဝန်တိုသောသူကို ပေးကမ်းခြင်းဖြင့် အောင်ရာ၏။ မဟုတ်မမှန် ပြောဆိုတတ်သောသူကို မှန်ကန်သောစကားကို ပြောဆိုခြင်းဖြင့် အောင်ရာ၏။ ကောဓဝဂ်(ဓမ္မပဒ -၂၂၃)

၁၃၈၈ ခုနှစ်၊ ပထမဝါဆိုလဆန်း ၁ ရက် တနလာနေ့။ Monday, 15 June 2026 ၁၂၁၀

နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် မြန်မာနိုင်ငံ မိုးကုတ်ရတနာမြေမှ ရှာဖွေတွေ့ရှိသည့် ထူးခြားလှပပြီး အရွယ်အစားကြီးမားသည့် နီလာအရိုင်းတုံးကြီးအား ကြည့်ရှု



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် မြန်မာနိုင်ငံ မိုးကုတ်ရတနာမြေမှ ရှာဖွေတွေ့ရှိသည့် ထူးခြားလှပပြီး အရွယ်အစားကြီးမားသည့် နီလာအရိုင်းတုံးကြီးအား ကြည့်ရှုစဉ်။

နီလာအရိုင်းတုံးကြီးသည် အလေးချိန် ၁၄၃၀၀ ဂရမ် (၇၁၅၀၀ ကရက်)ရှိသဖြင့် အရွယ်အစားကြီးမားသောကြောင့် ရှာဖွေတွေ့ရှိရန် ခက်ခဲပြီးရှားပါး

နေပြည်တော် ဇွန် ၁၄

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတွင် လွတ်လပ်၍ တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပပြီး ပြည်သူများတစ်ခဲနက် ဆန္ဒမဲပေးရွေးချယ်ခဲ့သည့် ဒီမိုကရေစီအစိုးရ ဖွဲ့စည်းတာဝန်ယူပြီးနောက် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဦးဆောင်မှုဖြင့် နိုင်ငံတော်အား ဒီမိုကရေစီလမ်းကြောင်းပေါ်၌ ခိုင်မာစွာမောဖြင့် ဆက်လက်လျှောက်လှမ်းနေချိန်တွင် ၂၀၂၀ ပြည့်နှစ်က မြန်မာနိုင်ငံ မိုးကုတ်ရတနာမြေမှ ရှာဖွေတွေ့ရှိခဲ့သည့် ထူးခြားလှပပြီး အရွယ်အစားကြီးမားသည့် နီလာအရိုင်းတုံးကြီး အလေးချိန် ၁၄၃၀၀ ဂရမ် (၇၁၅၀၀ ကရက်) နှင့် နီလာပုံဆောင်ခဲ ၃၅၄ ဒသမ ၇၇ ဂရမ် (၁၇၇၃ ဒသမ ၈၅ ကရက်)တို့အား နိုင်ငံတော်ထံသို့ လာရောက်အပ်နှံခဲ့သည်။ စာမျက်နှာ ၃ ကော်လံ ၁ သို့ ○

အမျိုးသားကင်ဆာကုသရေးပဟိဋ္ဌာနကို ကင်ဆာဝေဒနာရှင်များအတွက် တစ်နေရာတည်းတွင် ပြည့်စုံသည့် ကုသမှုစင်တာအဖြစ် ဆေးကုသမှုများပေးနိုင်ရန်နှင့် သုတေသနလုပ်ငန်းများကိုပါ လုပ်ဆောင်နိုင်ရန် ရည်ရွယ်ဖွင့်လှစ်ခဲ့



ဆောင်းပါး စာမျက်နှာ ၆

မြောင်းတကာစက်မှုဇုန်၌ တရားမဝင်မာတ်အားရယူသုံးစွဲထားခြင်းအား လျှပ်စစ်ဥပဒေ၊ စီမံခန့်ခွဲမှုနည်းလမ်းများနှင့်အညီ အရေးယူဆောင်ရွက် စာမျက်နှာ ၁၄

မြန်မာ့ကမ်းလွန်ပင်လယ်ပြင်တွင် အလားအလာကောင်းမွန်သော သဘာဝဓာတ်ငွေ့သိုက်များ ရှာဖွေတွေ့ရှိ

နေပြည်တော် ဇွန် ၁၄

မြန်မာနိုင်ငံတွင် သဘာဝဓာတ်ငွေ့များကို မြန်မာ့ကမ်းလွန်စီမံကိန်းများမှ ထုတ်ယူလျက်ရှိပြီး လက်ရှိထုတ်လုပ်နေသည့် စီမံကိန်းများတည်ရှိနေသော ရေတိမ်ပိုင်း ကမ်းလွန်ဒေသများအပြင် ရေနက်ပိုင်း ကမ်းလွန်ဒေသများတွင်လည်း ကြီးမားသော သဘာဝဓာတ်ငွေ့ ခိုအောင်းမှုများရှိနေသည်ဟု ဘူမိဗေဒပညာရှင်များက ပင်လယ်ရေအောက်တွင် တည်ရှိနေသည့် သဲကြောများအား 3D Seismic ပြုလုပ်၍ ရရှိလာသည့် အချက်အလက်များနှင့် စမ်းသပ်တူးဖော်ခဲ့သော ရှာဖွေရေးတွင်းများ၏ ရလဒ်များကို အခြေပြု၍ အတည်ပြုကြသည်။

စာမျက်နှာ ၃ ကော်လံ ၅ သို့ ✻



သီရိမင်္ဂလာဈေးမှ စွန့်ပစ်သီးနှံများ အသုံးပြု၍ သဘာဝမြေဩဇာ ထုတ်လုပ်

ရန်ကုန် ဇွန် ၁၄

ရန်ကုန်မြို့ လှိုင်မြို့နယ်ရှိ သီရိမင်္ဂလာဈေးမှ နေ့စဉ်စွန့်ပစ်လိုက်သည့် ဟင်းသီးဟင်းရွက်နှင့် သီးနှံမျိုးစုံ စွန့်ပစ်အမှိုက်များကို စိုက်ပျိုးရေးတွင် ပြန်လည်အသုံးပြုနိုင်သည့် အီးအမ်ဘိုကာရီသဘာဝမြေဩဇာအဖြစ် ထုတ်လုပ်ပြီး စိုက်ပျိုးရေးလုပ်ငန်းရှင်များထံ ဖြန့်ဖြူးရောင်းချပေးနေကြောင်း အဆိုပါဈေးမှ သိရသည်။ စာမျက်နှာ ၃ ကော်လံ ၁ သို့ ❖



ကလေးဆေးရုံကြီး(ရန်ကုန်)၌ ရင်ချင်းဆက်အမြွှာကလေးများ အောင်မြင်စွာ ခွဲစိတ်ကုသ

နေပြည်တော် ဇွန် ၁၄

ကလေးဆေးရုံကြီး (ရန်ကုန်)၌ အသက် (၂) နှစ် (၅) လအရွယ်ရှိ ရင်ချင်းဆက်အမြွှာမိန်းကလေးများဖြစ်ကြသည့် မကြာညိုသင်းနှင့် မကြာညိုသိမ့်တို့အား ခွဲစိတ်ကုသမှု(Separation Surgery) ကို ဇွန် ၁၁ ရက် နံနက် ၁၀ နာရီ ၁၀ မိနစ်မှစတင်ကာ စုစုပေါင်း ခွဲစိတ်ချိန် ၉ နာရီ ၃၅ မိနစ်ကြာဆောင်ရွက်၍ ကလေးများ၏ ကျန်းမာရေးအခြေအနေတည်ငြိမ်ကောင်းမွန်မှုကြောင့် အထူးကြပ်မတ်ကုသဌာနတွင် စောင့်ကြည့်ကုသလျက်ရှိသည်။ စာမျက်နှာ ၃ ကော်လံ ၁ သို့ ✻

ပထမအကြိမ် ငှက်ကြည့်ရှုလေ့လာရေး သင်တန်း ဖွင့်လှစ်မည်

ရန်ကုန် ဇွန် ၁၄

သစ်တောသယံဇာတပတ်ဝန်းကျင် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ထိန်းသိမ်းရေးအသင်း (FREDA) ၏ ဗဟိုကော်မတီဝင် ဝါရင့်ပညာရှင် ဆရာဒေါက်တာသိန်းအောင်ကိုယ်တိုင် သင်ကြားပြသပေးမည့် “ပထမအကြိမ် ငှက်ကြည့်ရှုလေ့လာရေးသင်တန်း (Bird Watching Course)” ကို ဇွန်လ နောက်ဆုံးပတ်တွင် ဖွင့်လှစ်မည်ဖြစ်ကြောင်း FREDA မှ သိရသည်။

စာမျက်နှာ ၄ ကော်လံ ၁ သို့ ●

ယနေ့မိုးလေဝသ (၁၅-၆-၂၀၂၆)

နေပြည်တော်နှင့် အနီးတစ်ဝိုက်	မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။
ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်	မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။
မန္တလေးမြို့နှင့် အနီးတစ်ဝိုက်	နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ရာသီဥတုပြောင်းလဲမှုကိုအန်တု သစ်တောသစ်ပင်များစိုက်ပျိုး

မြန်မာနိုင်ငံသည် သစ်တောသစ်ပင်များ၊ မြစ်ချောင်းအင်းအိုင်များ၊ ဇီဝမျိုးစုံမျိုးကွဲများနှင့် သဘာဝအရင်းအမြစ်များပေါများကြွယ်ဝသော ဂေဟစနစ်ကောင်းမွန်သည့် နိုင်ငံဖြစ်သည်။ အဆိုပါဂေဟစနစ်များသည် နိုင်ငံ၏ စားရေရိက္ခာထုတ်လုပ်နိုင်မှု၊ အစိမ်းရောင်စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်မှု၊ သဘာဝပတ်ဝန်းကျင်ကောင်းမွန်ပြီး ရာသီဥတုသမမျှတမှုတို့အတွက် အခြေခံကောင်းများဖြစ်သည်။ ထို့ပြင် သဘာဝဘေးအန္တရာယ်တားဆီးကာကွယ်ရေး၊ ရေနှင့် မြေဆီလွှာထိန်းသိမ်းရေး စသည့်ဝန်ဆောင်မှုများကို စဉ်ဆက်မပြတ်ပံ့ပိုးပေးလျက်ရှိသည်။

မြန်မာနိုင်ငံသည် အာဆီယံဒေသတွင်းနိုင်ငံများထဲတွင် သစ်တောဖုံးလွှမ်းမှုဧရိယာ ဒုတိယအများဆုံးပိုင်ဆိုင်ထားသည့် နိုင်ငံဖြစ်သည်။ ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့၏ ၂၀၂၀ ပြည့်နှစ် အစီရင်ခံစာအရ မြန်မာနိုင်ငံ သစ်တောဖုံးလွှမ်းမှုသည် နိုင်ငံဧရိယာ၏ ၄၂ ဒသမ ၁၉ ရာခိုင်နှုန်းရှိပြီး ၂၀၂၅ ခုနှစ်တွင် ၄၂ ဒသမ ၁၅ ရာခိုင်နှုန်းရှိသည်ဟု သိရသည်။ ၂၀၂၀ ပြည့်နှစ်နှင့်နှင်းယှဉ်ပါက သစ်တောဖုံးလွှမ်းမှုရာခိုင်နှုန်း ဒသမ ၀၄ ရာခိုင်နှုန်း လျော့နည်းသွားသည်ကိုတွေ့ရသဖြင့် သစ်တောပြုန်းတီးမှု လုံးဝရပ်တန့်သွားစေရန် ဆက်လက်ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။ နိုင်ငံတော်အနေဖြင့် သစ်တောဖုံးလွှမ်းမှုကို နိုင်ငံဧရိယာ၏ ၅၀ ရာခိုင်နှုန်းရောက်ရှိအောင် ရည်မှန်းချက်ထားဆောင်ရွက်လျက်ရှိသည်။

မြန်မာနိုင်ငံအပါအဝင် ယနေ့ကမ္ဘာကြီးတွင် ကြုံတွေ့နေရသည့် ရာသီဥတုပြောင်းလဲခြင်း၏ အဓိကအကြောင်းရင်းကို ကြည့်မည်ဆိုလျှင် ရုပ်ကြွင်းလောင်စာအသုံးပြုမှုများလာခြင်း၊ စွမ်းအင်နှင့်စက်မှုလုပ်ငန်းများ ထွန်းကားလာခြင်း၊ သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ တိုးတက်များပြားလာခြင်း၊ သစ်တောများပြုန်းတီးခြင်း၊ လူဦးရေတိုးပွားလာမှုနှင့်အတူ သစ်တောများကို အခြားမြေများအဖြစ် ပြောင်းလဲအသုံးပြုလာခြင်း စသည့်အကြောင်းများကြောင့် လေထုထဲတွင် မှန်လုံအိမ်ဓာတ်ငွေ့ အမြောက်အမြား ပိုမိုထုတ်လွှတ်လာပြီး ရာသီဥတုပြောင်းလဲမှုများဖြစ်ပေါ်လာကာ သဘာဝဘေးအန္တရာယ်အမျိုးမျိုးနှင့် ကြုံတွေ့လာရခြင်းဖြစ်သည်။ နိုင်ငံတကာရာသီဥတုပြောင်းလဲမှုလေ့လာစောင့်ကြည့်ရေးအဖွဲ့အ၏ ၂၀၂၆ ခုနှစ် ရာသီဥတုဘေးဖြစ်နိုင်ခြေအညွှန်းကိန်းအရ မြန်မာနိုင်ငံသည် ထိခိုက်ခံစားမှုအများဆုံး ၁၀ နိုင်ငံတွင် ပါဝင်နေသည်။

ပြီးခဲ့သည့်နွေရာသီက မြန်မာနိုင်ငံအလယ်ပိုင်း မြေလတ်ဒေသများသည် ကမ္ဘာ့အပူချိန် အမြင့်မားဆုံးစာရင်းဝင်နေသည်ကို တွေ့ရမည်ဖြစ်သည်။ အထူးသဖြင့် ယခုနှစ်ကုန်ပိုင်းတွင် အလွန်အားကောင်းသည့် နူပါအယ်လ်နီညိုအဆင့်အထိ ရောက်နိုင်သည်ဟုခန့်မှန်းထားရာ ၂၀၂၆ ခုနှစ်နှင့် ၂၀၂၇ ခုနှစ်တို့သည် ကမ္ဘာ့သမိုင်းတစ်လျှောက်၌ အပူဆုံးနှစ်ဖြစ်လာနိုင်သည်ဟု ခန့်မှန်းထားကြသည်။ ရာသီဥတုပြောင်းလဲမှုနှင့် အယ်လ်နီညိုဖြစ်စဉ် ပေါင်းစပ်သက်ရောက်လာမှုကို ကြုံတွေ့ရပါက မိုးခေါင်ရေရှားခြင်း၊ ပူပြင်းခြောက်သွေ့ခြင်း၊ တောမီးလောင်ကျွမ်းခြင်းများ ဖြစ်ပေါ်လာနိုင်ပြီး စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကုန်းမာရေး၊ စီးပွားရေး စသည့်ကဏ္ဍအသီးသီးအပေါ်တွင် ဆိုးကျိုးသက်ရောက်မှုရှိနိုင်သည့်အတွက် အဘက်ဘက်က ကြိုတင်ပြင်ဆင် ဆောင်ရွက်ထားရန်လိုမည်ဖြစ်သည်။

ကမ္ဘာတစ်ဝန်း ရင်ဆိုင်နေရသည့် ရာသီဥတုပြောင်းလဲမှုနှင့် ပတ်ဝန်းကျင်ဆိုင်ရာပြဿနာများကို ဖြေရှင်းနိုင်ရန် နည်းလမ်းအမျိုးမျိုးရှိသည့်အနက် သစ်ပင်စိုက်ပျိုးခြင်း၊ သစ်တောများထိန်းသိမ်းခြင်းသည် အလွယ်ကူဆုံး၊ ကုန်ကျစရိတ် အသက်သာဆုံးနှင့် လူတိုင်းပါဝင်ဆောင်ရွက်နိုင်သော အလုပ်ဖြစ်သည်။ မြန်မာနိုင်ငံတွင် နိုင်ငံတော်ကဦးဆောင်၍ သစ်ပင်စိုက်ပျိုးခြင်းကို နှစ်စဉ်ပြုလုပ်လျက်ရှိသည်။ အပူပိုင်းဒေသ ၁၃ ခရိုင်တွင် ၂၀၁၆ ခုနှစ် မှ ၂၀၂၅ ခုနှစ်အတွင်း သစ်ပင်ပေါင်းသန်း ၆၀ ကျော် စိုက်ပျိုးခဲ့သည့်အတွက် ယေဘုယျအားဖြင့် ဧကနှစ်သိန်းကျော်နှင့်ညီမျှသည်ဟု သိရသည်။ အဆိုပါကာလအတွင်း မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် သစ်ပင်မျိုးစုံ ၂၆၉ သန်း ရှစ်သိန်းကျော် စိုက်ပျိုးခဲ့သည့်အတွက် ယေဘုယျအားဖြင့် ဧက တစ်သန်းခန့်နှင့်ညီမျှသည်ဟု သိရသည်။ အကြောင်းအမျိုးမျိုးဖြင့် သစ်ပင်ခုတ်လှဲမှုရှိသော်လည်း တစ်ပင်စိုက်တစ်ပင်ရှင် စိုက်ပျိုးမည်ဆိုပါက သစ်တောသစ်ပင်ဆုံးရှုံးမှုကို အပြည့်အဝကာကွယ်ပေးနိုင်မည်ဖြစ်သည်။

၂၀၂၆ ခုနှစ် မိုးရာသီ နိုင်ငံတော်အဆင့် ပထမအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲအခမ်းအနားကို ဇွန် ၁၃ ရက်တွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒဂ္ဂိဏာသီရိမြို့နယ် ပလွေးကြိုးပိုင်းဒွံပြုလုပ်ခဲ့ရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နိုင်ငံတော်သမ္မတကိုယ်တိုင်တက်ရောက်ပြီး သစ်ပင်ဦးဆောင်စိုက်ပျိုးပေးခဲ့သည်။ ရာသီဥတုပြောင်းလဲမှု၊ သဘာဝဘေးအန္တရာယ်ကျရောက်မှုတို့ကို ကြိုတင်ကာကွယ်ရာတွင် အရေးပါသည့်ကဏ္ဍတစ်ခုဖြစ်သည့် နိုင်ငံတစ်ဝန်း သစ်တောဖုံးလွှမ်းမှုတိုးပွားလာစေရေးလုပ်ငန်းများကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် ပိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားကြရန် တိုက်တွန်းအပ်ပါကြောင်း။ ။

လိုင်စင်ပျက်ပြယ် ဧည့်လမ်းညွှန်မွမ်းမံသင်တန်း အမှတ်စဉ် (၁၃) ဖွင့်လှစ်သွားမည်

ရန်ကုန် ဇွန် ၁၄

ဧည့်လမ်းညွှန်လုပ်ကိုင်ခွင့်လိုင်စင် သက်တမ်းတိုးရန် ပျက်ကွက်ခဲ့သဖြင့် လိုင်စင်ဖျက်သိမ်းခံခဲ့ရသော ဧည့်လမ်းညွှန်များအတွက် "လိုင်စင်ပျက်ပြယ် ဧည့်လမ်းညွှန်မွမ်းမံသင်တန်း အမှတ်စဉ် (၁၃)" ကို ဇူလိုင်လအတွင်း ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း ဟိုတယ်၊ ခရီးသွားလာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဟိုတယ်နှင့် ခရီးသွားလာရေးညွှန်ကြားမှုဦးစီးဌာနက အသိပေးထုတ်ပြန်ထားသည်။

အဆိုပါသင်တန်းကို ဇူလိုင် ၁၆ ရက်မှ ၂၅ ရက်အထိ ဖွင့်လှစ်သင်ကြားမည်ဖြစ်ပြီး လိုအပ်သော စာရွက်စာတမ်းများနှင့်အတူ စည်းကမ်းထိန်းသိမ်းရေးနှင့် လေ့ကျင့်ရေးဌာနခွဲ (CTD) သို့ ရုံးချိန်အတွင်း လူကိုယ်တိုင်လာရောက်လျှောက်ထားနိုင်သကဲ့သို့ tts.yangon@gmail.com သို့ အီးမေးလ်ပေးပို့၍လည်း လျှောက်ထားနိုင်ကြောင်း သိရသည်။

ခရီးသွားဧည့်လမ်းညွှန်များအနေဖြင့် နိုင်ငံတော်အစိုးရက တရားဝင်ထုတ်ပေးထားသော ဧည့်လမ်းညွှန်လုပ်ငန်း လုပ်ကိုင်ခွင့်လိုင်စင်ရှိရမည်ဖြစ်ပြီး လိုင်စင်မရှိဘဲ လုပ်ကိုင်ပါက ဟိုတယ်နှင့် ခရီးသွားလာရေးဥပဒေဆိုင်ရာ လုပ်ထုံးလုပ်နည်းများအရ ထောင်ဒဏ် သုံးနှစ်နှင့် ဒဏ်ငွေ ကျပ် ၅၀၀၀၀ အထိ အရေးယူခံရမည်ဖြစ်သည်။

လုပ်ငန်းလိုင်စင်သက်တမ်းကို အခြေခံအားဖြင့် နှစ်နှစ်သက်မှတ်ထားသော်လည်း လုပ်ငန်းခေတ္တအနားယူသွားသော ဧည့်လမ်းညွှန်များအတွက်မူ လေးနှစ် သက်တမ်းအထိ ထပ်မံသက်တမ်းတိုးနိုင်ရန် စီစဉ်ဆောင်ရွက်ပေးထားကြောင်း ဌာန၏ ထုတ်ပြန်ချက်အရ သိရသည်။ လက်ရှိတွင် ဒေသဆိုင်ရာ ဧည့်လမ်းညွှန်သင်တန်းများကို မန္တလေး၊ ပုဂံ၊ တောင်ကြီး၊ ကျိုင်းတုံနှင့် တာချီလိတ်မြို့တို့၌ ဖွင့်လှစ်ပေးလျက်ရှိသည်။

TWA

ပန်းဘဲတန်းမြို့နယ်၌ ငွေစုငွေချေး သမဝါယမအသင်းလီမိတက် နှစ်ပတ်လည်အစည်းအဝေး ကျင်းပ

ပန်းဘဲတန်း ဇွန် ၁၄

ပန်းဘဲတန်းမြို့နယ်တွင် ဂျီအီးစီ (ပညာရေး)ဝန်ထမ်းများ သမဝါယမအသင်းလီမိတက်၏ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို ယမန်နေ့နံနက် ၁၁ နာရီက အထက(၁) ကောရိခန်းမ၌ ကျင်းပရာမြို့နယ်ပညာရေးမှူး ဒေါ်နော်ဥမ္မာတုပ်က သဘာပတိအဖြစ် ဆောင်ရွက်ပြီး အသင်း၏ အမှုဆောင်ဒါရိုက်တာအဖွဲ့အစီရင်ခံစာ၊ အသင်းစာရင်းစစ် အစီရင်ခံစာနှင့် နှစ်ချုပ်ဘဏ္ဍာရေးနှစ်ရှင်းတမ်းများကိုဒါရိုက်တာအဖွဲ့ဝင်ဦးစီးလင်းကဖတ်ကြားတင်သွင်းပြီး အသင်းသား ဒေါ်ခင်မာစီကထောက်ခံအဆိုပြု၍ အသင်းသားများက သဘောတူအတည်ပြုခဲ့ကြသည်။

မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဦးဘုန်းမြင့်လွိုင်က သမဝါယမအသင်းဥပဒေ၊ နည်းဥပဒေများနှင့် အသင်းများဖွဲ့ဖြိုးတိုးတက်စေရန် လုပ်ဆောင်ရမည့် အချက်များကို ရှင်းလင်းပြောကြားပြီး အသင်းသားများအား အစုပေါ်အမြတ်များ ခွဲဝေပေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

အင်အားအနည်းငယ်ရှိသော မြေလျင်တစ်ခု လှုပ်ရှား

နေပြည်တော် ဇွန် ၁၄

ယနေ့ည နေ ၅ နာရီ ၉ မိနစ် ၄၁ စက္ကန့်တွင် ကမ္ဘာအေးမြေလျင်စခန်းမှ အရှေ့-အရှေ့မြောက်ဘက် ၁၅ မိုင်ခန့် ကွာဝေးသော မြန်မာနိုင်ငံပြည်တွင်း (ဒဂုံမြို့သစ်၏ အရှေ့-အရှေ့မြောက်ဘက် ၁၀ မိုင်ခန့်အကွာ) မြောက်လတ္တီတွဒ် ၁၆ ဒသမ ၈၉ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒသမ ၃၈ ဒီဂရီ၊ အနက် ၁၂ ကီလိုမီတာကိုဗဟိုပြု၍ ပမာဏ ၃ ဒသမ ၁ (M) အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေလျင်တစ်ခု လှုပ်ရှားသွားကြောင်း တိုင်းထွာရရှိသည်။

မိုး/ဧလ

လဲချားမြို့၌ ဓာတ်အားလိုင်း ထိန်းသိမ်းပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်

လဲချား ဇွန် ၁၄

ရှမ်းပြည်နယ်(တောင်ပိုင်း) လဲချားမြို့နယ်ဧရိယာအတွင်း ဓာတ်အားပြတ်တောက်မှု လျော့နည်းစေရေးနှင့် လျှပ်စစ်အန္တရာယ် ကင်းရှင်းစေရေးအတွက် ဓာတ်အားလိုင်းများတစ်လျှောက် မလွတ်ကင်းသော သစ်ပင်သစ်ကိုင်းများ၊ ချုံနွယ်များ၊ ခုတ်ထွင်ရှင်းလင်းခြင်း လုပ်ငန်းများကို ဇွန် ၁၃ ရက် နံနက်ပိုင်းက ၁၁ ကေဗွီ ဓာတ်အားလိုင်း ထိန်းသိမ်းပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ရာ လဲချားမြို့နယ်အတွင်းရှိရပ်ကွက်/ကျေးရွာများ ဓာတ်အား ယာယီဖြတ်တောက်ထားကြောင်း၊ ဓာတ်အားပျက်ဧရိယာများရှိ အဓိုးရရုံးဌာနများနှင့် အများပြည်သူဆိုင်ရာနေရာများကို ကြိုတင်အသိပေးထားပြီးလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနမှ သိရသည်။

မြို့နယ်(ပြန်/ဆက်)

■

၁၄ - ၆ - ၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၅၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ ငွေကျပ် ၆၉၅၀၀၀၀ ဖြစ်သည်။**

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

ဖြာမှု

စာတည်းမှူးချုပ်	- ဝင်းနိုင်	အကြီးတန်း	- ခင်မိုမို့အောင်၊
စာတည်းမှူး	- အေဝမ်းစိုး	သတင်းထောက်များ	ခင်မျိုးနိုင်၊ မာဆာစိုး၊
စာတည်းများ	- စန်းအောင်၊ ခင်ခင်သက်၊ ယုဝါဂါ၊ သီသီမင်း၊ ဟိန်းထက်လင်း၊ သက်ထွေး၊ စန်းယဉ်ဌေ၊ နိုင်လင်းကြည်		နိုင်သန္တာရွှေ၊ ခင်ယုဆွေ၊ အိအိမွန်
		အငယ်တန်း သတင်းထောက်များ	- အောင်ကျော်ဦး၊ သန်းတင်အောင် ခင်သက်မွန်၊ မြသီတာ
		သုတေသန	- ဇင်မာဝင့်
		စာပြင်	- ခင်နှင်းယုနှင့်အဖွဲ့
ဘာသာပြန်	- အောင်ကျော်ကျော်၊ စိုးသူရ	စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း	- နိုလာစိုးနှင်းအဖွဲ့
		အီးမေးလ်နှင့် အွန်လိုင်း	- စိုးချစ်ဦးနှင်းအဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
https://www.moi.gov.mm/km

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၂၅
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန္တလေးရုံး - ၀၁-၈၆၁၀၆၈၅၊ စီမံ/ဌေစာရင်း ၀၁-၂၉၁၄၅၅၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁





မြန်မာနိုင်ငံ မိုးကုတ်ရတနာမြေမှ ရွာဖွေတွေ့ရှိသည့် ထူးခြားလှပပြီး အရွယ်အစားကြီးမားသော နီလာအရိုင်းတုံးကြီးနှင့် နီလာပုံဆောင်ခဲတို့ကို တွေ့ရစဉ်။

❍ ရှေ့ဖုံးမှ

အဆိုပါ နီလာအရိုင်းတုံးကြီးနှင့် နီလာပုံဆောင်ခဲတို့ကို ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံနိုင်ငံတော်သမ္မတဦးမင်းအောင်လှိုင်က ယနေ့နံနက်ပိုင်းတွင် နိုင်ငံတော်သမ္မတရုံးတော် ညှိနှိုင်းမဆောင်၌ ကြည့်ရှုစစ်ဆေးသည်။

ထိုသို့ ကြည့်ရှုစစ်ဆေးရာသို့ ဒုတိယသမ္မတများ ဖြစ်ကြသည့် ဦးညီစောနှင့် ဒေါ်နန်းနီနီအေး၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ဇီ၊ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ဦးအောင်လင်းဌေး၊ နိုင်ငံတော်သမ္မတရုံး ပြည်ထောင်စုဝန်ကြီးဦးခင်မောင်ဇီ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးခင်လတ်ကြီးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်သမ္မတရုံး ပြည်ထောင်စုဝန်ကြီးနှင့် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးတို့က နီလာအရိုင်းတုံးကြီးနှင့် နီလာပုံဆောင်ခဲတို့၏ အချက်အလက်များနှင့်ပတ်သက်၍ နိုင်ငံတော်သမ္မတနှင့် တက်ရောက်လာကြသူများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့် အခမ်းအနားတက်ရောက်လာကြသူများသည် နီလာအရိုင်းတုံးကြီးနှင့် နီလာပုံဆောင်ခဲတို့အား ကြည့်ရှုစစ်ဆေးကြသည်။

ယခင် ၂၀၀၉ ခုနှစ်တွင် အလေးချိန် ၁၁၈၇၇ ဂရမ် (၅၉၃၈၅ ကရက်) ရှိသော နီလာအရိုင်းတုံးကို ရွာဖွေတွေ့ရှိခဲ့ပြီး ယခုနီလာအရိုင်းတုံးကြီးသည် အလေးချိန် ၈၆၃၀၀ (ကရက် ၇၁၅၀၀) ရှိသဖြင့် အရွယ်အစားကြီးမားသောကြောင့် ရွာဖွေတွေ့ရှိရန် ခက်ခဲပြီးရှားပါးကြောင်း၊ အပြာရင့်ရောင်ဖြစ်ပြီး အလင်းပေါက်မှ အနေဖြင့် အလင်းမှန်အဆင့်ရှိပြီး ပြုပြင်ထားခြင်းမရှိသော သဘာဝ အတိုင်းရှိသည့် နီလာအရိုင်းတုံး ကြီးဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

✻ ကလေးဆေးရုံကြီးမှ

အဆိုပါ ကလေးငယ်များသည် ပခုက္ကူမြို့နေ အသက် (၃၁)နှစ်အရွယ် မိခင်မှ ဒုတိယမြောက် ကိုယ်ဝန်အဖြစ် ဗဟိုအမျိုးသမီးဆေးရုံကြီး (မန္တလေး) သို့ ၂၀၂၄ ခုနှစ် ဇန်နဝါရီ ၈ ရက်တွင် လာရောက်ခွဲစိတ်မွေးဖွားခဲ့ခြင်းဖြစ်ပြီး မွေးဖွားပြီးချိန်မှစ၍ ခုတင်-(၅၅၀) ဆံ့ ကလေးဆေးရုံကြီး(မန္တလေး)တွင် ထားရှိကာ အသက် (၆)လ အရွယ်တွင် ခုတင်(၅၅၀) ဆံ့ ကလေးဆေးရုံကြီး - ရန်ကုန် (ရန်ကင်း)၌ ထားရှိပြီး ပြုစုစောင့်ရှောက်ပေးခဲ့သည်။

ထိုသို့ ပြုစုစောင့်ရှောက်ချိန်တစ်လျှောက်တွင် ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ မန္တလေးနှင့် ရန်ကုန်မှ ဆေးရုံအုပ်ကြီးများ၊ ကလေးအထူးကုဆရာဝန်ကြီးများ၊ မေ့ဆေးအထူးကုဆရာဝန်ကြီးများ၊ ခွဲစိတ်အထူးကုဆရာဝန်ကြီးများ၊ အငြိမ်းစားဆေးပညာရှင်ကြီးများ ပါဝင်သောအဖွဲ့ဖြင့် စဉ်ဆက်မပြတ် စောင့်ကြပ်ကြည့်ရှုညှိနှိုင်းဆောင်ရွက်ခဲ့သည်။

၂၀၂၆ ခုနှစ် ဇန်နဝါရီလတွင် ခွဲစိတ်ကုသမှုဆောင်ရွက်မည့် ကလေးဆေးရုံကြီး (ရန်ကုန်)၌ ပြောင်းရွှေ့၍ လိုအပ်သည်များပြင်ဆင်ခဲ့ပြီး ဇွန် ၁၁ ရက်တွင် ကျန်းမာရေးဝန်ကြီးဌာန၏ လမ်းညွှန်ပံ့ပိုးမှု၊



ကလေးဆေးရုံကြီး(ရန်ကုန်)မှ ဆေးရုံအုပ်ကြီး ဒေါက်တာအောင်ထွန်းဦး၏ ဦးဆောင်စီမံခန့်ခွဲမှုဖြင့် ခွဲစိတ်ကုသမှုအဖွဲ့(၁)တွင် ကလေးဆေးရုံကြီး(ရန်ကုန်)မှ ကလေးခွဲစိတ် အထူးကုဆရာဝန်ကြီး ပါမောက္ခ ဒေါက်တာညီညိုဝင်းနှင့် ရန်ကုန်ပြည်သူ့ဆေးရုံကြီး မေ့ဆေးပညာဌာနမှ ပါမောက္ခ/ဌာနမှူး ပါမောက္ခ ဒေါက်တာဖုန်းမြင့် ခေါင်းဆောင်သောအဖွဲ့၊ ခွဲစိတ်ကုသမှု အဖွဲ့(၂)တွင် ခုတင်(၅၅၀) ဆံ့ ကလေးဆေးရုံကြီး (မန္တလေး) မှ ပါမောက္ခ ဒေါက်တာမြမြလှိုင်နှင့် မြောက်ဥက္ကလာပ ပြည်သူ့ဆေးရုံကြီး မေ့ဆေးပညာဌာနမှ ပါမောက္ခ/ဌာနမှူး ပါမောက္ခ ဒေါက်တာမြစိုး ခေါင်းဆောင်သောအဖွဲ့၊ ပါမောက္ခ/ဌာနမှူး (ကလေးကျန်းမာ) ပါမောက္ခ ဒေါက်တာသဇင်မွန် ခေါင်းဆောင်သော ကလေးဆေးရုံကြီး(ရန်ကုန်)နှင့် ခုတင်(၅၅၀) ဆံ့ ကလေးဆေးရုံကြီး - ရန်ကုန် (ရန်ကင်း)တို့မှ ကလေးအထူးကုအဖွဲ့၊ သူနာပြုအုပ် ဒေါ်မိုးယုယုခိုင် ခေါင်းဆောင်သော သူနာပြုများအဖွဲ့နှင့် အငြိမ်းစား ကလေးခွဲစိတ်အထူးကု ဆရာဝန်ကြီးများ၊ ဆေးတက္ကသိုလ်(၁) ရန်ကုန်မှ ပါမောက္ခ/ဌာနမှူး (ခွဲစိတ်) ပါမောက္ခဒေါက်တာမိုးမိုးတင်၊ ပါမောက္ခ/ဌာနမှူး (နှလုံးနှင့် သွေးကြောခွဲစိတ်) ပါမောက္ခဒေါက်တာဝင်းဝင်းကျော်နှင့် ပါမောက္ခ/ဌာနမှူး (အသည်းခွဲစိတ်) ပါမောက္ခ ဒေါက်တာစိုင်းအောင်ညွှန့်ဦးတို့ အားလုံးစုပေါင်းအင်အားဖြင့် ခွဲစိတ်ကုသမှုကို အောင်မြင်စွာဆောင်ရွက်နိုင်ခဲ့သည်။

မြန်မာနိုင်ငံအနေဖြင့် ကလေးဆေးရုံကြီး (ရန်ကုန်)တွင် ယခုခွဲစိတ်ကုသမှုအပါအဝင် ရင်ချင်းဆက်အခြွာ ခွဲစိတ်ကုသမှု ကိုးကြိမ်၊ ကလေးဆေးရုံကြီး (မန္တလေး)တွင် သုံးကြိမ်ကို ပြည်ပပညာရှင်များပါဝင်ခြင်းမရှိဘဲ ပြည်တွင်းမှ ဆေးပညာရှင်များဖြင့် ခွဲစိတ်ကုသမှုပေးနိုင်ခဲ့ကြောင်း သိရသည်။**သတင်းစဉ်**

❖ သီရိမင်္ဂလာဈေးမှ

သီရိမင်္ဂလာဈေးသည် ရန်ကုန်မြို့အပါအဝင် ဒေသအသီးသီးသို့ သီးနှံထွက်ကုန်များ လက်လီ၊ လက်ကားဖြန့်ဖြူးပေးရာ နေရာဖြစ်သည့်အတွက် ဈေးမှ နေ့စဉ် စွန့်ပစ်အမှိုက် တန် ၈၀ မှ တန် ၁၀၀ အတွင်း ထွက်ရှိပြီး အဆိုပါ စွန့်ပစ်အမှိုက်များကို ဈေးအတွင်း၌ ခြံဝင်းခတ်၍ အီးအမ်ဘိုကာရှိ သဘာဝမြေဩဇာအဖြစ် ထုတ်လုပ်လျက်ရှိရာ စွန့်ပစ်အမှိုက်များကို သဘာဝမြေဩဇာအဖြစ် ပြန်လည်သုံးစွဲမှုကြောင့် ဈေးမှလှိုင်သာယာမြို့နယ် ထိန်ပင်အမှိုက်ပုံသို့ စွန့်ပစ်အမှိုက် ပို့ဆောင်မှုသည်လည်း ထက်ဝက်နီးပါး လျော့ကျသွားကြောင်းသိရသည်။



သဘာဝမြေဩဇာ အီးအမ်ဘိုကာရှိထုတ်လုပ်သည့် မြေဩဇာကန်များကိုတွေ့ရစဉ်။

"သီးနှံဈေးဖြစ်တဲ့ အတွက် နေ့စဉ်ထွက်ရှိတဲ့ စွန့်ပစ်အမှိုက်ကို သဘာဝမြေဩဇာအဖြစ် အကျိုးရှိစွာ ပြန်လည်အသုံးပြုနိုင်အောင် ထုတ်လုပ်နေပါတယ်။ ရက်တိုတို နဲ့ ဆွေးမြည့်လွယ်ပြီး မြေဆွေးရလွယ်တဲ့ ဂေါ်ဖီနဲ့ သီးနှံတွေကို အသုံးပြုတာများပါတယ်။ သီရိမင်္ဂလာဈေးကနေ တစ်ရက်ကို စွန့်ပစ်အမှိုက် တန်ချိန် ၈၀ ကနေ ၁၀၀ အထိ စွန့်ပစ်ရပြီးတော့ အခုလို သဘာဝမြေဩဇာထုတ်လုပ်မှုကြောင့် အမှိုက်ပို့ဆောင်စွန့်ပစ်ရမှု လျော့ကျသွားတယ်။ တစ်ဖက်မှာလည်း စိုက်ပျိုးရေးကို အကျိုးပြုတဲ့ သဘာဝမြေဩဇာရရှိတယ်" ဟု မရမ်းကုန်းခရိုင် ဈေးများနှင့်ကုန်စည်ပွဲရုံများ ဌာနမှ ဌာနခွဲမှူး ဦးဝေလင်းက ပြောသည်။

သီရိမင်္ဂလာဈေးမှ ထွက်ရှိသော သဘာဝမြေဩဇာကို မင်္ဂလာဒုံနှင့် မော်ဘီမြို့နယ်တို့ရှိ နှင်းဆီခြံ၊ စံပယ်ခြံများတွင် အသုံးပြုနေသည့်အပြင် ရန်ကုန်မြို့ ဈေးများရှိ စိုက်ခင်းနှင့် ပန်းခြံများ၊ ငွေနှင်းမှိုစိုက်ပျိုးမှုများတွင် အသုံးပြုလျက်ရှိကြောင်း သိရသည်။

သတင်း - သစ္စာ(mna)
ဓာတ်ပုံ - ဇွဲမာန်

✻ မြန်မာ့ကမ်းလွှန်မှ

မြန်မာနိုင်ငံတွင် လက်ရှိဆောင်ရွက်နေသည့် ကမ်းလွှန်စီမံကိန်းလေးခုကို ဖော်ဆောင်နိုင်ခဲ့သည့်အတွက် နိုင်ငံတော်၏လျှပ်စစ်ဓာတ်အား ထုတ်လုပ်မှု၊ ဓာတ်မြေဩဇာထုတ်လုပ်မှု အပါအဝင် စက်မှုကုန်ထုတ်လုပ်ငန်းများတွင် သဘာဝဓာတ်ငွေ့များကို အသုံးပြုလျက်ရှိရာ နိုင်ငံတော်၏စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို များစွာအထောက်အကူပြုလျက်ရှိသည်။

ယခုအခါစီမံကိန်းအသစ်လေးခုကို ထပ်မံဖော်ဆောင်နိုင်ရန် စီမံဆောင်ရွက်လျက်ရှိပြီး ယင်းစီမံကိန်းလေးခုအနက် ဧရာဝတီကမ်းလွန်ဒေသတွင် ဖော်ဆောင်နေသည့် စီမံကိန်းနှင့် တနင်္သာရီကမ်းလွန်ဒေသတွင် ဖော်ဆောင်နေသည့်စီမံကိန်းတို့သည် ဓာတ်ငွေ့သိုက်ပမာဏကြီးမားပြီး အလားအလာကောင်းသော စီမံကိန်းများဖြစ်သည်။

ဧရာဝတီကမ်းလွန်ဒေသလုပ်ကွက် စီမံကိန်းသည် ဧရာဝတီကမ်းလွန်ဒေသ ရေနက်ကမ်းလွန်ပိုင်းတွင်တည်ရှိပြီး အစမ်းတွင်းနှင့် အတည်ပြုတွင်းများတူးဖော်၍ ရာနှုန်းပြည့်သေချာမှုရှိသည့် သဘာဝဓာတ်ငွေ့ ၁၄ ထရီလီယံကုဗပေအထိ ထွက်ရှိရုံရန် အလားအလာရှိသော ဓာတ်ငွေ့သိုက်ဖြစ်ပြီး စီးပွားဖြစ်ထုတ်လုပ်နိုင်ရေးအတွက် လုပ်ငန်းစဉ်များ ဆောင်ရွက်လျက်ရှိသည်။

တနင်္သာရီကမ်းလွန်ဒေသလုပ်ကွက်သည် တနင်္သာရီကမ်းလွန်ဒေသ ရေနက်ကမ်းလွန်ပိုင်းတွင်တည်ရှိပြီး သဘာဝဓာတ်ငွေ့သိုက်ဟု အတည်ပြုထားကာ သေချာမှု ၉၀ ရာခိုင်နှုန်း(P 90) ပမာဏ ၉၅ ထရီလီယံကုဗပေခန့်ရှိသည်။ အစမ်းတွင်းများ ဆက်လက်တူးဖော်မည်ဖြစ်ရာ ဓာတ်ငွေ့ခိုအောင်းနေမှုပမာဏကို တိကျသေချာစွာသိရှိပါက စီးပွားဖြစ်တူးဖော်ထုတ်လုပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

ပြည်ထောင်စုအတိုင်ပင်ခံကောင်စီဝင် ဒေါ်ခြဲဘူ မြစ်ကြီးနားမြို့ ရွေးနုတ်ကယ်တင်ခြင်း ယာယီတိမ်းရှောင်စခန်း၌ စခန်း(၉)ခုမှ အိမ်ထောင်စုများအား တွေ့ဆုံအားပေးထောက်ပံ့

မြစ်ကြီးနား ဇွန် ၁၄

ပြည်ထောင်စု အတိုင်ပင်ခံကောင်စီဝင် ဒေါ်ခြဲဘူသည် ပြည်နယ် ဝန်ကြီးများနှင့်အတူ ယနေ့မွန်းလွဲပိုင်းတွင် မြစ်ကြီးနားမြို့ မန်ခိန်ရပ်ကွက် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနပိုင် မြေဧရိယာအတွင်း ယာယီတိမ်းရှောင်စခန်းများ ဖွင့်လှစ်၍ ခိုလှုံနေထိုင်လျက်ရှိသည့် စခန်း(၉)ခုမှ အိမ်ထောင်စုများအား ရွေးနုတ်ကယ်တင်ခြင်း ယာယီတိမ်းရှောင်စခန်း ခန်းမဆောင်၌ တွေ့ဆုံအားပေး ထောက်ပံ့သည်။



ထောက်ပံ့ပေးအပ်

ထိုသို့တွေ့ဆုံစဉ် ပြည်ထောင်စုအတိုင်ပင်ခံ ကောင်စီဝင်က ငြိမ်းချမ်းရေးနှင့် နေရပ်ပြန်နိုင်ရေးအတွက် နိုင်ငံတော်အစိုးရ၏ ငြိမ်းချမ်းရေး ဖော်ဆောင်ရေး လုပ်ငန်းစဉ်များတွင် အားလုံး ဝိုင်းဝန်းပူးပေါင်းကြရန် လိုအပ်ကြောင်းပြောကြားပြီး ပြည်နယ်အစိုးရအဖွဲ့၏ အစီအစဉ်ဖြင့် ဝိုင်းမော်၊ ချီဖွေ၊ မန်းမော်မြို့နယ်တို့မှ ခိုလှုံနေထိုင်လျက်ရှိသည့် စခန်း(၉)ခုမှ အိမ်ထောင်စု ၆၀၉စု အတွက် ဆန် ၂၄ ပြည်ပါ အိတ် ၂၀၀ ကို ထောက်ပံ့ပေးအပ်ရာ တာဝန်ခံတစ်ဦးက ကျေးဇူးတင်စကားပြောကြား၍ စခန်းနေမိသားစုများ၏ လိုအပ်ချက်များကို တင်ပြသည်။

တင်ပြချက်များ အပေါ် ပြည်ထောင်စု အတိုင်ပင်ခံကောင်စီဝင်က လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

ပေါင်းတည်မြို့နယ်၌ လူငယ်စကားဝိုင်း ကျင်းပ



ပေါင်းတည် ဇွန် ၁၄

ပဲခူးတိုင်းဒေသကြီး ပေါင်းတည်မြို့နယ်တွင် ဇွန် ၁၂ ရက်က အခြေခံပညာအထက်တန်းကျောင်း(ပေါင်းတည်)၌ လူငယ်စကားဝိုင်း ကျင်းပသည်။

ပြန်လည်ဖြေကြား

ဦးစွာ ဒုတိယမြို့နယ်ပညာရေးမှူး ဦးကိုကိုဦးနှင့် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အေးဆုစံတို့က အမှာစကားများပြောကြားပြီး လူငယ်စကားဝိုင်းကို ကျင်းပရာ အထက (ပေါင်းတည်)Grade–11(A)မှ မခင်အိန္ဒြာမင်းက လူငယ် နှင့် ပညာသင်ကြားခြင်း၊ Grade–10(A)မှ မဖြိုးပြည့်ပြည့်ကျော်က လူငယ်နှင့် အောင်မြင်မှုနည်းလမ်းများ၊ Grade–9မှ မသဲသိမ့်သိမ့်သူက လူငယ်နှင့်လူမှုကွန်ရက်၊ Grade–12(A)မှ မယွန်းနန္ဒာဝေက လူငယ်နှင့် ခေတ်မီမူးယစ်ဆေးအန္တရာယ်အကြောင်းတို့ကို ဦးဆောင်ဆွေးနွေးကြပြီး တက်ရောက်လာကြသည့် ကျောင်းသား ကျောင်းသူများက သိရှိလိုသည်များကို မေးမြန်းကြရာ ဦးဆောင်ဆွေးနွေးသူများက ပြန်လည်ဖြေကြား ပေးခဲ့ကြကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

မိုင်းရှားမြို့၌ မြို့မဈေး ငွေစုငွေချေးသမဝါယမအသင်း လိမိတက် အရပ်ရပ်ဆိုင်ရာအစည်းအဝေး ကျင်းပ

မိုင်းရှား ဇွန် ၁၄

ရှမ်းပြည်နယ်(တောင်ပိုင်း) မိုင်းရှားမြို့နယ်၌ မြို့မဈေးငွေစုငွေချေးသမဝါယမအသင်းလိမိတက် ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်အတွက် အရပ်ရပ်ဆိုင်ရာအစည်းအဝေးကို ယနေ့နံနက် ၉ နာရီက အမှတ်(၂) ရပ်ကွက် သမဝါယမအသင်းရုံးခန်းမ၌ ကျင်းပရာ ဈေးသမဝါယမဥက္ကဋ္ဌ ဦးဝင်းဇော်က သဘာပတိအဖြစ်ဆောင်ရွက်ပြီး မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဇာနည်နွယ်က အမှာစကားပြောကြားသည်။

ထို့နောက် မြို့မဈေးသမဝါယမအသင်း အုပ်ချုပ်မှုဒါရိုက်တာဦးဇော်ဝင်းက ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်အတွက် ဒါရိုက်တာအဖွဲ့ အစီရင်ခံစာနှင့် ဘဏ္ဍာရေးရှင်းတမ်းများကို ဖတ်ကြားရာ သဘာပတိက အတည်ပြုပေးခဲ့ပြီး ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်အတွက် စုဆောင်းငွေကျပ် ၈၆၁၃၉၀၀၀ အပေါ် အတိုးနှင့်အစုပေါ်အမြတ်ငွေကို တာဝန်ရှိသူများက အသင်းသား ၂၈၉ ဦးထံ ပေးအပ်သည်။

အခမ်းအနားတွင် သမဝါယမဦးစီးဌာနမှ ဝန်ထမ်းများ၊ ဒါရိုက်တာအဖွဲ့ဝင်များနှင့် အသင်းသား အသင်းသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

မိုင်းရှား(ပြန်/ဆက်)



မကွေးမြို့နယ်၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

မကွေး ဇွန် ၁၄

မကွေးမြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလမ်း/တံတား တည်ဆောက်ခြင်းလုပ်ငန်းများကို ဇွန် ၁၂ ရက်က မကွေးတိုင်းဒေသကြီး ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ တာဝန်ရှိသူများသည် လွန်ခြတ်ကန်ကျေးရွာအုပ်စု ကန်သစ်ကျေးရွာ လုပ်ငန်းခွင်သို့ သွားရောက်ကွင်းဆင်းစစ်ဆေးသည်။

မကွေးခရိုင် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ) ဦးသိန်းထွန်းဦးနှင့် မကွေးမြို့နယ် ဦးစီးအရာရှိ(မြို့ပြ)တို့က မကွေး-ရေနံချောင်းလမ်းမှ ကန်သစ်ကျေးရွာလမ်းပေါ်၌ တိုင်းဒေသကြီးခွင့်ပြုရန်ပုံငွေကျပ် ၃၇ ဒသမ ၅၀ သန်းဖြင့် ဆောင်ရွက်လျက်ရှိသည့် ကွန်ကရစ်ရေကျော်တစ်စင်း တည်ဆောက်ခြင်းလုပ်ငန်း၊ တိုင်းဒေသကြီး ခွင့်ပြုရန်ပုံငွေကျပ် ၂၆ သန်းဖြင့် ကျောက်ကြီးစီကမ်းကပ်ခုံနှင့် သံကူကွန်ကရစ်ကြမ်းခင်း Box Culvert နှစ်စင်း တည်ဆောက်နေမှုနှင့် တိုင်းဒေသကြီးခွင့်ပြုရန်ပုံငွေကျပ် ၁၉ သန်းဖြင့် ဆောင်ရွက်လျက်ရှိသည့် ကျောက်ကြီးစီကမ်းကပ်ခုံနှင့် သံကူကွန်ကရစ်ကြမ်းခင်း Box Culvert တစ်စင်း တည်ဆောက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြရာ ညွှန်ကြားရေးမှူး (မြို့ပြ) ဦးဝင်းမိုးထိုက်နှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို လမ်းညွှန်မှာကြားခဲ့သည်။ အဆိုပါ လုပ်ငန်းများအား ဇွန် ၂ ရက်မှ စတင်ဆောင်ရွက်ခဲ့ပြီး ယခုအချိန်တွင် လုပ်ငန်းများအားလုံး ဆောင်ရွက်ပြီးစီးပြီဖြစ်ပါ၍ ကျေးရွာငါးရွာ၊ အိမ်ခြေ ၁၂၅၊ လူဦးရေ ၅၆၇၈ ဦးတို့၏ လူနေစီးပွားဘဝတိုးတက်ကောင်းမွန်လာမည်ဖြစ်ကြောင်း သိရသည်။

မောင်ခိုင်မင်း(ပြန်/ဆက်)




● **ပထမအကြိမ်မှ**

ငှက်ပါသနာရှင်များနှင့် သဘာဝပတ်ဝန်းကျင် ချစ်မြတ်နိုးသူများအတွက် တက်ရောက်နိုင်မည့် အဆိုပါ သင်တန်းမှာ သင်တန်းကာလအနေဖြင့် ဇွန် ၂၇ ရက်၊ ၂၈ ရက်၊ ဇူလိုင် ၄ ရက်၊ ၅ ရက်တွင် ညနေ ၇ နာရီမှ ည ၉ နာရီအထိ (Zoom Class)သင်ကြားပေးမည်ဖြစ်သည်။

ထို့နောက် လက်တွေ့ကွင်းဆင်းလေ့လာခြင်းအနေဖြင့် လှော်ကားသဘာဝဥယျာဉ်နှင့် တိုင်းရင်းသားကျေးရွာများသို့ နေ့ချင်းပြန်နှစ်ရက်သွားရောက် လေ့လာမည်ဖြစ်ပြီး ဇူလိုင်လဒုတိယပတ်အတွင်း သွားရောက်ရန်လျာထားကာ မိုးလေဝသအခြေအနေပေါ်မူတည်၍ သွားမည့်နေ့ရက် အပြောင်းအလဲ အနည်းငယ်ရှိနိုင်ကြောင်း သိရသည်။

သင်တန်းတွင် စာတွေ့သာမက လက်တွေ့ကွင်းဆင်းလေ့လာခြင်းများ ပါဝင်မည်ဖြစ်သောကြောင့် ငှက်မျိုးစိတ်များ အကြောင်းကို စနစ်တကျနှင့် ပျော်ရွှင်စွာ လေ့လာခွင့်ရရှိမည်ဖြစ်ကြောင်း လည်း သိရသည်။ နေ့လယ်စာကျွေးမွေးမည်ဖြစ်ပြီး သင်တန်းကြေးငွေကျပ်နှစ်သိန်းကို (K-Pay) Account Name – WAR WAR KHINE, ဖုန်း ၀၉-၄၄၅၅၄၄၃၃၂သို့ စာရင်းပေးသွင်းနိုင်ကာ zoom link ကို သင်တန်းမစတင်မီ ငါးရက်အလို ID/Passcode ကို ချပေးမည်ဖြစ်ကြောင်း ဖရီဒါ အသင်းမှ သိရသည်။

MT



သစ်တော သယံဇာတ ပတ်ဝန်းကျင် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ထိန်းသိမ်းရေးအသင်း (FREDA) မှ ထုတ်ပြန်သည့် ငှက်ကြည့်ခြင်း အကျိုးကျေးဇူးများ ရုပ်ပုံကားချပ်ကို တွေ့ရစဉ်။

စာအုပ်စာပေ လူ့မိတ်ဆွေ ❖ စာပေမြင့်မှ လူမျိုးတင့်မည်

သူနာပြု/သားဖွားဒီပလိုမာ အောင်လက်မှတ်အပ်နှင်းပွဲ ကျင်းပ

ရန်ကုန် ဇွန် ၁၄

ကျန်းမာရေး ဝန်ကြီးဌာန ကျန်းမာရေးလူ့စွမ်းအား အရင်းအမြစ်ဦးစီးဌာန သူနာပြုသိပ္ပံနှင့် သူနာပြု သင်တန်းကျောင်းများ၏ သူနာပြု/သားဖွား ဒီပလိုမာ အောင်လက်မှတ် အပ်နှင်းပွဲကို ယနေ့နံနက်ပိုင်းက မြန်မာ ကွန်ပင်းရှင်းစင်တာ (MCC)၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးအောင်နိုင်သူ၊ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးကျော်ကျော်စိုး၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ သင်တန်းဆင်း သစ်လွင်သူနာပြုများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အောင်လက်မှတ် အပ်နှင်းပွဲတွင် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးအောင်နိုင်သူက အဖွင့်အမှာစကားပြောကြားပြီး အခမ်းအနားအတွက် ဂုဏ်ပြုချီးမြှင့်ငွေများကို ပေးအပ်သည်။

ထို့နောက် ရန်ကုန်တက္ကသိုလ် အပန်းဖြေရိပ်သာခန်းမ၌ ကျင်းပသည့် ၂၀၂၅-၂၀၂၆ ပညာသင်နှစ် တက္ကသိုလ်ဒီဂရီကောလိပ်ပေါင်းစုံ (ရန်ကုန်ဇုန်) အမျိုးသား အမျိုးသမီး ဘောလုံးပြိုင်ပွဲ၊ ဘော်လီဘောပြိုင်ပွဲနှင့် ဖူဆယ်ပြိုင်ပွဲ ဖွင့်ပွဲကို တက်ရောက်ပြီး ပြိုင်ပွဲများနှင့် ဘင်ခရာအဖွဲ့တို့ အတွက် ဂုဏ်ပြုချီးမြှင့်ငွေများကို ပေးအပ်သည်။

ကြည့်ရှုအားပေး

ယင်းနောက် အမျိုးသား ဘော်လီဘောပြိုင်ပွဲ ပွဲစဉ်အဖြစ် အမျိုးသားစီမံခန့်ခွဲမှုပညာဒီဂရီ ကောလိပ်အသင်းနှင့် ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်အသင်းတို့၏ ယှဉ်ပြိုင်မှုကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

ဇွဲထက်ကို(ပြန်/ဆက်)





မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဝင်းသန်း ကမ္ဘာ့သွေးလှူရှင်များနေ့ အထိမ်းအမှတ် စုပေါင်းသွေးလှူဒါန်းပွဲ တက်ရောက်

မော်လမြိုင် ဇွန် ၁၄

မြန်မာနိုင်ငံ ကြက်ခြေနီအသင်း မွန်ပြည်နယ် ကြက်ခြေနီကိုးကြပ်မှုကော်မတီတို့မှ ကမ္ဘာ့သွေးလှူရှင်များနေ့အထိမ်းအမှတ် စုပေါင်းသွေးလှူဒါန်းပွဲကို မော်လမြိုင်မြို့ အထွေထွေရောဂါကု ပြည်သူ့ဆေးရုံကြီး သွေးလှူဘာဏ်၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဝင်းသန်း ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌနှင့် ပြည်နယ်ဝန်ကြီးများသည် စုပေါင်းသွေးလှူဒါန်းပေးကြသည့် မွန်ပြည်နယ် ကြက်ခြေနီအသင်း၊ တပ်ဖွဲ့ဝင်များအား ဆရာဝန်ကြီးများ၊ သူနာပြုများ၊ ကျန်းမာရေးဝန်ထမ်းများက ကျန်းမာရေးစစ်ဆေးခြင်းနှင့် စုပေါင်းသွေးလှူဒါန်းနေခြင်းတို့ကိုကြည့်ရှုအားပေးပြီးအားဆေးများ၊ ကြက်ဥနှင့်အာဟာရဖြည့်စွက်စာများ ပေးအပ်သည်။

ယင်းနောက် မော်လမြိုင်မြို့ အထွေထွေရောဂါကု ပြည်သူ့ဆေးရုံအုပ်ကြီးက စုပေါင်းသွေးလှူဒါန်းပေးခြင်းအတွက် ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ပြီး ပြည်နယ်ဝန်ကြီးချုပ်က စုပေါင်းသွေးလှူဒါန်းပေးကြသူများအား အားပေးစကားပြောကြားကာ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

ပျဉ်းမနားမြို့နယ်၌ တိုင်းရင်းဆေးဖြင့် အခမဲ့ ကျန်းမာရေးစောင့်ရှောက်မှုပေး

နေပြည်တော် ဇွန် ၁၄

နေပြည်တော်တိုင်းရင်းဆေးရုံကြီး ကွင်းဆင်းဆေးကုသရေးအဖွဲ့မှ ပျဉ်းမနားမြို့နယ်အတွင်းရှိ ပြည်သူများအား တိုင်းရင်းဆေးဖြင့် အခမဲ့ ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းကို ယနေ့နံနက်ပိုင်းတွင် ကင်ပွန်းတန်းကျေးရွာအုပ်စု သဲကျွန်းကျေးရွာ ဓမ္မာရုံ၌ ဆောင်ရွက်ခဲ့သည်။ ပျဉ်းမနားခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးနေဦး၊ နေပြည်တော်တိုင်းရင်းဆေးရုံကြီးမှ ဒုတိယဆေးရုံအုပ်ကြီး ဦးလှမော်နှင့် တာဝန်ရှိသူများက ကျန်းမာရေးစောင့်ရှောက်မှု လာရောက်ခံယူကြသည့် ကျေးရွာနေပြည်သူများအား ကြည့်ရှုအားပေးကြသည်။

ရှင်းလင်းဟောပြော

ထိုသို့ ကျန်းမာရေးစောင့်ရှောက်မှုပေးရာတွင် နေပြည်တော်တိုင်းရင်းဆေးရုံကြီးမှ ဆရာ ဆရာမများက သွေးတိုး၊ ဆီးချို ဒူးနာ၊ ခါးနာ၊ အာရုံကြောရောဂါများ၊ အဆစ်ရောင်၊ လေးဘက်နာ၊ ခေါင်းမူး၊ ခေါင်းကိုက်၊ အကြောတက်၊ ကိုက်ခဲ၊ လေဖြတ်၊ လေငန်းရောဂါ၊ ထုံနာကျင်နာစသည့် ရောဂါများကို ကုသပေးခဲ့ပြီး တိုင်းရင်းဆေးပညာ အကြောင်း သိကောင်းစရာများနှင့် နေပြည်တော်တိုင်းရင်းဆေးရုံကြီးတွင် ကုသဆောင်ရွက်ပေးနေမှုအခြေအနေများကို ရှင်းလင်းဟောပြောခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



ပြည်မြို့၌ ကျန်းမာရေးဝန်ကြီးဌာန အထူးကုဆေးကုသရေးအဖွဲ့ ကွင်းဆင်းဆေးကုသမှုများ ဆောင်ရွက်

နေပြည်တော် ဇွန် ၁၄

မြောက်ဥက္ကလာပ ပြည်သူ့ဆေးရုံကြီးနှင့် သဃ်နိုးကျွန်း ပြည်သူ့ဆေးရုံကြီးတို့မှ ပါမောက္ခ/အထူးကုဆရာဝန်ကြီး ၁၂ ဦး ပါဝင်သည့် အထူးကုဆေးကုသရေးအဖွဲ့သည် ပြည်မြို့ ပြည်သူ့ဆေးရုံကြီးမှ အထူးကုဆရာဝန်ကြီးများနှင့်အတူ ဇွန် ၁၃ ရက်နှင့် ၁၄ ရက်တို့တွင် ဒေသခံပြည်သူများအား ကွင်းဆင်းဆေးကုသမှုများ ဆောင်ရွက်ပေးခဲ့သည်။

ထိုသို့ ဆောင်ရွက်ရာတွင် နှလုံးရောဂါ ဆိုင်ရာလူနာ ၂၂၄ ဦး၊ အစာအိမ်နှင့် အူလမ်းကြောင်းဆိုင်ရာလူနာ ၁၄၉ ဦး၊ ဦးနှောက်နှင့် အာရုံကြောဆေးကုသမှုဆိုင်ရာလူနာ ၂၀၅ ဦး၊ ဦးနှောက်နှင့်အာရုံကြော ခွဲစိတ်ကုသမှု ဆိုင်ရာလူနာ ၂၉ ဦး၊ အသည်းရောဂါဆိုင်ရာလူနာ ၅၂ ဦး၊ ဆီးချိုနှင့်ဟော်မုန်းရောဂါလူနာ ၁၉၂ ဦး၊ ဆီးနှင့်ကျောက်ကပ်ရောဂါဆိုင်ရာလူနာ ၁၁၅ ဦး၊ ရင်ခေါင်းရောဂါဆိုင်ရာလူနာ ၃၈ ဦး၊ ကင်ဆာရောဂါဆိုင်ရာလူနာ ၂၇ ဦး၊ အထွေထွေရောဂါလူနာ ၄၅၆ ဦး၊ နားနှာခေါင်း၊ လည်ချောင်းရောဂါလူနာ ၂၃၉ ဦးတို့အား ကြည့်ရှုကုသမှုပေးခဲ့သည်။

ထို့ပြင် နှလုံးပုံရိုက်ဖော်ရိုက်ကူးခြင်း ၁၅၁ ဦး၊ အစာအိမ်နှင့် အူလမ်းကြောင်း မှန်ပြောင်းကြည့်ရှုကုသခြင်း နှစ်ဦး၊ အူကြိုး မှန်ပြောင်းကြည့်ရှုစစ်ဆေးခြင်း နှစ်ဦး၊ ဓာတ်မှန်ဖြင့် ရောဂါရှာဖွေခြင်း ၁၆၉ ဦး၊ ဓာတ်ခွဲစမ်းသပ်စစ်ဆေးမှု ၁၆၀၀၊ တယ်လီဗေးရှင်းဓာတ်မှန်ဖြင့် ရောဂါရှာဖွေခြင်း ၂၃၃ ဦး၊ နှလုံးစက်ဖြင့် စစ်ဆေးခြင်း ၃၅၈ ဦးတို့အား ဆောင်ရွက်နိုင်ခဲ့ပြီး နားဝေဒနာရှင် ၃၃ ဦးအား နားကြားကိရိယာ တပ်ဆင်ပေးသည်။

ထိုသို့ကုသရာတွင် ပြည်မြို့နယ်သာမက ပဲခူးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီး တို့အတွင်းရှိ မြို့နယ် ၁၆ မြို့နယ်မှ ပြည်သူများကိုပါ ကုသပေးခဲ့သည်။

ကျန်းမာရေးဝန်ကြီးဌာနသည် ကျန်းမာရေး စောင့်ရှောက်မှုများကို ပြည်သူများလက်လှမ်းမီရရှိနိုင်ရန်၊ ဆေးကုသမှုအတွက် လူနာမှ စိုက်ထုတ်ကုန်ကျစရိတ် လျော့နည်းစေရန်၊ ရောဂါများကို အချိန်မီ စောစီးစွာသိရှိကုသမှု ခံယူနိုင်စေရန်ရည်ရွယ်၍ ရန်ကုန်၊ မန္တလေး၊ နေပြည်တော်တို့မှ ပါမောက္ခ/အထူးကု ဆရာဝန်ကြီးများက တိုင်းဒေသကြီး၊ ပြည်နယ်များရှိ ပြည်သူ့ဆေးရုံကြီးများသို့ လည်းကောင်း၊ တိုင်းဒေသကြီး၊ ပြည်နယ်ပြည်သူ့ဆေးရုံကြီးများမှ အထူးကုဆရာဝန်ကြီးများက ခရိုင်၊ မြို့နယ်များသို့ လည်းကောင်း ကွင်းဆင်းကုသမှုအစီအစဉ်များ ဆောင်ရွက်လျက်ရှိပြီး မေ ၃၀ ရက်နှင့် ၃၁ ရက်တို့တွင် ပုသိမ်မြို့ ပြည်သူ့ဆေးရုံကြီး၌ လူနာပေါင်း ၈၁၈ ဦးအား ကုသပေးနိုင်ခဲ့ကြောင်းနှင့် ယခုကဲ့သို့ အထူးကု ကွင်းဆင်းကုသမှု အစီအစဉ်များကို အခြားမြို့များသို့လည်း စဉ်ဆက်မပြတ် ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

အမျိုးသားကင်ဆာကုသရေးဗဟိုဌာနကို ကင်ဆာဝေဒနာရှင်များအတွက် တစ်နေရာတည်းတွင် ပြည့်စုံသည့် ကုသမှုစင်တာအဖြစ် ဆေးကုသမှုများပေးနိုင်ရန်နှင့် သုတေသနလုပ်ငန်းများကိုပါ လုပ်ဆောင်နိုင်ရန် ရည်ရွယ်ဖွင့်လှစ်ခဲ့

သတင်းဆောင်းပါး - သီသီမင်း၊ ဓာတ်ပုံ-နေလင်း

ဇွန်လ၏ မိုးသည်းထန်စွာရွာသွန်းနေသော နံနက်ခင်းတစ်ခု။

အများပြည်သူသယ်ယူပို့ဆောင်ရေးယာဉ် (YBS) ၁၃၃ ဂိတ်သို့ ခရီးသည်ယာဉ်တစ်စီး ဆိုက်ရောက်လာသည်နှင့် ကားပေါ်မှခရီးသည်အချို့ ဆင်းလာကြသည်။ ထိုခရီးသည်များကြားတွင် တစ်ဦးကိုတစ်ဦး ဖေးမကူတွဲကာ ဆင်းလာသည့် အမျိုးသမီးနှစ်ဦး။

"မိုးကလည်း သည်းလိုက်တာနော်"ဟု အဖော်အဖြစ် လိုက်ပါလာဟန်ရှိသည့် အမျိုးသမီးက ထီးကို ဆန့်ဖွင့်ရင်း ခပ်ညည်းညည်းဆိုသည်။

ကြည့်ရသည်မှာ သူတို့နှစ်ဦးထဲတွင် တစ်ဦးမှာ ဝေဒနာကို အနံတုနေရသည့် ကင်ဆာဝေဒနာရှင်ဖြစ်ပြီး ကျန်တစ်ဦးမှာမူ သူ၏အဖော်(သို့မဟုတ်) လူနာစောင့်ဖြစ်ဟန်တူသည်။ အဘယ်ကြောင့် ဆိုသော် သူတို့၏ခြေလှမ်းများက ကားဂိတ်အနီးရှိ အမျိုးသားကင်ဆာကုသရေးဗဟိုဌာနဝင်းအတွင်းသို့ ခပ်သွက်သွက်လေး လျှောက်လှမ်းဝင်သွားခြင်းကြောင့်ပင်ဖြစ်သည်။

ထိုအမျိုးသားကင်ဆာကုသရေးဗဟိုဌာနသည် ရန်ကုန်ဖြို့ ဒဂုံဖြို့သစ် (ဆိပ်ကမ်း) ဖြို့နယ် ကုလားဝဲတံတား(သန်လျင်အမှတ် ၂ တံတား) အနီးတွင် တည်ရှိပြီး ကင်ဆာရောဂါ သီးသန့်ကုသပေးရာဌာနကြီးဖြစ်သည်။

အဆိုပါ အမျိုးသားကင်ဆာကုသရေးဗဟိုဌာနကို ကင်ဆာဝေဒနာရှင်များအတွက် တစ်နေရာတည်းတွင် ပြည့်စုံသည့်ကုသမှုစင်တာ (One – stop Comprehensive Care Center)အဖြစ် ဆေးကုသမှုများပေးနိုင်ရန်နှင့် သုတေသနလုပ်ငန်းများကိုပါ လုပ်ဆောင်နိုင်ရန် ရည်ရွယ်ဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။

ယခုအခါ အမျိုးသားကင်ဆာကုသရေးဗဟိုဌာနသည် ကင်ဆာရောဂါအမျိုးမျိုးကို ကုသမှုခံယူရန် ရုပ်ဝေးမှလာရောက်သည့် ယာဉ်ကြီး ယာဉ်ငယ်အသွယ်သွယ်နှင့်အတူ များပြားလှသည့် ဝေဒနာရှင်များဖြင့် နေ့စဉ်နှင့်အမျှ လူပ်ရှားသက်ဝင်လျက်ရှိနေသည်။

ထိုအမျိုးသားကင်ဆာကုသရေး ဗဟိုဌာနတွင် အထူးသဖြင့် ကင်ဆာဆဲလ်များကို ပစ်မှတ်ထားချေမှုန်းနိုင်သည့် ခေတ်မီဓာတ်ရောင်ခြည်ကုစက်ကြီးများဖြင့် ကုသပေးခြင်း၊ လူနာများသက်သောင့်သက်သာဖြင့် စနစ်တကျဆေးဝါးကုသမှုခံယူနိုင်မည့် ဓာတုကုထုံး (Chemotherapy) ဆေးသွင်းခြင်း လုပ်ငန်းများကို အဓိကထားလုပ်ဆောင်ပေးနေဖြင့်ဖြစ်သည်။

"ကင်ဆာရောဂါနဲ့ပတ်သက်တဲ့ ကုထုံးအမျိုးမျိုးကို နိုင်ငံတော်အစိုးရရဲ့ပံ့ပိုးမှုနဲ့ ခေတ်မီနည်းပညာဖြင့် ဓာတ်ရောင်ခြည်သုံးစက်တွေနဲ့ လူနာတွေကို ကင်ဆာရောဂါအမျိုးမျိုးကို ကုသမှုပေးနေပါတယ်။ ဆေးရုံတွေကနေ လွှဲစာတွေနဲ့ လာတဲ့လူနာတွေလည်း ကုသပေးနေပါတယ်" ဟု ကင်ဆာရောဂါ ဓာတ်ရောင်ခြည်ဆေးကုဌာနမှ ပါမောက္ခဌာနမှူး ဒေါက်တာမိုးလှိုင်က ပြောသည်။

ၦင်းကဆက်လက်၍ **"ဓာတ်ရောင်ခြည်နဲ့ ပတ်သက်ပြီး အပြင်လူနာရော အတွင်းလူနာပါ ကုပေးနေပါတယ်။ ဒီအမျိုးသားကင်ဆာကုသရေးဗဟိုဌာနမှာ နိုင်ငံတော်ဘဏ္ဍာငွေနဲ့ တပ်ဆင်ထားတဲ့ စက်သုံးလုံး၊ ပြင်ပအလှူရှင်များက လှူထားတဲ့ စက် တစ်လုံး စုစုပေါင်း လေးလုံးရှိပါတယ်။ ရန်ကုန်ပြည်သူ့ဆေးရုံကြီးမှာ ဓာတ်ရောင်ခြည်စက်သုံးလုံးရှိပါတယ်။ စုစုပေါင်း ဓာတ်ရောင်ခြည်စက်ခုနစ်လုံးနဲ့ တစ်ရက်ကို လူနာ ၅၀၀ ကနေ ၆၀၀ ကြား ကုသပေးနေပါတယ်"**ဟု ပြောသည်။

ထို့ပြင် ကင်ဆာဝေဒနာရှင်များအတွက် လိုအပ်သည့် ကုသမှုများပြုလုပ်ရာတွင် အခမဲ့ပံ့ပိုးကူညီမှုများရှိသည့်အတွက် စရိတ်ကြီးမားလှသော ရောဂါဝေဒနာကြောင့် စိုးရိမ်ပူပန်နေရသည့် လူနာနှင့် မိသားစုဝင်များအတွက် များစွာအသက်ရှူချောင်စေမည်ဖြစ်သည်။



ထိုမျှသာမက ရပ်ဝေးမှ လာရောက်ကြရပြီး ဆေးရုံတက်ကုသမှုခံယူနေစဉ် ကာလအတွင်း နေထိုင်ရေးအခက်အခဲရှိသော လူနာများနှင့် လူနာစောင့်များ ဓာတ်ရောင်ခြည် ကုသမှုပေးနေသည့် ကာလတစ်လျှောက်လုံး စိတ်အေးချမ်းသာစွာနေထိုင်နိုင်ရေးအတွက် စနစ်တကျ စီစဉ်ပေးထားခြင်းက ကာလရှည်ကြာကုသရသည့် ဝေဒနာရှင်များအတွက်သာမက မိသားစုများ၏ ဒွေကြေးပိုင်းဆိုင်ရာ သောကများကိုပါ စိတ်သက်သာရာရစေနိုင်သည့် စီစဉ်ပေးထားမှုတစ်ခုပင်ဖြစ်သည်။

ကမ္ဘာပေါ်တွင် မကူးစက်နိုင်သည့်ရောဂါများဖြစ်ပွားနှုန်း သိသိသာသာမြင့်မားလာနေပြီး ယင်းရောဂါများထဲတွင် ကင်ဆာရောဂါသည် ကျန်းမာရေးကဏ္ဍအတွက် ကြီးမားသည့်စိန်ခေါ်မှုတစ်ရပ်ဖြစ်လာနေသည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO)၏ ထုတ်ပြန်ချက်အရ ၂၀၂၂ ခုနှစ်အတွင်း တစ်ကမ္ဘာလုံးတွင် ကင်ဆာလူနာသစ် သန်း ၂၀ ခန့်ရှိပြီး ထိုအထဲတွင်မှ ၉ ဒသမ ၆ သန်းခန့် သေဆုံးခဲ့ကြောင်း သိရသည်။ မိမိတို့နိုင်ငံတွင်လည်း အသက် ၇၅ နှစ်မတိုင်မီ ကင်ဆာဖြစ်ပွားနိုင်ခြေ ၁၃ ဒသမ ၉ ရာခိုင်နှုန်းရှိနိုင်သည်ဟု ခန့်မှန်းထားသည့်အတွက် ကင်ဆာရောဂါကာကွယ်ထိန်းချုပ်ရေးက အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် အရေးကြီးလာပြီဖြစ်သည်။

ထို့ကြောင့် ကင်ဆာရောဂါကြောင့် သေဆုံးမှုနှုန်းလျော့ကျရန်နှင့် ရောဂါဖြစ်ပွားသည်ကို စောစီးစွာ သိရှိကုသမှုခံယူနိုင်ရန်အတွက် မြန်မာနိုင်ငံတွင် **"ကင်ဆာရောဂါထိန်းချုပ်ရေး အမျိုးသားမဟာဗျူဟာစီမံကိန်း (၂၀၂၃-၂၀၂၇)"** ကို ရေးဆွဲပြီး ကင်ဆာရောဂါ ကာကွယ်ထိန်းချုပ်ရေးနှင့် ကုသရေးအတွက် အမျိုးသားအဆင့် မဟာဗျူဟာတစ်ရပ်အဖြစ် သတ်မှတ်ဆောင်ရွက်လျက်ရှိသည်။

ယခင်က မြန်မာနိုင်ငံတွင် ရန်ကုန်၊ တောင်ကြီး၊ မန္တလေး၊ နေပြည်တော် စသည့်မြို့ကြီးများရှိ ပြည်သူ့ဆေးရုံကြီးများ၌ ကင်ဆာဝေဒနာရှင်များအတွက် ဓာတ်ရောင်ခြည်ကုသမှုခံယူကြရာ၌ ရှိသည့် စက်အင်အားနှင့် တစ်နေ့တခြား တိုးပွားလာသည့် လူနာအရေအတွက် မမျှတမှုများကြောင့် လူနာများအနေဖြင့် ကုသမှုခံယူရန် နှစ်ချီ (လအတော်ကြာ) စောင့်ဆိုင်းရခြင်း၊ စရိတ်စကပိုမိုကုန်ကျခြင်း စသည့် အခက်အခဲများနှင့် ရင်ဆိုင်ခဲ့ကြရသည်။

ယခု ဒဂုံဖြို့သစ်(ဆိပ်ကမ်း) ဖြို့နယ်၌ ဖွင့်လှစ်ထားသည့် အမျိုးသားကင်ဆာကုသရေး ဗဟိုဌာနတွင် ဓာတ်ရောင်ခြည်ကုသမှုခံယူမည့် လူနာများအတွက် ဓာတ်ရောင်ခြည်ကုသစက်များ ထားရှိမည့် စက်ခန်းများကိုကြိုတင်ပြီး ဦးစားပေးဆောက်လုပ်ခဲ့သည်။ ဆေးကုသမှုဗဟိုဌာနကြီး မပြီးစီးမီ ၂၀၂၄ ခုနှစ် အောက်တိုဘာလကတည်းက ဓာတ်ရောင်ခြည်ကုသစက် တစ်လုံးနှင့် ၂၀၂၅ ခုနှစ် ဇန်နဝါရီလတွင် နောက်ထပ်ဓာတ်ရောင်ခြည်ကုသစက်တစ်လုံး၊ မေလတွင် တစ်လုံး၊ ၂၀၂၆ ခုနှစ်တွင် တစ်လုံး စုစုပေါင်းလေးလုံးဖြင့် ကုသပေးလျက်ရှိသည်။

ထို့အတွက် လူနာပေါင်း ၂၈၃၁ ဦးကို ဓာတ်ရောင်ခြည်ဖြင့် ကင်ဆာကုသပေးမှု အကြိမ်ပေါင်း ၆၀၀၀၀ ကျော် ကုသပေးနိုင်ခဲ့ပြီးဖြစ်ရာ **ဝေဒနာရှင်များ၏ စောင့်ဆိုင်းရသည့်ကာလကို သိသာစွာ လျှော့ချပေးနိုင်ခဲ့ပြီဖြစ်သည်။**

ထိုသို့ဆေးကုသမှုပေးနိုင်ရန်အတွက် နိုင်ငံတော်က အမျိုးသားကင်ဆာကုသရေးဗဟိုဌာနရှိ ငါးထပ်ကုသဆောင်၊ ရှစ်ထပ်ကုသဆောင်များနှင့် ဓာတ်ရောင်ခြည်စက်ခန်းများအတွက် ဒွေကျပ် ၃၄ ဘီလီယံကျော်၊ ဝန်ထမ်းအိမ်ရာများအတွက် ဒွေကျပ် ၁၂ ဘီလီယံကျော်နှင့် ဓာတ်ရောင်ခြည်ကုသစက် အသစ်သုံးလုံးအတွက် (၂၀၂၄-၂၀၂၅) ဘဏ္ဍာနှစ်အတွင်း ဒွေကျပ် ဘီလီယံ ၃၀ ကျော်ကို ခွဲတြပြေးခဲ့ပြီး ယခုနှစ်တွင် အလှူရှင်များလှူဒါန်းသည့် စက်တစ်လုံးသည်လည်း ဒွေကျပ် ၁၉ ဘီလီယံတန်ဖိုးရှိကြောင်း သိရှိရသည်။

ထိုသို့ အဆောက်အအုံများ ဆောက်လုပ်ပြီးစီးသည့် ၂၀၂၅ ခုနှစ် ဇူလိုင်လမှစတင်၍ အတွင်းလူနာများကိုပါ လက်ခံကုသပေးနိုင်ခဲ့ခြင်းကြောင့် ဇွန်လ ၁၀ ရက်ထိ ဆေးကုသမှုမှတ်တမ်းများအရ အတွင်းလူနာ ၇၉၆ ဦးနှင့် ပြင်ပလူနာ ၁၁၅၉ ဦးကို ကြည့်၍ ကုသမှုပေးနိုင်ခဲ့ပြီးဖြစ်သည်။

ကင်ဆာဝေဒနာရှင်များ အချိန်မီကုသမှုခံယူနိုင်ရေးအတွက် နိုင်ငံတော်က ဘက်စုံထောက်ပံ့ပေးနေသကဲ့သို့ပင် ယခုလုပ်ငန်းစဉ်တွင် ကျန်းမာရေးဝန်ကြီးဌာနတစ်ခုတည်းကသာမက အခြားသက်ဆိုင်ရာဌာနများနှင့် ကဏ္ဍစုံကပါ ဝိုင်းဝန်းပူးပေါင်းပါဝင်လာကြသည်မှာလည်း လွန်စွာဝမ်းမြောက်ဂုဏ်ယူဖွယ်ရာပင်ဖြစ်သည်။

အထူးသဖြင့် ဝေဒနာရှင်များအတွက် အဓိကကျလှသည့် လမ်းပန်းဆက်သွယ်ရေးအဆင်ပြေချောမွေ့စေရန် အများပြည်သူသယ်ယူပို့ဆောင်ရေး ၁၃၃ ယာဉ်လိုင်းကဲ့သို့သော လိုင်းကားများက ဆေးရုံအနီးအနားထိ ဂိတ်ရွှေ့ပြောင်းအခြေစိုက်ပြေးဆွဲကာ ကူညီပေးခဲ့ကြသည်။ ယခုကဲ့သို့ အများပြည်သူသုံးမော်တော်ယာဉ်လိုင်းများ အများအပြား အလွယ်တကူ ရောက်ရှိလာနိုင်မည်ဆိုပါက ရပ်နီးရပ်ဝေးမှ ကင်ဆာဝေဒနာရှင်များနှင့် မိသားစုဝင်များအတွက် သွားလာရေး ပိုမိုအဆင်ပြေစေမည်ဖြစ်သည်။

"လိုင်းကားတွေပိုပြီး ပြေးဆွဲပေးစေချင်တယ်။ တစ်ဆင့်တည်း မရောက်တဲ့အခါ ပြောင်းစီးရတော့ လူနာတွေ တော်တော်လေးသွားလာရခက်တယ်။ နယ်ဝေးကလာတဲ့သူတွေ အဆင်ပြေဖို့ အဝေးပြေးကားဂိတ်တွေကနေ ဒီကိုရောက်တဲ့လိုင်းကားပြေးပေးရင် ပိုပြီးတော့အဆင်ပြေမှာပါ" ဟု ဂျိုက်ဆိုဖြို့နယ်မှ ရင်သားကင်ဆာအတွက် ဓာတ်ရောင်ခြည်ကုသမှုခံယူရန်ရောက်ရှိနေသည့် ဝေဒနာရှင်တစ်ဦးက ပြောပြသည်။

ထို့ပြင် နိုင်ငံတော်ကလည်း ကင်ဆာလူနာများ ဓာတ်ရောင်ခြည်နှင့် ကုသခံရန်စောင့်ဆိုင်းရသည့် အချိန်ကိုလျှော့ချနိုင်ရန် ဓာတ်ရောင်ခြည်ကုသစက်များ ဝယ်ယူတပ်ဆင်ရေးအတွက် လိုအပ်သည့် ရန်ပုံငွေကို အထူးဦးစားပေး ခွဲပြုပေးခဲ့သည်။ ရန်ကုန်၊ တောင်ကြီး၊ မန္တလေး၊ နေပြည်တော်အတွင်းရှိ ကင်ဆာဝေဒနာကုသပေးနေသည့် ဆေးရုံကြီးများ၌ လက်ရှိဓာတ်ရောင်ခြည် ကုသစက်စုစုပေါင်း ၂၆ လုံး၊ Brachytherapy ဓာတ်အပ်စိုက် ကိရိယာကိုးလုံး၊ ဓာတ်ရောင်ခြည်ကုသမှုစင်တာ ၁၄ ခု အထိတိုးတက်ရှိလာခဲ့ပြီး ကင်ဆာဝေဒနာရှင်များအား ထိရောက်စွာကုသမှုပေးနိုင်ပြီဖြစ်သည်။

စာမျက်နှာ ၇ သို့ ⭘

❝ ဒဂုံမြို့သစ်(ဆိပ်ကမ်း) မြို့နယ်၌ ဖွင့်လှစ်ထားသည့် အမျိုးသားကင်ဆာကုသရေးဗဟိုဌာနတွင် ဓာတ်ရောင်ခြည်ကုသမှုခံယူမည့် လူနာများအတွက် ဓာတ်ရောင်ခြည်ကုသစက်များထားရှိမည့် စက်ခန်းများကို ကြိုတင်ပြီး ဦးစားပေးဆောက်လုပ်ခဲ့သည်။ ဆေးကုသမှုဗဟိုဌာနကြီး မပြီးစီးမီ ၂၀၂၄ ခုနှစ် အောက်တိုဘာလကတည်းက ဓာတ်ရောင်ခြည်ကုသစက် တစ်လုံးနှင့် ၂၀၂၅ ခုနှစ် ဇန်နဝါရီလတွင် နောက်ထပ်ဓာတ်ရောင်ခြည်ကုသစက်တစ်လုံး၊ မေလတွင် တစ်လုံး၊ ၂၀၂၆ ခုနှစ်တွင် တစ်လုံး စုစုပေါင်းလေးလုံးဖြင့် ကုသပေးလျက်ရှိ ❞



ကယားပြည်နယ်ဝန်ကြီးချုပ် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် ပြည်နယ်ယဉ်ကျေးမှုပြတိုက် ကြည့်ရှုစစ်ဆေး

လွိုင်ကော် ဇွန် ၁၄

ကယားပြည်နယ်အစိုးရအနေဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် ပြည်နယ်အတွင်း ပြန်လည်ဝင်ရောက်နေထိုင်သည့် ပြည်သူများ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးကို ကူညီဆောင်ရွက်ပေးလျက်ရှိရာ ပြည်နယ်ဝန်ကြီးချုပ် ဦးအုံမော်နှင့် တာဝန်ရှိသူများသည် ယနေ့ နံနက်ပိုင်းတွင် အကြမ်းဖက်သမားများကြောင့် ထိခိုက်ပျက်စီးသွားခဲ့သည့် နာနတ်တောရပ်ကွက်ရှိ ကက်သလစ်ဘုရားရှိခိုးကျောင်း ပြန်လည်ပြုပြင်ရန်လိုအပ်သည့်အခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ကယားပြည်နယ် ယဉ်ကျေးမှုပြတိုက် အတွင်း ခင်းကျင်းပြသထားသည့် ကယားတိုင်းရင်းသားများ၏ ဝတ်စားဆင်ယင်မှုပြခန်း၊ အဆင်တန်ဆာပြခန်း၊ အသုံးအဆောင်ပစ္စည်းများပြခန်း၊ ရိုးရာနေထိုင်မှုအိမ်ပုံစံငယ်ပြခန်း၊ ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်ပြခန်းနှင့် ရည်ညွှန်းစာကြည့်တိုက်ရှိ စာအုပ်စာစောင်များကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်အတွင်း ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေဖြင့် အုတ်ရေကန်နှင့် နှစ်ခန်းတွဲဝန်ထမ်းအိမ်ရာ ပြန်လည်ပြုပြင်ခြင်း လုပ်ငန်းများ ဆောင်ရွက်မည့်အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)



ကျောက်တန်းမြို့နယ်၌ အနာဂတ်သစ်စာကြည့်တိုက်ဟောင်း ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းပြီးစီး၍ စာရွက်စာတမ်းများလွှဲပြောင်းပေးအပ်



ကျောက်တန်း ဇွန် ၁၄

ရန်ကုန်တိုင်း ဒေသကြီး ကျောက်တန်းမြို့နယ် ဝဲကြီးကျေးရွာအုပ်စု ကွင်းပေါက်ကျေးရွာ မြစိမ်းရောင် (ငါးကဏ္ဍာ) အတိုးရငွေဖြင့် ကျေးရွာအတွင်း မင်္ဂလာလမ်းမပေါ်ရှိ အနာဂတ်သစ်စာကြည့်တိုက်ဟောင်း ပြန်လည်ပြုပြင်ခြင်း (၁၄ x ၂၄ x ၁၀) ပေ လုပ်ငန်းပြီးစီး၍ စာရွက်စာတမ်းများ လွှဲပြောင်းပေးအပ်ခြင်း အခမ်းအနားကို ဇွန် ၉ ရက်က အဆိုပါကျေးရွာ၌ ကျင်းပသည်။

အခမ်းအနားကို ကျောက်တန်းမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနဦးစီးအရာရှိဦးမြင့်နိုင်နှင့် ဝန်ထမ်းများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် မြစိမ်းရောင်(ငါးကဏ္ဍာ) ကော်မတီ အဖွဲ့မှတာဝန်ရှိသူများတက်ရောက်ကြသည်။

အဆိုပါ အနာဂတ်သစ်စာကြည့်တိုက်ဟောင်း ပြန်လည်ပြုပြင်ခြင်းကို မြစိမ်းရောင် (ငါးကဏ္ဍာ) အတိုးရငွေမှ ငွေကျပ်သိန်း ၅၀ ဖြင့် ပြန်လည်ပြုပြင်ဆောက်လုပ်ခဲ့ခြင်းဖြစ်ပြီး ကျေးရွာရှိ ကျောင်းသားလူငယ်များ အသိပညာဗဟုသုတရရှိစေရန် ရည်ရွယ်ပြုပြင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

သန့်ဇင်ထွန်း

မိုးနဲမြို့နယ်၌ နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များ ပေးအပ်

မိုးနဲ ဇွန် ၁၄

ရှမ်းပြည်နယ် (တောင်ပိုင်း) မိုးနဲမြို့နယ် နမ့်မော်ဆွမ့် အခြေခံပညာ အလယ်တန်းကျောင်း၌ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန၊ မြို့နယ်ဦးစီးမှူးရုံး၊ မြို့နယ်ကျန်းမာရေးဦးစီးဌာန၊ မြို့နယ်ပညာရေးဌာနနှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ ပူးပေါင်း၍ နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များ ပေးအပ်ခြင်းကို ယနေ့ နံနက်ပိုင်းတွင် အဆိုပါကျောင်း ဧရာဆောင်ခန်းမ၌ ဆောင်ရွက်သည်။

ပေးအပ်

ဦးစွာ နမ့်စန်ခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးသက်နိုင်က အမှာစကား ပြောကြားပြီး အသက် ၁၀ နှစ် ပြည့်ပြီး နိုင်ငံသားစိစစ်ရေးကတ်မရှိသေးသော ကျောင်းသား ၃၇ ဦး၊ ကျောင်းသူ ၄၈ ဦး စုစုပေါင်း ၈၅ ဦး တို့၏ နိုင်ငံသားစိစစ်ရေးကတ်နှင့် UIDကတ်များကို ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးစိုင်းကျော်ဝင်း၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဝင်းမြင့်၊ အတွင်းရေးမှူးရဲမှူးသန်းစိုး၊ မြို့နယ်ပညာရေးမှူး ဒေါ်နီလာနှင့် တာဝန်ရှိသူများက ကျောင်းသား ကျောင်းသူများ လက်ဝယ်အရောက် ပေးအပ်ခဲ့ကြောင်း သိရသည်။

မျိုးညွှန့်ရွှေ(မိုးနဲ)



ကရင်ပြည်နယ် လှိုင်းဘွဲမြို့တွင် နိုင်ငံသားစိစစ်ရေးကတ်ပြား ထုတ်ပေးခြင်း လုပ်ငန်းများကို ဇွန် ၁၁ ရက် နံနက် ၁၀ နာရီက လှိုင်းဘွဲမြို့နယ် (၇) ရပ်ကွက်ရှိ အခြေခံပညာအထက်တန်းကျောင်း၌ မြို့နယ်ဦးစီးမှူး ဦးစည်သူအောင်နှင့် ဝန်ထမ်းများက ကွင်းဆင်းဆောင်ရွက်ပေးစဉ်။

ခရိုင်(ပြန်/ဆက်)

ရပ်ဝေးမှ လာရောက်ကြရပြီး ဆေးရုံတက်ကုသမှုခံယူနေစဉ်ကာလအတွင်း နေထိုင်ရေးအခက်အခဲရှိသော လူနာများနှင့် လူနာစောင့်များ ဓာတ်ရောင်ခြည်ကုသမှုပေးနေသည့် ကာလတစ်လျှောက်လုံး စိတ်အေးချမ်းသာစွာနေထိုင်နိုင်ရေးအတွက် စနစ်တကျစီစဉ်ပေးထားခြင်းက ကာလရှည်ကြာကုသရသည့် ဝေဒနာရှင်များအတွက်သာမက မိသားစုများ၏ ငွေကြေးပိုင်းဆိုင်ရာသောကများကိုပါ စိတ်သက်သာရာရစေနိုင်သည့် စီစဉ်ပေးထားမှုတစ်ခုပင်ဖြစ်

◎ စာမျက်နှာ ၆ မှ

“လူနာတွေအတွက် အရင်ထက်စာရင် ဓာတ်ရောင်ခြည်စက်အသုံးပြုနိုင်မှု တိုးတက်လာတယ်။ ဓာတ်ရောင်ခြည်ကုသမှု နည်းပညာအနေနဲ့လည်း နိုင်ငံတကာရဲ့ ကုသမှုစံနှုန်းတွေအတိုင်း ကုသမှုပေးလျက်ရှိပါတယ်။ ဆေးပါးတိုးတက်မှုအပိုင်းမှာလည်း အများကြီးတိုးတက်လာပါတယ်” ဟု ကင်ဆာရောဂါဓာတ်ရောင်ခြည်ဆေးကုဌာနမှ အထူးကုဆရာဝန်ကြီး ဒေါက်တာကောင်းမြတ်ရွှေက ပြောသည်။

ၦင်းက ဆက်လက်၍ **“ကင်ဆာကုသရေးသာမကပါဘူး။ ကင်ဆာသုတေသနလုပ်ငန်းတွေလည်း ဆောင်ရွက်နေပါတယ်။ အမျိုးသားကင်ဆာကုသရေးဗဟိုဌာနကိုဗဟိုပြုပြီး တစ်နိုင်ငံလုံးမှာရှိတဲ့ ကင်ဆာကုသနေတဲ့ ဆေးရုံကြီးတွေမှာ ကင်ဆာလူနာ မှတ်ပုံတင်ခြင်းလုပ်ငန်းတွေကိုလည်း နိုင်ငံတကာစံနှုန်းသတ်မှတ်ချက်တွေနဲ့ စနစ်တကျဖြစ်စေဖို့ ဆောင်ရွက်နေပါတယ်”** ဟု ပြောသည်။

ထိုသို့ နည်းပညာနှင့် ကုသမှုကဏ္ဍများကို နိုင်ငံတော်က အဆင့်မြှင့်တင်ဆောင်ရွက်နေသော်လည်း ဝေဒနာရှင်များဘက်က ကင်ဆာရောဂါ အမျိုးမျိုးအကြောင်းကို ကြိုတင်သတိပြုမိရန်လည်း လိုအပ်လှပေသည်။

ကမ္ဘာပေါ်တွင် ကင်ဆာရောဂါအမျိုးမျိုးရှိပြီး ကုသမှုပုံစံများမှာ တူညီမှုမရှိနိုင်ပေ။ လက်ရှိတွင် အမျိုးသားကင်ဆာကုသရေး ဗဟိုဌာနသို့ လာရောက်ပြသကြသည့် လူနာများအနက် အမျိုးသမီးများတွင် ရင်သားကင်ဆာ၊ ခံတွင်းလည်ချောင်းကင်ဆာ၊ သားအိမ်ခေါင်းကင်ဆာတို့မှာ အဖြစ်အများဆုံးဖြစ်ပြီး အမျိုးသားများတွင်မူ ခံတွင်းလည်ချောင်းကင်ဆာ၊ အသံအိုးကင်ဆာနှင့် အစာရေမျိုကင်ဆာတို့ အဓိကအဖြစ်များသည်ကို မြင်တွေ့ကြား သိခဲ့ရသည်။

ကင်ဆာရောဂါသည် လူအများ ကြောက်ရွံ့ထိတ်လန့်ကြသည့်အတိုင်း အသက်အန္တရာယ်နှင့် နီးစပ်သော ရောဂါကြီးတစ်ခုဖြစ်သည်မှာ မှန်သော်လည်း ကင်ဆာဟုသိရုံမျှဖြင့် စိတ်ဓာတ်ကျ အလှီးပေးရန်မလိုပေ။ ယနေ့ခေတ်တွင် ဆေးပညာ၊ နည်းပညာများ ထွန်းကားလာပြီဖြစ်ရာ ကင်ဆာရောဂါအချို့သည် စနစ်တကျကုသပါက လုံးဝပျောက်ကင်းနိုင်သည့်အဆင့်သို့ ရောက်ရှိပြီဖြစ်သည်။

ရောဂါဖြစ်ပွားမှုကုသခြင်းထက် **“ကာကွယ်ခြင်းသည် ကုသခြင်းထက် ပိုကောင်းသည်”** ဆိုသည့်အတိုင်း ပြည်သူများအနေဖြင့် ကျန်းမာရေးနှင့် ညီညွတ်သည့် နေထိုင်မှုပုံစံများရှိစေရန်၊ အရက်နှင့် ဆေးလိပ်သုံးစွဲမှုလျော့ချရန်၊ သားအိမ်ခေါင်းကင်ဆာနှင့် အသည်းရောင်အသား၀ါ (ဘီ)ရောဂါကာကွယ်ဆေးများ ထိုးနှံကြရန်နှင့် အဓိကသော့ချက်မှာ ရောဂါကို အစောပိုင်းအဆင့် (Early Stage) ၌ စောစီးစွာ သိရှိရန်ပင်ဖြစ်သည်။

“စောစောသိရင် စောစောကုမယ်။ တချို့လူနာတွေက ဓာတ်ရောင်ခြည်နဲ့ကုသရင်ရနိုင်တဲ့ အကျိုးကျေးဇူးကို မသိတဲ့အခါကျတော့ အသိပညာအားနည်းတဲ့အတွက်ကြောင့် ရောဂါတွေက မတိုးသင့်ဘဲ တိုးလာတယ်။ မဖြစ်သင့်တာတွေလည်း ဖြစ်ကုန်တယ်။ ဒီတော့ ထိရောက်တဲ့ ကင်ဆာရောဂါကုသရေးအတွက် အဟန့်အတားဖြစ်တာပေါ့။ ပြည်သူလူထုကို အသိပညာတွေမျှဝေပေးနိုင်အောင် ကျန်းမာရေးဌာနကလည်း စီစဉ်ဆောင်ရွက်နေပါတယ်” ဟု ကင်ဆာရောဂါ ဓာတ်ရောင်ခြည်ဆေးကုဌာနမှ ပါမောက္ခဌာနမှူး ဒေါက်တာမိုးလှိုင်က ပြောသည်။

သို့ဖြစ်ရာ ကင်ဆာရောဂါများကိုကုသမှုပေးနေသည့် ပြည်သူ့ဆေးရုံကြီးများအပြင် ကင်ဆာဟူသမျှကို ထိရောက်စွာကုသပေးမည့် အမျိုးသားကင်ဆာကုသရေး ဗဟိုဌာနကြီးတစ်ခုကို ယခုကဲ့သို့ သီးသန့်တိုးချဲ့ဖွင့်လှစ်နိုင်ခဲ့ခြင်းက ကင်ဆာဝေဒနာရှင်များအတွက် မျှော်လင့်အားထားရာ နေရာတစ်ခုဖြစ်လာမည်ဖြစ်ပြီး ပြည်သူများ၏ ကျန်းမာရေးအတွက် လိုအပ်ချက်ကွက်လပ်တစ်ခုကို ဖြည့်ဆည်းပေးရာရောက်သည်ဟုဆိုလျှင် မှားမည်မထင်။

ကင်ဆာရောဂါ ကာကွယ်ထိန်းချုပ်ရေးကို နိုင်ငံတော်က အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် အလေးဂရုပြုဆောင်ရွက်နေသကဲ့သို့ ပြည်သူများအနေဖြင့်လည်း စောစောသိ၊ စောစောကုပါက ကင်ဆာဝေဒနာနှင့် နောက်ဆက်တွဲ လူမှုဒုက္ခများ ဘေးမှ ကင်းဝေးနိုင်မည်ဖြစ်သည့်အတွက် အချိန်မီပြုစစ်ဆေးကာ ကုသမှုခံယူရန် တိုက်တွန်းနှိုးဆော် ရေးသားလိုက်ရပါသည်။ ။

သူနာပြုသိပ္ပံ(မန္တလေး) အဆင့်မြှင့်တင်ရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

မန္တလေး ဇွန် ၁၄

ကျန်းမာရေး ဝန်ကြီးဌာန ကျန်းမာရေး လူစွမ်းအားအရင်းအမြစ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ပါမောက္ခဒေါက်တာတင်ထွန်းနှင့်တာဝန်ရှိသူများသည် ဇွန် ၁၃ ရက် မွန်းလွဲပိုင်းက သူနာပြုသိပ္ပံ(မန္တလေး)သို့ ရောက်ရှိကာ လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေး

ဦးစွာ ညွှန်ကြားရေးမှူးချုပ်သည် သူနာပြုသိပ္ပံအဖြစ် အဆင့်မြှင့်တင်နိုင်ရေးအတွက် သုံးထပ် အုပ်ချုပ်ရေးဆောင် တည်ဆောက်ရေး လုပ်ငန်း၊ စာသင်ခန်းများ၊



ကျွမ်းကျင်မှုဆိုင်ရာ ပုံစံတူ လက်တွေ့သင်ကြားရေး ခန်းများ၊ စာကြည့်တိုက်၊ ကွန်ပျူတာခန်း၊ စားဖိုဆောင်နှင့် ထမင်းစားဆောင်၊ သင်တန်းသား သင်တန်းသူ အဆောင်နှင့် ဆိုင်းဘုတ်တည်ဆောက်ရေး လုပ်ငန်းတို့ကို လှည့်လည် ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ငါးထပ်ဆောင် မြေညီထပ် ဘက်ဆုံသုံးခန်းမ၌ သူနာပြုသိပ္ပံ (မန္တလေး) သင်ကြားရေးဆရာများ၊ ဝန်ထမ်းများ၊ သင်တန်းသား သင်တန်းသူများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံပြီး စီမံရေးရာကိစ္စများ၊ သင်ကြားရေးရာကိစ္စများ၊ စည်းကမ်းထိန်းသိမ်းရေးကိစ္စများနှင့် သူနာပြုကျင့်ဝတ်များကို လေးစားလိုက်နာရန်မှာကြားကာ လိုအပ်သည်များကို ဒေသဆိုင်ရာ အဖွဲ့စည်းများနှင့် ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



အဂ္ဂါဘိဓဇ ပါမောက္ခချုပ်ကျောင်းတော် ကျောင်းလွှတ်ပူဇာနှင့် ဆွမ်းဆက်ကပ်လှူဒါန်းပွဲ ကျင်းပ

ရန်ကုန် ဇွန် ၁၄

ကမ္ဘာအေးကုန်းမြေ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်)ဝင်းအတွင်း တည်ဆောက်လှူဒါန်းထားသည့် ပါမောက္ခချုပ် ဆရာတော်ကြီး သီတင်းသုံးရန် "အဂ္ဂါဘိဓဇပါမောက္ခချုပ်ကျောင်းတော်" ကျောင်းလွှတ်ပူဇာ ရေစက်ချအလှူတော်နှင့် ဆက်ကပ်လှူဒါန်းခြင်း မင်္ဂလာအခမ်းအနားကို ယမန်နေ့နံနက်ပိုင်းက ရန်ကုန်မြို့ နိုင်ငံတော် ပရိယတ္တိ သာသနာ့တက္ကသိုလ်(ရန်ကုန်)ဝင်းအတွင်း၌ ကျင်းပသည်။

အခမ်းအနားသို့ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်) ပါမောက္ခချုပ်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာဘဒ္ဒန္တကုမာရနှင့် ပဉ္စသီဃာတော်များ၊ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးဌေးအောင်၊ အလှူရှင် ဦးဇော်မျိုးထက်နှင့် ဇနီး သုဓမ္မသိင်္ဂီဒေါ်နန်းမိုးခမ်းနှင့် မိသားစုဝင်များ၊ ဖိတ်ကြားထားသောည့်သည်တော်များ တက်ရောက်ပူဇော်ခဲ့ကြသည်။

ဦးစွာ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးဌေးအောင်နှင့် အလှူရှင်မိသားစုတို့က "အဂ္ဂါဘိဓဇပါမောက္ခချုပ်ကျောင်းတော်" ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ် (ရန်ကုန်)ပါမောက္ခချုပ်ဆရာတော်ကြီးက ကျောင်းလွှတ်ပူဇာကမ္မဝိုင်းမော်ကွန်းကို အမွေးနုံ့သာရည်းများ ပတ်ဖျန်းပေးခဲ့သည်။ ဆက်လက်ပြီး လှူဒါန်းမှုအစုအဝေးတွက် ရေစက်ချအခမ်းအနားနှင့် ဆွမ်းဆက်ကပ်လှူဒါန်းခြင်းမင်္ဂလာကို ဆက်လက်ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

အောင်မြင့်(ပြန်/ဆက်)

ရေတာရှည်မြို့နယ် လှေကွဲချောင်း၌ ရေနုတ်မြောင်းများတူးဖော် မြောင်းပေါင်ပေါ်၌ သစ်ပင်များစိုက်ပျိုး

ရေတာရှည် ဇွန် ၁၄

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်၌ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနနှင့် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနတို့



ပူးပေါင်း၍ ၂၀၂၆-၂၀၂၇ ခုနှစ် မိုးရာသီကာလတွင် လှေကွဲချောင်း ရေစီးရေလာကောင်းမွန်စေရေးနှင့် ရေကြီးရေလျှံမှုများ မဖြစ်ပေါ်စေရေး အတွက် ရေနုတ်မြောင်းများ တူးဖော်ရှင်းလင်းပြီး မြောင်းပေါင်များပေါ်၌ သစ်ပင်များစိုက်ပျိုးခြင်းကို ယမန်နေ့နံနက်ပိုင်းက ပြုလုပ်ခဲ့သည်။

တက်ရောက်

အဆိုပါအခမ်းအနားကို မြို့နယ် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌ ဦးဥက္ကာသန်းနှင့်အဖွဲ့ဝင်များ၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှ ဝန်ထမ်းများ၊ ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေး ဦးစီးဌာနမှ ဦးစီးအရာရှိနှင့် ဝန်ထမ်းများ တက်ရောက်ကြပြီး လှေကွဲချောင်းဘေးတစ်လျှောက် ကင်စွန်းဝါး(ခေါ်)မျှစ်ချိုဝါး အပင် ၇၀ စိုက်ပျိုးပေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

နတ်တလင်းမြို့နယ်၌ နိုင်ငံသားစိစစ်ရေးကတ်နှင့် UIDကတ်များ နေ့ချင်းပြီးဆောင်ရွက်ပေး

နတ်တလင်း ဇွန် ၁၄

ပဲခူးတိုင်းဒေသကြီး နတ်တလင်းမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးမှ နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များ နေ့ချင်းပြီး ဆောင်ရွက်ပေးခြင်းကို ဇွန် ၁၂ ရက်က အလက (ပွတ်စု)၌ ဆောင်ရွက်သည်။

ပေါင်းစပ်ညှိနှိုင်း

ထိုသို့ ဆောင်ရွက်ပေးခြင်းကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန နတ်တလင်း ခရိုင်ဦးစီးမှူး ဦးဝေမျိုးသက်၊ မြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးကျော်ကျော်ဦးနှင့် အဖွဲ့ဝင်များ၊



လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်မင်းထွန်းနှင့် ဝန်ထမ်းများက ကျောင်းသား ကျောင်းသူများအား နိုင်ငံသားစိစစ်ရေး ကတ်နှင့် UID ကတ်များ ဆောင်ရွက် ပေးနေမှုများကို ပေါင်းစပ်ညှိနှိုင်းပေးခဲ့သည်။

ထို့နောက် ခရိုင်ဦးစီးမှူးနှင့် တာဝန်ရှိသူများက အလက (ပွတ်စု)ကျောင်းမှ အသက် (၁၀) နှစ် ပြည့်ပြီးသည့် ကျောင်းသား ၄၁ ဦး၊ ကျောင်းသူ ၄၂ ဦးတို့အား နိုင်ငံသား စိစစ်ရေးကတ်ပြားနှင့် UIDကတ်များ ပေးအပ်ခဲ့ကြောင်း သိရသည်။

ဝေယံဖြိုး(ပြန်/ဆက်)



ရောဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ် အမှတ်(၂)ရပ်ကွက် အထက (လေးမျက်နှာ)၌ နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ် ထုတ်ပေးခြင်းကို ဇွန် ၈ ရက် နံနက်ပိုင်းက မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးလေဝရမ်းနှင့် တာဝန်ရှိသူများက ဆောင်ရွက်ပေးစဉ်။

မြို့နယ်(ပြန်/ဆက်)

ဟင်္သာတမြို့နယ်၌ သွင်းအားစုများပေးအပ်

ဟင်္သာတ ဇွန် ၁၄

ဟင်္သာတမြို့နယ် သမဝါယမအသင်းစုလီမိတက်၏ ၂၀၂၆-၂၀၂၇ ခုနှစ် မိုးစပါးစိုက်ပျိုးမည့် ဒေသခံ တောင်သူများအား သွင်းအားစုပေးအပ်ပွဲ အခမ်းအနားကို ဇွန် ၁၂ ရက်က ဟင်္သာတမြို့နယ် သမဝါယမအသင်းစုရုံး အစည်းဝေးခန်းမ၌ ပြုလုပ်သည်။

ဦးစွာ ဟင်္သာတမြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးအောင်ဇော်မင်းက အမှာစကားပြောကြားသည်။

ဆက်လက်၍ မြို့နယ်သမဝါယမဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်သဥ္ဇာခိုင်က မြို့နယ်အတွင်းရှိ သမဝါယမ အသင်းသား တောင်သူများထံ သွင်းအားစုများ ဖြန့်ဖြူးပေးနိုင်မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။ ထို့နောက် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ၂၀၂၆- ၂၀၂၇ခုနှစ် မိုးစပါးစိုက်ပျိုးမည့် သမဝါယမအသင်းသား တောင်သူ ၆၂ ဦး အား ငွေကျပ် ၃၈၅ သိန်း တန်ဖိုးရှိ ဓာတ်မြေဩဇာ အိတ်၃၅၀ ပေးအပ်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



အိမ်မဲမြို့၌ သွင်းအားစုပေးအပ်ပွဲ ကျင်းပ

အိမ်မဲ ဇွန် ၁၄

ရောဝတီတိုင်းဒေသကြီး အိမ်မဲမြို့နယ်တွင် ၂၀၂၆ -၂၀၂၇ ခုနှစ် မိုးစပါးစီမံကိန်းသီးနှံ လုပ်ငန်းဆောင်ရွက်မည့် စိုက်ပျိုးထုတ်လုပ်ရေး သမဝါယမအသင်းသား တောင်သူများအတွက် သွင်းအားစုပေးအပ်ပွဲအခမ်းအနားကို သမဝါယမဦးစီးဌာနရုံးခန်းမ၌ ယမန်နေ့နံနက်ပိုင်းက ကျင်းပသည်။

ရှင်းလင်းပြောကြား

အခမ်းအနားတွင် အိမ်မဲမြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနဒုတိယ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးပြည့်ဖြိုးကျော်က အမှာစကား



ပြောကြားပြီး သမဝါယမဦးစီးဌာန ဦးစီးအရာရှိဦးအောင်မင်းသိန်းက သွင်းအားစု ပေးအပ်ရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် တာဝန်ရှိသူများက မိုးစပါးစီမံကိန်းသီးနှံ လုပ်ငန်းဆောင်ရွက်မည့် စိုက်ပျိုးထုတ်လုပ်ရေး သမဝါယမအသင်းသား တောင်သူ ၃၅ ဦး၏ စိုက်ပျိုးမြေ ၈က ၂၅၀ အတွက် ပုလဲဓာတ်မြေဩဇာ အိတ် ၁၅၀ ကို ပေးအပ်ခဲ့ကြောင်း သိရသည်။

ချစ်သက်လယ်(ပြန်/ဆက်)

စားသုံးဆီကြောင့် ဘေးမဖြစ်စေလို

ဒေါက်တာပြည့်ထူး (FDA)

မြန်မာတို့၏ နေ့စဉ်ချက်ပြုတ်စားသောက်မှုအလေ့အထတွင် စားသုံးဆီသည် အဓိကအခန်းကဏ္ဍမှ မပါမဖြစ်ပါဝင်နေသည်ကို တွေ့ရှိရပေမည်။ ရှေးမြန်မာများလက်ထက်ကပင် "ဆီရွှဲ ဖွဲတောင်ဟင်းဖြစ်"ဟု တင်စားရလောက်အောင် စားသုံးဆီကို နှစ်ခြိုက်စွာ စားသုံးခဲ့ကြသည်မှာ ယခုကာလအထိပင်ဖြစ်ပေသည်။ မြန်မာနိုင်ငံ၏ လူဦးရေတိုးတက်လာမှုနှင့်အတူ ဓလံနှင့်အညီ ပြောင်းလဲလာသော စားသောက်မှုပုံစံများကြောင့် ပြည်ပမှမှာယူတင်သွင်းရသော စားသောက်ကုန်အမျိုးမျိုး အနက် စားသုံးဆီသည်လည်း တစ်ခုအပါအဝင်ဖြစ်ပါသည်။

စားသုံးဆီဆိုသည်မှာ လူတို့ချက်ပြုတ်ကြော်လှော်စားသုံးရာတွင် အဆိပ်အတောက်မဖြစ်ပေါ်စေဘဲ စားသုံးရန်သင့်လျော်သောဆီဖြစ်ပြီး ဟင်းသီးဟင်းရွက်ဆီနှင့် တိရစ္ဆာန်ထွက်ဆီဟူ၍ နှစ်မျိုးခွဲခြားထားပါသည်။ အမှန်စင်စစ်အားဖြင့် စားသုံးဆီသည် ဓာတုဗေဒဖွဲ့စည်းပုံအရ အဆီအက်စစ် (Fatty Acid) အမျိုးမျိုးဖြင့် ဖွဲ့စည်းတည်ဆောက်ထားခြင်းဖြစ်ပြီး ပြည့်ဝအဆီအက်စစ်၊ ပိုနိုမပြည့်ဝအဆီအက်စစ်၊ ပိုလီမပြည့်ဝအဆီအက်စစ်တို့ အချိုးအဆအမျိုးမျိုး ပေါင်းစပ်ပါဝင်နေသောကြောင့် စားသုံးဆီတို့၏ အရည်အသွေးများ ကွဲပြားနေရခြင်းဖြစ်ပါသည်။

မြန်မာတို့ ဟင်းချက်ရာတွင်အသုံးများသော စားသုံးဆီများမှာ မြေပဲဆီ၊ နှမ်းဆီ၊ နေကြာဆီ၊ စားအုန်းဆီနှင့် ပဲပုပ်ဆီတို့ဖြစ်ပြီး ဖွဲနုဆီနှင့် ကနစ်လာဆီတို့ကိုမူ အနည်းငယ်သာအသုံးပြုကြရာ ယေဘုယျအားဖြင့် အပင်ထွက်ဆီများကိုသာ စားသုံးဆီအဖြစ် အသုံးပြုကြသည်ဟု ဆိုနိုင်ပေသည်။

ကမ္ဘာ့စားသုံးဆီစျေးကွက်ကို လေ့လာကြည့်ပါက စျေးကွက်၏ ၃၀ ရာခိုင်နှုန်းကျော်မှာ စားအုန်းဆီဖြစ်ပြီး ပဲပိစပ်ဆီသည် ဒုတိယနေရာတွင်ရှိနေသည်ကို တွေ့ရှိရပါသည်။ နေကြာဆီမှာမူ ကမ္ဘာ့စုစုပေါင်း တင်ပို့မှု၏ ၄၇ ရာခိုင်နှုန်းရှိသည်ကို တွေ့ရှိရသည်။ မြန်မာနိုင်ငံ၌ ဆီထွက်သီးနှံများဖြစ်သော မြေပဲ၊ နှမ်း၊ နေကြာ၊ ပန်းနှမ်း၊ ဆီမုန်ညင်း၊ ပဲပိစပ်၊ ပဲပုပ်၊ ဆီအုန်းတို့ကိုဖျံးကြပြီး မိရိုးဖလာအရ မြေပဲဆီနှင့် နှမ်းဆီတို့ကို အဓိကထား စားသုံးခဲ့ကြကာ နောက်ပိုင်းတွင် နေကြာဆီကိုလည်း နှစ်နှစ်ခြိုက်ခြိုက် သုံးစွဲလာကြသည်။

မြန်မာတို့သည် ဆီကိုလိုအပ်သည်ထက် ပိုမိုထည့်သွင်းစားသုံးတတ်သည့် လူမျိုးဖြစ်သည့်အလျောက် မြန်မာနိုင်ငံသည် ဆီစားသုံးမှုမြင့်မားသောနိုင်ငံတစ်ခုအဖြစ် ရပ်တည်နေပါသည်။ လက်ရှိတွင် ပြည်တွင်း၌ပြည်တွင်းစားသုံးဆီ ကြိတ်ခွဲထုတ်လုပ်မှု ၉၀ ရာခိုင်နှုန်းမှာ အရည်အသွေးမပြည့်မီသော ရောနှောဆီများ ရောင်းချခြင်းနှင့် ပြည်တွင်းစျေးကွက်၌ ပုံမှန်ယှဉ်ပြိုင်မှုမရှိသည့်အတွက် ရပ်ဆိုင်းခဲ့ရသည်ဟု မြန်မာနိုင်ငံဆီစက်ပိုင်ရှင်များအသင်းမှပေးပို့သောအချက်အလက်များမှ သိရသည်။

မြန်မာနိုင်ငံကဲ့သို့ ဆီစားသုံးမှုများပြားသည့် နိုင်ငံတွင် စားသုံးဆီအမျိုးမျိုးကို စားသုံးနေကြသည့် အလျောက် နေ့စဉ်စားသုံးနေသော စားသုံးဆီများနှင့်ပတ်သက်သည့် ကျန်းမာရေးရှုထောင့်မှ သက်ရောက်မှုကိုလည်း လေ့လာသင့်သည်။ စားသုံးဆီများတွင် ပုံပြောင်းအဆီအက်စစ်များ (Trans Fatty Acid)နှင့် ကျန်းမာရေးနှင့်ကိုက်ညီမှုမရှိသော အခြားဓာတ်သဘာဝ (ဥပမာ- အာဖလာတော့ဆင်ရှိဆိပ်) များပါရှိနိုင်သည်။ ထိုကဲ့သို့သော စားသုံးဆီများကြောင့် သွေးအတွင်း ကိုလက်စထရောများ မြင့်တက်လာပြီး နှလုံးနှင့် အသည်းအဆီဖုံးခြင်း၊ အသည်းကင်ဆာဖြစ်ခြင်း စသည့် ကုသရန်ခက်ခဲသောဝေဒနာများ ဖြစ်ပေါ်လာနိုင်ပါသည်။ ရှောင်ရှားသင့်သည့် အဆီအမျိုးအစားများမှာ Trans-fat နှင့် saturated fat တို့ပင်ဖြစ်သည်။ ယင်းအဆီများသည် ခန္ဓာကိုယ်အတွက် အကျိုးမပြုသော ကိုလက်စထရော (Low-density Lipoprotein-LDL)ကိုတိုးစေပြီး ခန္ဓာကိုယ်အတွက် အကျိုးပြုသော ကိုလက်စထရော (High-density Lipoprotein- HDL)ကို လျော့ကျစေနိုင်ပါသည်။

မပြည့်ဝဆီများဖြစ်ကြသည့် အိုမီဂါသရီး၊ အိုမီဂါဆစ်၊ oleic acid နှင့် linoleic acid များသည် ခန္ဓာကိုယ်အတွက် အကျိုးပြုသည့်အဆီများဖြစ်ကြပြီး ယင်းကဲ့သို့သောအဆီများကို နေ့စဉ်စားသုံးသည့် အစားအစာများတွင် ထည့်သွင်းစားသုံးပေးခြင်းဖြင့် အဝလွန်ခြင်းကို ကာကွယ်နိုင်စေမည်ဖြစ်ပါသည်။ ထို့ပြင် ခန္ဓာကိုယ်အနေဖြင့် ဗီတာမင် A၊ D၊ E နှင့် K တို့ကဲ့သို့သော ဗီတာမင်ဓာတ်များကို စုပ်ယူနိုင်ရန်အတွက် အဆီဓာတ်ကိုလိုအပ်ပေသည်။

အဆီမရှိလျှင် ခန္ဓာကိုယ်က ယင်းဗီတာမင်များကို စုပ်ယူနိုင်မည်မဟုတ်ပါ။ လူအများစုက အဆီဆိုသည့်အရာမှာ ခန္ဓာကိုယ်အတွက် မကောင်းသောအရာဟု တရားသေ သတ်မှတ်ထားတတ်ကြပြီး ၎င်းတို့ နေ့စဉ်စားသုံးသည့် အစားအစာများတွင် ပါဝင်သည့်အဆီများကို ချေဖျက်နိုင်ရန်အတွက် အချိန်ကုန် ငွေကုန်ခံပြီး လုပ်ဆောင်လေ့ရှိကြပါသည်။ အမှန်ဆိုရလျှင် ကျန်းမာသောကိုယ်အလေးချိန် ထိန်းသိမ်းရန်အတွက်လည်း အဆီဓာတ်သည် ပမာဏတစ်ခုအထိ လိုအပ်ပါသည်။

အခြေခံအားဖြင့် စားသုံးဆီတွင်ပါဝင်သည့် အဆီကို ပြည့်ဝဆီနှင့် မပြည့်ဝဆီဟူ၍ နှစ်မျိုး ခွဲခြားထားကြောင်း ဖော်ပြခဲ့ပြီးဖြစ်ပါသည်။ အဆီအုပ်စုတစ်ခုချင်းစီ၌ အဆီအမျိုးအစားများစွာ ပါဝင်နေလျက်ရှိသည်။ မပြည့်ဝဆီများတွင် polyunsaturated fatty acid နှင့် monounsaturated fat တို့ ပါဝင်နေပါသည်။ ယင်းတို့ကို အတန်အသင့်စားသုံးသည့်အခါ ခန္ဓာကိုယ်အတွင်း၌ ကိုလက်စထရောပမာဏကို ကျဆင်းစေပြီး နှလုံးရောဂါခံစားရနိုင်ခြေကို လျော့ကျစေနိုင်ပါသည်။ polyun-saturated fat ကို ပဲဆီ၊ နှမ်းဆီ၊ နေကြာဆီကဲ့သို့သော အသီးအရွက်ဆီများတွင်တွေ့ရတတ်ပြီး သွေးတွင်းကိုလက်စထရောပမာဏနှင့် triglyceride ပမာဏကို လျော့ကျစေပါသည်။

polyun-saturated fat တစ်မျိုးမှာ အိုမီဂါသရီးဖက်တီးအက်စစ်ဖြစ်ပါသည်။ ယင်းကို အဆီများသည့် ဆယ်လ်မွန်၊ မက်ကာရယ်နှင့် ငါးခူကဲ့သို့သော ငါးများ၊ နှမ်းကြတ်စေ့ဆီနှင့် သစ်ကြားသီးများတွင် တွေ့ရှိရတတ်ပါသည်။ ထိုကဲ့သို့သော အိုမီဂါသရီးဓာတ်များ ကြွယ်ဝစွာပါဝင်သည့် အစားအစာများကို တစ်ပတ်လျှင် နှစ်ကြိမ် စားသုံးပေးသင့်ကြောင်း အမေရိကန်နယ်ချဲ့အဖွဲ့က အကြံပြုထားပါသည်။

စားသုံးရန်မသင့်သည့် အဆီနှစ်မျိုးမှာ ပြည့်ဝဆီများဖြစ်ကြသည့် saturated fat နှင့် trans fatty acid များဖြစ်ကြပြီး ယင်းတို့သည် သွေးတွင်းကိုလက်စထရောပမာဏကိုတိုးစေကာ သွေးကြောများကို ပိတ်ဆို့စေသကဲ့သို့ နှလုံးရောဂါဖြစ်နိုင်ခြေကိုလည်း တိုးပွားစေပါသည်။ ပြည့်ဝဆီများကို တိရစ္ဆာန်များမှရရှိသည့် စားသောက်ကုန်များဖြစ်သော အသား၊ နို့နှင့် ဥအမျိုးမျိုးတွင် တွေ့ရှိနိုင်ပါသည်။ ထို့ပြင် အုန်းဆီနှင့် စားအုန်းဆီများတွင်လည်း ပြည့်ဝဆီများပါဝင်နေသည်ကို သတိပြုသင့်ပေသည်။ ပြည့်ဝဆီများကို အခါခါပြန်ကြော်ချက်ရန်အလို့ငှာ အသက်အုပ်စုအလိုက် တစ်နေ့တာအတွက် အနည်းဆုံးလိုအပ်သော စားသုံးဆီပမာဏကို ပြည်သူ့ကျန်းမာရေးဦးစီးဌာန (အာဟာရဥာနခွဲ)က အောက်ပါဇယားအတိုင်း လမ်းညွှန်မှုပြုထားသည်ကို တွေ့ရှိရမည်ဖြစ်ပါသည်-

စဉ်	အသက်အုပ်စု	တစ်နေ့တာ လိုအပ်သော စားသုံးဆီပမာဏ
(က)	၁ နှစ်မှ ၃ နှစ်	၁.၅၅ ကျပ်သား
(ခ)	၄ နှစ်မှ ၆ နှစ်	၁.၅၀ ကျပ်သား
(ဂ)	၇ နှစ်မှ ၉ နှစ်	၂.၀ ကျပ်သား
(ဃ)	၁၀ နှစ်မှ ၁၂ နှစ်	၂.၀ ကျပ်သား
(င)	၁၃ နှစ်မှ ၁၉ နှစ်	၃.၅၀ ကျပ်သား
(စ)	အမျိုးသား(လူကြီး)	၂.၀ ကျပ်သား
(ဆ)	အမျိုးသမီး(လူကြီး)	၁.၅၀ ကျပ်သား
(ဇ)	ကိုယ်ဝန်ဆောင်	၂.၀ ကျပ်သား
(ဈ)	နို့တိုက်မိခင်	၂.၀ ကျပ်သား

လိုက်နာသုံးစွဲခြင်းဖြင့် ကုသရန်ခက်ခဲသော နာတာရှည်ရောဂါဝေဒနာဆိုးများမှ ကင်းဝေးစေခြင်းကြောင့် ဆေးကုသမှုအတွက် အသုံးပြုရမည့် ကုန်ကျစရိတ်သက်သာခြင်းနှင့် မိသားစုဝင်များစိတ်ချမ်းသာမှုကို ရရှိနိုင်ပေသည်။ မြန်မာနိုင်ငံအတွင်းရှိ ပြည်သူတစ်ဦးတစ်ယောက်ချင်းမှ အစပြု၍ မိသားစုပေါင်းများစွာက စားသုံးဆီကို လိုအပ်သလောက်သာ သုံးစွဲလိုက်ခြင်းအားဖြင့် ပြည်သူများ ကျန်းမာသန်စွမ်းပြီး နာတာရှည်ရောဂါများ ကင်းဝေးကာ မိမိတို့၏ လုပ်ငန်းဆောင်တာများကို စွမ်းအားပြည့် ဆောင်ရွက်လာနိုင်ခြင်းနှင့်အတူ စားသုံးဆီတင်သွင်းမှုအတွက် အသုံးပြုရသော နိုင်ငံခြားငွေ ချွေတာလာနိုင်ခြင်းကြောင့် အခြားပြည်တွင်းလိုအပ်ချက်များကို ပိုမိုဖြည့်ဆည်း တိုးချဲ့ဆောင်ရွက်လာနိုင်မည်လည်းဖြစ်ပါသည်။

စားသုံးဆီနှင့် ကျန်းမာရေးဆက်နွယ်မှုကို ဂရုပြုကြခြင်းဖြင့် စားသုံးဆီကြောင့်ဖြစ်ပွားတတ်သော နာတာရှည်ရောဂါဝေဒနာများမှ ကင်းဝေးကြစေရန် အရည်အသွေးစစ်ဆေးပြီးသော စားသုံးဆီများကို ပြည်သူ့ကျန်းမာရေးဦးစီးဌာနက လမ်းညွှန်ထားသော ပမာဏနှင့်အညီ လိုအပ်သလောက်သာ ဝယ်ယူသုံးစွဲသင့်ကြောင်း တိုက်တွန်းလိုပါသည်။

နိုင်ငံတော်အစိုးရနှင့် ဌာနဆိုင်ရာများအနေဖြင့် လည်း ရေရှည်တည်တံ့သောတိုးတက်မှု (Sustainable Development)ကိုဦးတည်၍ မူဝါဒများ၊ ညွှန်ကြားချက်များချမှတ်လျက်ရှိသည်။ ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့်လည်း စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုပန်းတိုင် (၂၀၃၀)၏ ပန်းတိုင် (၃)ဖြစ်သည့် ကျန်းမာရေးနှင့် လူမှုဘဝကောင်းမွန်ရေး (Good Health and Well-being)ကို ဖော်ဆောင်နိုင်ရန်နှင့် ကျန်းမာရေးဝန်ကြီးဌာန၏ ရည်မှန်းချက် (၂)ရပ်ဖြစ်သည့် လူထိုင်းသက်တမ်းစေ့ အသက်ရှည်စွာနေနိုင်ရေးနှင့် လူထိုင်းရောဂါဘယကင်းရှင်းရေးကို ပြည့်မီရန်အတွက် အထောက်အကူပြုမည့် စားသုံးဆီနှင့်ပတ်သက်သည့်အဓိနိုင်ကြေညာစာများ ထုတ်ပြန်ထားရှိပါသည်။

မြန်မာနိုင်ငံ အစားအသောက်နှင့် ဆေးဝါးအာဏာပိုင်အဖွဲ့က ၂၀၂၄ ခုနှစ် မတ်လ ၂၉ ရက်နေ့တွင် အဓိန့်အမှတ် ၂/၂၀၂၄ ဖြင့် ရောနှောဆီ (Blended Oil) အဖြစ် အစားအသောက်ထုတ်လုပ်ခြင်း၊ သိုလှောင်ခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ ဖြန့်ဖြူးခြင်း သို့မဟုတ် ရောင်းချခြင်းနှင့်စပ်လျဉ်း၍ လိုက်နာရမည့်အချက်များကို ထုတ်ပြန်ခဲ့သည်။ ယင်းညွှန်ကြားချက်အရ ဟင်းသီးဟင်းရွက်ဆီများကို ရောနှောဆီ (Blended Oil) အဖြစ် ရောစပ်ရာတွင် အမျိုးအစားနှစ်မျိုးသာ ရောစပ်ရမည်ဖြစ်ပြီး ဟင်းသီးဟင်းရွက်ဆီတစ်မျိုးသည် အနည်းဆုံး ၄၀ ရာခိုင်နှုန်းပါဝင်ရမည်ဖြစ်သည်။ ထို့ပြင် အနှံ့တူများ ထည့်သွင်းခြင်းမပြုရသည့်အပြင် တိရစ္ဆာန်အဆီနှင့် ပါစေဆီကြမ်းတို့ကို ရောနှောဆီအဖြစ် အသုံးပြုခွင့်မပြုကြောင်း ညွှန်ကြားထားပြီးဖြစ်သည်။

ပြည့်ဝဆီများ ပိုမိုပါဝင်သော စားသုံးဆီများကို ပြန်ကြော်ဆီများအဖြစ် အသုံးပြုမိလျှင် အထက်တွင် ဖော်ပြခဲ့သော ကျန်းမာရေးဆိုးကျိုးအခြောက်အခြောက်ဖြစ်ပေါ်နိုင်ပေသည်။ စီးပွားရေးရှုထောင့်မှ ကြည့်လျှင်လည်း စားအုန်းဆီကဲ့သို့သော ဆီများကို ဓာတုအနှံ့များထည့်ကာ ပဲဆီ၊ နှမ်းဆီဟု စားသုံးသူများအား လိမ်ညာရောင်းချခြင်းမှ ယင်းဆီ၏တန်ဖိုးသည် ပဲဆီ၊ နှမ်းဆီအစစ်များကဲ့သို့ မြင့်မားလာသည့်အတွက် Shadow Inflation ကို ဖြစ်ပေါ်စေမည်ကို တွေ့ရှိရသည်။

နိဂုံးချုပ်အားဖြင့်ဆိုရလျှင် စားသုံးဆီသည် ပြည်သူများ၏ ကျန်းမာရေးအခန်းကဏ္ဍတွင် သာမက နိုင်ငံတော်၏ စီးပွားရေးကဏ္ဍတွင်ပါ အဓိကမဏ္ဍိုင်အဖြစ် ပါဝင်နေသည့်အတွက် ယင်းမဏ္ဍိုင်ရှေ့ရည်တည်တံ့ဖွံ့ဖြိုးတိုးတက်စေရန် ဌာနဆိုင်ရာအဖွဲ့အစည်းများ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ စားသုံးသူပြည်သူများ ဟန်ချက်ညီညီ ပူးပေါင်းဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ပေသည်။

ဌာနဆိုင်ရာ အဖွဲ့အစည်းများအနေဖြင့်လည်း ယခုကဲ့သို့သော ညွှန်ကြားချက်များ အခါအားလျော်စွာ ထုတ်ပြန်ပေးခြင်း၊ စီးပွားရေးလုပ်ငန်းရှင်များအား ပညာပေးခြင်း၊ စားသုံးသူပညာပေးခြင်းများ ပိုမိုလုပ်ဆောင်ရန် လိုအပ်သလို စီးပွားရေးလုပ်ငန်းရှင်များကလည်း အမျိုးသားရေးတာဝန်အသိဖြင့် လိုက်နာကျင့်သုံး ပူးပေါင်းပါဝင်ရမည်ဖြစ်သည်။ ထို့ပြင် စားသုံးသူများကလည်း မှန်ကန်သောအသိ၊ သတိတို့ဖြင့် ချင့်ချိန်ရွေးချယ် စားသုံးတတ်သည့် အလေ့အကျင့်ဖြစ်ထွန်းလာရေး တစ်ဦးချင်းစီ ပြုပြင်ပြောင်းလဲရမည်ဖြစ်သည်။ သို့မှသာ မဝေးတော့သည့် အနာဂတ်၌ စားသုံးသူအခန်းကဏ္ဍတွင် နိုင်ငံသားနှင့် စီးပွားရေးလုပ်ငန်းရှင်များ သုံးဦးသုံးဖက်လုပ် အကျိုးရှိလာနိုင်မည်ဖြစ်ကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

နတ်မောက်မြို့၌ သစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

နတ်မောက် ဇွန် ၁၄

မကွေးတိုင်း ဒေသကြီး နတ်မောက်မြို့နယ် သစ်တော ဦးစီးဌာနက ၂၀၂၆ ခုနှစ် မိုးရာသီ ပထမအကြိမ် သစ်ပင်စိုက်ပျိုးပွဲကို ယမန်နေ့နှံနက် ၇ နာရီခွဲက နတ်မောက်မြို့ ဗိုလ်တေ၈ အားကစားကွင်းအတွင်း ကျင်းပသည်။



အဆိုပါ သစ်ပင်စိုက်ပျိုးပွဲတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဝင်းနိုင်ဦးနှင့်အဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း၊ မြို့နယ်သစ်ပင်ချစ်သူများ၊ ကျောင်းသား ကျောင်းသူများနှင့် ဒေသခံပြည်သူများက ကျွန်းပင် ၁၀၀၊ ပိတောက်ပင် ၁၀၀၊ ဆီသပြေပင် ၁၀၀၊ တပေဘူတပင် ၁၀၀၊ စိန်တံခြူပင် ၁၀၀၊ စိန်ပန်းကြီးပင် ၁၀၀ စုစုပေါင်း အပင် ၆၀၀ တို့ကို စိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

လှဝင်း

အုတ်တွင်းမြို့နယ်၌ မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

အုတ်တွင်း ဇွန် ၁၄

တောင်ငူခရိုင် အုတ်တွင်းမြို့နယ် သစ်တောဦးစီးဌာနက ၂၀၂၆ ခုနှစ် မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ယမန်နေ့က ကျောင်းရှစ်ဆယ် - ဝက်ဖြူကုန်း ကျေးရွာချင်းဆက်လမ်း၌ ကျင်းပသည်။



စုပေါင်းစိုက်ပျိုး

အဆိုပါ သစ်ပင်စိုက်ပျိုးပွဲတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအဏ္ဏာပါအောင်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာများနှင့် ဝန်ထမ်းများ၊ မြို့နယ်သစ်တောဦးစီးဌာနမှ ဦးစီးအရာရှိ ဦးစိုးလွင်သူနှင့် ဝန်ထမ်းများ၊ ဒေသခံပြည်သူများက မဟော်ဂနီ၊ ပိတောက်၊ ကျွန်းပျိုးပင်၊ တင်ဝါးနှင့် ဝါးငုတ်တက်ပျိုးပင် စုစုပေါင်း ပျိုးပင် ၁၀၀၀ အား စုပေါင်းစိုက်ပျိုးခဲ့ကြောင်း မြို့နယ် သစ်တောဦးစီးဌာနမှ သိရသည်။

ခင်ခင်မာ(ပြန်/ဆက်)

ကျောက်မဲမြို့၌ ခရိုင်အဆင့် မိုးရာသီ ပထမအကြိမ်သစ်ပင်စိုက်ပျိုးပွဲကျင်းပ



ကျောက်မဲ ဇွန် ၁၄

ရှမ်းပြည်နယ် (မြောက်ပိုင်း) ကျောက်မဲခရိုင်အတွင်း ၂၀၂၆ ခုနှစ် ခရိုင်အဆင့် မိုးရာသီ ပထမအကြိမ်သစ်ပင်စိုက်ပျိုးပွဲအခမ်းအနားကို ယမန်နေ့နံနက် ၈ နာရီက ကျောက်မဲမြို့ မြို့ဝင်မုခ်ဦးအနီး ပင်လုံလမ်းဘေး၌ ကျင်းပသည်။

အခမ်းအနားတွင် နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီး အောင်နိုင်ဦး၊ ကျောက်မဲခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးကျော်ဆွေဝင်းနှင့် တာဝန်ရှိသူများက တက်ရောက်လာကြသူများထံသို့ ပျိုးပင်များကို အသီးသီး လွှဲပြောင်းပေးအပ်ကြပြီး မဲလီပင် ၂၀၀၊ ရေသင်းဝင်ပင် ၂၀၀ နှင့် စိန်ပန်းပြာ၊ စိန်တံခြူ။ ချယ်ရီ၊ ပျဉ်းကတိုး စသည့် စုစုပေါင်း သစ်ပျိုးပင် ၅၀၀ ကို လူထုလှုပ်ရှားမှုအသွင်ဖြင့် တပျော်တပါးစုပေါင်းစိုက်ပျိုးခဲ့ကြကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**



ဝါးခယ်မမြို့နယ်၌ မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

ဝါးခယ်မ ဇွန် ၁၄

ရောဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် ဝါးခယ်မမြို့နယ်၌ မြို့နယ်သစ်တောဦးစီးဌာနက ၂၀၂၆ ခုနှစ် မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ထော်ကန္တော်ရပ်ကွက် မြို့အဝင်တံတားအဆင်းတွင် ကျင်းပသည်။

သစ်ပင်စိုက်ပွဲကို မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစွမ်းထက်နှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် ဝန်ထမ်းများ၊ အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ လူရည်ချွန်ကျောင်းသား၊ ဆရာ ဆရာမများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

အဆိုပါသစ်ပင်စိုက်ပျိုးပွဲတွင် မန်ကျန်ရှားပင် ၃၅၀၊ ပျဉ်းကတိုးပင် ၅၀၊ ကျွန်းပင် ၅၀၊ မဟော်ဂနီပင် ၅၀ စုစုပေါင်းအပင် ၅၀၀တို့ကို စုပေါင်းစိုက်ပျိုးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

ပေါက်ခေါင်းမြို့နယ်၌ သစ်ပင် စိုက်ပျိုးပွဲ ကျင်းပ

ပေါက်ခေါင်း ဇွန် ၁၄

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပေါက်ခေါင်းမြို့နယ်၌ ၂၀၂၆ခုနှစ် ဇူလိုင် ၃ ရက်တွင် ကျရောက်မည့် မြန်မာအမျိုးသမီးများနေ့ကို ကြိုဆို ဂုဏ်ပြုသောအားဖြင့် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ယမန်နေ့နံနက်ပိုင်းက အမှတ် (၃) ရပ်ကွက် ရွာထောင်ကျေးရွာအုပ်စု မုန်ကုန်းကျေးရွာ၌ ကျင်းပသည်။

ဦးစွာ ပေါက်ခေါင်းမြို့နယ် သစ်တောဦးစီးဌာနက မြို့နယ်အမျိုးသမီးရေးရာအဖွဲ့အား ပျိုးပင်များပေးအပ်ခဲ့ပြီး မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များက ကျွန်း၊ ပျဉ်းကတိုး၊ မန်ကျန်ရှား၊ စိန်ပန်းကြီး၊ ကုက္ကို၊ ရေတမာ၊ သခွတ်၊ ပိတောက်စသည့် သစ်မျိုး ရှစ်မျိုး ပျိုးပင် ပေါင်း ၅၀၀ တို့အား စုပေါင်းစိုက်ပျိုးခဲ့ကြောင်း သိရသည်။

ဖုန်းကျော်ဇင်(ပြန်/ဆက်)





လက်ပံတန်းမြို့နယ်၌ မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

လက်ပံတန်း ဇွန် ၁၄

ပဲခူးတိုင်းဒေသကြီး လက်ပံတန်းမြို့နယ် သစ်တောဦးစီးဌာနက ကြီးမှူး၍ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ဘီးလင်းတန်းရပ်ကွက် အထက(၂) ကျောင်းဝင်းတွင် ယမန်နေ့နံနက်ပိုင်းက ပြုလုပ်သည်။

ဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးနေမင်းအောင်နှင့် တာဝန်ရှိသူများက ပျိုးပင်များကို တက်ရောက်လာသူများထံ ပေးအပ်ပြီး မြို့နယ်တာဝန်ရှိသူများ၊ သစ်တောဦးစီးဌာနဦးစီးအရာရှိဦးဝင်းထိုက်နှင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းအဖွဲ့ဝင်များ၊ မြို့နယ်ပညာရေးမှူးနှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် ပြည်သူများ ပူးပေါင်း၍ ပိတောက်၊ မဟော်ဂနီ၊ မန်ကျန်ရှား၊ ကျွန်း၊ ယင်းမာပင် ပျိုးပင်ပေါင်း ၅၀၀ ကို စုပေါင်း စိုက်ပျိုးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



ရှမ်းပြည်နယ်(မြောက်ပိုင်း) တန့်ယန်းမြို့နယ်တွင် မိုးရာသီအကြို စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ဇွန် ၁၃ ရက် နံနက် ၈ နာရီက တပ်နယ်စိုက်ခင်း၌ ကျင်းပရာ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီး ထွန်းနိုင်လင်း၊ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးကိုကိုဦးနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးချုန်မျိုးထွန်းနှင့် တာဝန်ရှိသူများက စုပေါင်းသစ်ပင်စိုက်ပျိုးကြစဉ်။

မင်းလွင်ဦး(တန့်ယန်း)

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ဇွန် ၁၃ ရက် နံနက် ၇ နာရီခွဲတွင် ကုန်းတန်းကြီးကျေးရွာ မြန်မာ့မီးရထား(ပုဂံဘူတာ)ဝင်းအတွင်း၌ ကျင်းပရာ ညောင်ဦးခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်မင်းညီနှင့် ကော်မတီဝင်များ၊ ညောင်ဦးမြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဝင်းလှိုင်တင့်နှင့် ကော်မတီဝင်များက စုပေါင်းစိုက်ပျိုးကြစဉ်။

ဒီပါလင်း



ကုန်သွယ်မှုကိုဖော်ဆောင်ဖို့ ဇုန်နှင့် Compartment များ တည်ထောင်စို့

ကမ္ဘာလုံးဆိုင်ရာ ကုန်သွယ်မှုကဏ္ဍတွင် နိုင်ငံဖြတ်ကျော် တိရစ္ဆာန်ကူးစက်ရောဂါများပြန့်ပွားမှုက စီးပွားရေးနှင့် စားရေရိက္ခာဖူလုံမှုကို ကြီးမားစွာခြိမ်းခြောက်လျက်ရှိပါသည်။ ထို့ကြောင့် ကမ္ဘာ့တိရစ္ဆာန်ကျန်းမာရေးအဖွဲ့(WOAH) အနေဖြင့် ရောဂါဘေးကင်းပြီး ကုန်သွယ်မှုမပြတ်တောက်စေရန် သိပ္ပံနည်းကျ စံနှုန်းများကို ချမှတ်ပေးထားပြီး ယင်းစံနှုန်းများထဲတွင် အရေးကြီးဆုံးလမ်းညွှန်ချက်များမှာ ဇုန်ခွဲခြားခြင်း (Zoning)နှင့် ဇီဝလုံခြုံမှုအခြေပြု ရောဂါကင်းစင်သည့် သီးခြားမွေးမြူရေးလုပ်ငန်းစု/ ခြံ(Compartment)တို့ပင်ဖြစ်သည်။

အောင်ငြိမ်းချမ်း(မွေး/ကု)

မြန်မာနိုင်ငံအနေဖြင့် ပြည်ပသို့ တိရစ္ဆာန်နှင့် တိရစ္ဆာန်ထွက်ပစ္စည်းများ စဉ်ဆက်မပြတ် ဘေးအန္တရာယ်ကင်းရှင်းစွာတင်ပို့နိုင်ရေးအတွက် ဇုန်ခွဲခြားခြင်းနှင့် ဇီဝလုံခြုံမှုအခြေပြုရောဂါကင်းစင်သည့် သီးခြားမွေးမြူရေးလုပ်ငန်းစု/ခြံလုပ်ငန်းစဉ်များကို အစိုးရ ပုဂ္ဂလိက လုပ်ငန်းရှင်များနှင့် မွေးမြူသူတောင်သူများပူးပေါင်းကာ အမျိုးသားအဆင့်စီမံကိန်းအဖြစ် အကောင်အထည်ဖော်ရန် အချိန်ကျရောက်လာပြီဖြစ်သည်။

ဇုန်ခွဲခြားခြင်းဆိုသည်မှာ တိရစ္ဆာန်ရောဂါကူးစက်မှုအခြေအနေအပေါ်မူတည်၍ ပထဝီ၊ နယ်နိမိတ်သတ်မှတ်ချက်ဖြင့် ခွဲခြားခြင်းဖြစ်ပါသည်။ ဥပမာအားဖြင့် ရောဂါကင်းရှင်းဇုန်(Free Zone)၊ ကာကွယ်ဇုန်(Protection Zone)၊ ထိန်းချုပ်ရေးဇုန်(Control Zone)နှင့် လိုအပ်ပါက ဇီဝလုံခြုံမှုလမ်းကြောင်း(Biosafety Channel)ဟူ၍ ခွဲခြားကာ အစိုးရက ဦးဆောင်ထိန်းချုပ်ရသောစနစ်ဖြစ်သည်။

ခွာနာလျှာနာရောဂါကင်းရှင်းဇုန်၊ ကာကွယ်ဇုန်နှင့် ထိန်းချုပ်ရေးဇုန်တို့ကို တည်ထောင်

မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနက ရှမ်းပြည်နယ်(မြောက်ပိုင်း) ကွတ်ခိုင်ခရိုင် ကွတ်ခိုင်မြို့နယ်တွင် ခွာနာလျှာနာရောဂါကင်းရှင်းဇုန်၊ ကာကွယ်ဇုန်၊ ထိန်းချုပ်ရေးဇုန်နှင့် ဇီဝလုံခြုံမှုလမ်းကြောင်းတို့ကို တည်ထောင်ထားရှိပြီး နေပြည်တော်ကောင်စီနယ်မြေအတွင်း၌လည်း ခွာနာလျှာနာရောဂါ ကင်းရှင်းဇုန်၊ ကာကွယ်ဇုန်နှင့် ထိန်းချုပ်ရေးဇုန်တို့ကို တည်ထောင်ထားရှိသည်။

ဇုန်များတည်ထောင်ရာတွင် ခွာနာလျှာနာရောဂါကင်းရှင်းဇုန်၊ ကာကွယ်ဇုန်နှင့် ထိန်းချုပ်ရေးဇုန်အတွင်းရှိ ခွာကွဲတိရစ္ဆာန် (ကျွဲ၊ နွား၊ သိုး၊ ဆိတ်၊ ဝက်)များကို ခွာနာလျှာနာရောဂါကာကွယ်ဆေးထိုးခြင်း၊ နားကပ်အမှတ်အသားတပ်ဆင်ခြင်း၊ စာရင်းရေးသွင်းခြင်းတို့ ဆောင်ရွက်ပြီး ခွာနာလျှာနာရောဂါကာကွယ်ဆေးထိုးပြီးစီးသော တိရစ္ဆာန်များ၏ သွေးရည်ကြည်နမူနာပစ္စည်းများကိုရယူ၍ တိရစ္ဆာန်ရောဂါရှာဖွေရေးဓာတ်ခွဲခန်းသို့ပေးပို့ပြီး တိရစ္ဆာန်၏ ရောဂါကာကွယ်မှုကိုယ်ခံစွမ်းအား ပေါ်ထွက်မှုအခြေအနေ စစ်ဆေးခြင်းတို့ဆောင်ရွက်ရသည်။

ဇီဝလုံခြုံမှုအခြေပြုရောဂါကင်းစင်သည့် သီးခြားမွေးမြူရေးလုပ်ငန်းစု/ခြံသည် ပထဝီဝင်အနေအထားထက် မွေးမြူရေးလုပ်ငန်းတစ်ခုလုံး၏ ဇီဝလုံခြုံမှုနှင့် စီမံခန့်ခွဲမှုစနစ်အပေါ်အခြေခံ၍ ရောဂါကင်းစင်ကြောင်းသတ်မှတ်ခြင်း၊ မွေးမြူရေးခြံ၊ အစာစက်ရုံနှင့် သားသတ်ရုံတို့ပါဝင်ပြီး လုပ်ငန်းရှင်များက အဓိကဦးဆောင်ရပါသည်။ လက်ရှိတွင် မလေးရှားနိုင်ငံနှင့် ထိုင်းနိုင်ငံတို့မှ ASF (အာဖရိကဝက်အပြင်းဖျားရောဂါ) ကင်းရှင်းသော ဇီဝလုံခြုံမှုအခြေပြုရောဂါကင်းစင်သည့် သီးခြားမွေးမြူရေးလုပ်ငန်းစု/ခြံကို တည်ထောင်ထားရှိပြီး ပြည်ပနိုင်ငံများသို့ ဝက်အရင်တင်ပို့ခြင်းများ ဆောက်ရွက်လျက်ရှိပါသည်။ နိုင်ငံအတွင်း အာဖရိကဝက်အပြင်းဖျားရောဂါ (African Swine Fever) ဖြစ်ပွားသော်လည်း ကုန်သွယ်ဖက်နိုင်ငံများကို ဇီဝလုံခြုံမှုအခြေပြုရောဂါကင်းစင်သည့် သီးခြားမွေးမြူရေးလုပ်ငန်းစု/ခြံမှ အာဖရိကဝက်အပြင်းဖျားရောဂါကင်းရှင်းကြောင်း သက်သေပြ၍ ကုန်သွယ်မှုကို ဆက်လက်ဆောင်ရွက်နိုင်ခဲ့သည်။

ကုန်သွယ်မှုမပြတ်တောက်စေရေး နိုင်ငံအတွင်း အခြားဒေသများတွင် ရောဂါဖြစ်ပွားနေသော်လည်း ရောဂါကင်းရှင်းသောဇုန် သို့မဟုတ် Compartment သတ်မှတ်ချက်ရရှိထားသည့်လုပ်ငန်းများမှ ပြည်ပသို့ အနှောင့်အယှက်မရှိ ဆက်လက်တင်ပို့နိုင်မည်ဖြစ်ပါသည်။ နိုင်ငံတကာ ယုံကြည်မှုရရှိခြင်း၊ WOAH ၏ စံနှုန်းများနှင့်အညီ စနစ်တကျ အကောင်အထည်ဖော်ထားခြင်းကြောင့် ဝယ်ယူမည့်ကုန်သွယ်ဖက်နိုင်ငံများ၏ယုံကြည်မှုကို အပြည့်အဝရရှိစေသည်။

ဇီဝလုံခြုံမှုအခြေပြု ရောဂါကင်းစင်သည့်သီးခြားမွေးမြူရေးလုပ်ငန်းစု/ခြံ တည်ထောင်ခြင်းအားဖြင့် အာဖရိကဝက်အပြင်းဖျားရောဂါ၊ ကြက်ငှက်တုပ်ကွေးရောဂါကဲ့သို့ ကူးစက်ရောဂါများကို ကာကွယ်ပေးနိုင်သဖြင့် ရုတ်တရက်ဖြစ်ပွားတတ်သော ကပ်ရောဂါများကြောင့်ဖြစ်ပွားသည့် လုပ်ငန်းပျက်စီးဆုံးရှုံးစေခြင်းမှ ကာကွယ်ပေးနိုင်သည်။

မလေးရှားနိုင်ငံ ဆာရာဝက်(Sarawak) ပြည်နယ်တွင် ခိုင်မာသော ဥပဒေမိုးမိုးမှု၊ စနစ်တကျ တိရစ္ဆာန်မှတ်ပုံတင်စနစ် (Ear Tags) နှင့် ဒစ်ဂျစ်တယ် eVET Permit စနစ်များဖြင့် ကာကွယ်ဆေးထိုးရန်မလိုဘဲ ခွာနာလျှာနာရောဂါကင်းရှင်းဇုန်ကို ထိန်းသိမ်းပြီး စင်ကာပူနိုင်ငံသို့ တိရစ္ဆာန်အရှင်များကို အောင်မြင်စွာတင်ပို့လျက်ရှိသည်။

ထိုင်းနိုင်ငံ ဝက်မွေးမြူရေးကဏ္ဍတွင် အဆင့်မြင့်ဇီဝလုံခြုံမှုအခြေခံသည့် ဇီဝလုံခြုံမှုအခြေပြု ရောဂါကင်းစင်သည့် သီးခြားမွေးမြူရေးလုပ်ငန်းစု/ခြံစနစ် (ခြံ၊ အစာစက်ရုံ၊ သားသတ်ရုံ) ကို တည်ထောင်ပြီး ပြည်ပနိုင်ငံများသို့ ဘေးကင်းလုံခြုံသော အသားထုတ်ကုန်များကို ယုံကြည်စိတ်ချစွာတင်ပို့လျက်ရှိသည်။

တိရစ္ဆာန်နှင့် တိရစ္ဆာန်ထွက်ပစ္စည်း ကုန်သွယ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန် ပူးပေါင်းဆောင်ရွက်

ကုန်သွယ်မှုတိုးတက်ရေးအတွက် ရှေ့ဆက်ရမည့်လုပ်ငန်းစဉ်များမှ နိုင်ငံအတွင်း တိရစ္ဆာန်နှင့် တိရစ္ဆာန်ထွက်ပစ္စည်း ကုန်သွယ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် အောက်ပါလုပ်ငန်းစဉ်များကို အားသွန်ခွန်စိုက် ပူးပေါင်းဆောင်ရွက်ကြရန် တိုက်တွန်းလိုသည်။

- **ဇီဝလုံခြုံမှုအခြေပြု ရောဂါကင်းစင်သည့်သီးခြားမွေးမြူရေးလုပ်ငန်းစု/ခြံတည်ထောင်ခြင်းအားဖြင့် အာဖရိကဝက်အပြင်းဖျားရောဂါ၊ ကြက်ငှက်တုပ်ကွေးရောဂါကဲ့သို့ ကူးစက်ရောဂါများကို ကာကွယ်ပေးနိုင်သဖြင့် ရုတ်တရက်ဖြစ်ပွားတတ်သော ကပ်ရောဂါများကြောင့်ဖြစ်ပွားသည့် လုပ်ငန်းပျက်စီးဆုံးရှုံးစေခြင်းမှ ကာကွယ်ပေးနိုင်**
- **တိရစ္ဆာန်ရောဂါများ ကူးစက်ပြန့်ပွားလာပါက မွေးမြူရေးကဏ္ဍတစ်ခုလုံး ပျက်စီးဆုံးရှုံးနိုင်ပြီး ကုန်သွယ်မှုလုပ်ငန်းများကို ထိခိုက်စေမည်ဖြစ်သည်။ ထိုသို့ မဖြစ်စေရေးအတွက် ဇုန်နှင့် Compartment များ တည်ထောင်ခြင်းသည် ကုန်သွယ်မှုလုပ်ငန်းများ ရေရှည်ဆောင်ရွက်နိုင်ရန် မဖြစ်မနေလုပ်ဆောင်ရမည့် မဟာဗျူဟာမြောက်လုပ်ငန်းစဉ်ဖြစ်**

မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၏ အခန်းကဏ္ဍအနေဖြင့် တိရစ္ဆာန်ဆေးကုသရေးဝန်ဆောင်မှုကို အားကောင်းစေခြင်း(CAHW များ)၊ ကာကွယ်ဆေးထိုးလုပ်သားများဖြင့် ပူးပေါင်းဆောင်ရွက်ခြင်း)၊ တိရစ္ဆာန်ရွှေ့ပြောင်းမှုများထိန်းချုပ်ခြင်း (ဇုန်အဝင်အထွက်များတွင် တိရစ္ဆာန်နှင့် တိရစ္ဆာန်ထွက်ပစ္စည်းစစ်ဆေးရေးဂိတ်များ ဖွင့်လှစ်ထားရှိခြင်း)နှင့် တိကျသော နောက်ကြောင်းပြန်ခြေရာခံစနစ် (Micro Chip နားကပ်အမှတ်အသား တပ်ဆင်ခြင်းများ) ဆောင်ရွက်ထားရှိပြီး နိုင်မာသော အမျိုးသားအဆင့်မူဝါဒများရေးဆွဲပေးရမည်ဖြစ်သည်။

ပုဂ္ဂလိကကဏ္ဍတွင် (မွေးမြူရေးလုပ်ငန်းရှင်များ) မိမိတို့ခြံဝင်းအတွင်း လေထု၊ ရေနှင့် ခြံအဝင်အထွက်များကို တင်းကျပ်စွာထိန်းချုပ်သည့် ဇီဝလုံခြုံမှုစနစ်(Biosecurity) မြှင့်တင်ရန်နှင့် ကုန်ကျစရိတ်နှင့် အကျိုးအမြတ် ခန်းစစ်ချက်(Cost Benefit Analysis) များကို စီမံခန့်ခွဲ၍ ရေရှည်ရင်းနှီးမြှုပ်နှံရန် လိုအပ်သည်။

ထိုသို့ဆောင်ရွက်ရာတွင် တိရစ္ဆာန်များ၏ ကျန်းမာရေးရာဇဝင်၊ ကာကွယ်ဆေးထိုးမှတ်တမ်း၊ အစာနှင့် ဆေးဝါးရယူမှုမှတ်တမ်းများကို စနစ်တကျမှတ်တမ်း(ဒစ်ဂျစ်တယ်စနစ်) ထားရှိမှသာ ပြည်ပနိုင်ငံများ၏ စစ်ဆေးမှုများ (Audits) ကို အောင်မြင်စွာကျော်ဖြတ်နိုင်မည်ဖြစ်သည်။

လက်ရှိတွင် နေပြည်တော်ကောင်စီနယ်မြေအတွင်း ခွာနာလျှာနာရောဂါကင်းရှင်းဇုန်၊ ကာကွယ်ရေးဇုန်နှင့် ထိန်းချုပ်ရေးဇုန်များကို အောင်မြင်စွာ တည်ထောင်ထားရှိပြီးဖြစ်ပါသည်။ တရုတ်နိုင်ငံ GACC အဖွဲ့၏ စံနှုန်းသတ်မှတ်ချက်များနှင့်အညီ စနစ်တကျပြင်ဆင် ဆောင်ရွက်ထားပြီးဖြစ်သောကြောင့် လုပ်ထုံးလုပ်နည်းများနှင့်အညီ ကျွဲ၊ နွားနှင့် တိရစ္ဆာန်ထွက်ပစ္စည်းကုန်သွယ်မှုလုပ်ငန်းများ မကြာမီ နှစ်နိုင်ငံသဘောတူ ပြန်လည်စတင်နိုင်တော့မည်ဟု မျှော်မှန်းထားပါသည်။

နိုင်မာသောစွေးကွက် ရရှိလာမည်

ကျွဲ၊ နွားကုန်သွယ်မှုလုပ်ငန်းများဆောင်ရွက်နိုင်ပါက " ကုန်သည်မှ မွေးမြူသူသို့၊ မွေးမြူသူမှ ကုန်သည်သို့" မူဝါဒကို ဖော်ဆောင်နိုင်မည်ဖြစ်သည်။ ထိုသို့ ကျွဲ၊ နွားတင်ပို့သည့် ကုန်သည်နှင့် ကျွဲ၊ နွား မွေးမြူသူတို့ အတူတကွဆက်သွယ်ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ကျွဲ၊ နွား မွေးမြူရေးလုပ်ငန်း ပိုမိုဖွံ့ဖြိုးတိုးတက်လာစေပြီး အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေမည်ဖြစ်ကာ ခိုင်မာသောစွေးကွက်ရရှိလာမည်ဖြစ်၍ မွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါသည်။ တရား မဝင်ကုန်သွယ်မှု လျော့နည်းစေပြီး နိုင်ငံတော်ဝင်ငွေ ပိုမိုတိုးတက်၍ နယ်စပ်ဖြတ်ကျော် ကူးစက်ရောဂါများကို ကာကွယ်ထိန်းချုပ်နိုင်မည်ဖြစ်သည်။

ပြည်ပသို့အေးခဲအသား၊ အသားခြောက်၊ တိရစ္ဆာန်ထွက်ပစ္စည်းနှင့် တိရစ္ဆာန်အစာများတင်ပို့ပါက ပြည်တွင်းစားသုံးမှုမှ ပိုလျှံသည့် တိရစ္ဆာန်ထွက်ပစ္စည်း၊ တိရစ္ဆာန်အစာများကို မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၏မူဝါဒနှင့်အညီ ပြည်ပသို့တင်ပို့ခွင့်ပြုခြင်းဖြင့် နိုင်ငံတော်ဝင်ငွေ ပိုမိုတိုးတက်လာစေမည်ဖြစ်ပြီး မွေးမြူထုတ်လုပ်သူများ၏ လူမှုစီးပွားဘဝတိုးတက်၍ ပြည်တွင်းအလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်ကာ အစားအစာဘေးကင်းလုံခြုံစေမည်ဖြစ်ပြီး နယ်စပ်ဖြတ်ကျော် တိရစ္ဆာန်ကူးစက်ရောဂါထိန်းချုပ်မှုကို ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။

တိရစ္ဆာန်ရောဂါများ ကူးစက်ပြန့်ပွားလာပါက မွေးမြူရေးကဏ္ဍတစ်ခုလုံး ပျက်စီးဆုံးရှုံးနိုင်ပြီး ကုန်သွယ်မှုလုပ်ငန်းများကို ထိခိုက်စေမည်ဖြစ်သည်။ ထိုသို့မဖြစ်စေရေးအတွက် ဇုန်နှင့် Compartment များ တည်ထောင်ခြင်းသည် ကုန်သွယ်မှုလုပ်ငန်းများရေရှည် ဆောင်ရွက်နိုင်ရန် မဖြစ်မနေလုပ်ဆောင်ရမည့် မဟာဗျူဟာမြောက် လုပ်ငန်းစဉ်ဖြစ်သည်။

သို့ဖြစ်ပါ၍ ကုန်သွယ်မှုလုပ်ငန်းများ စဉ်ဆက်မပြတ်ဆောင်ရွက်နိုင်ရေးအတွက် မိမိတို့ပြည်ထောင်စုအတွင်းရှိ မွေးမြူသူတောင်သူများ၊ ပုဂ္ဂလိကမွေးမြူရေးလုပ်ငန်းရှင်ကြီးများနှင့် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနတို့အားလုံး လက်တွဲညီညီပူးပေါင်း၍ "ကုန်သွယ်မှုကို ဖော်ဆောင်ဖို့ ဇုန်နှင့် Compartment များတည်ထောင်စို့" ဟု တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

❍ နာမည်ကြီးဘရာဇီးအသင်းမှ

သွင်ဂိုးတစ်ဂိုးကို ပထမပိုင်းပွဲကစားချိန် ၃၂ မိနစ်မှာ ဗီနီစီးယပ်ဂျူနီယာက သွင်းယူပေးခဲ့ပြီး မော်ရိုကိုအသင်းအတွက် သွင်းဂိုးတစ်ဂိုးကိုတော့ ပထမပိုင်းပွဲကစားချိန် ၂၁ မိနစ်မှာ ဆိုင်ဘာရီက သွင်းယူပေးခဲ့တာဖြစ်ပါတယ်။ စကော့တလန်အသင်းကတော့ အုပ်စုအဆင့်အဖွင့်ပွဲစဉ်မှာ ဟောတီအသင်းကို ပထမပိုင်းပွဲကစားချိန် ၂၈ မိနစ်မှာ ရရှိခဲ့တဲ့ မက်ဂင်ရဲ့ တစ်လုံးတည်းသောသွင်းဂိုးနဲ့ အနိုင်ရရှိခဲ့တာဖြစ်ပါတယ်။ ဇွန် ၁၄ ရက်မှာ ယှဉ်ပြိုင်ကစားခဲ့တဲ့ အုပ်စု(D) ရဲ့ ပွဲစဉ်တစ်ပွဲဖြစ်တဲ့ ဩစတြေးလျအသင်းနဲ့ တူကီယဲအသင်းတို့ပွဲစဉ်မှာတော့ ဩစတြေးလျအသင်းက တူကီယဲအသင်းကို နှစ်ဂိုးပြတ်ဖြင့် အနိုင်ရရှိခဲ့တာဖြစ်ပါတယ်။ အဲဒီပွဲစဉ်မှာ ဩစတြေးလျအသင်းအတွက် ဦးဆောင်ဂိုးစတင်သွင်းယူပေးခဲ့တဲ့ အီရန်ကွန်ဒါဟာ ကမ္ဘာ့ဖလားပြိုင်ပွဲမှာ ဂိုးသွင်းယူနိုင်ခဲ့တဲ့သြစတြေးလျ နိုင်ငံရဲ့ အသက်အငယ်ဆုံးကစားသမားအဖြစ်လည်း မှတ်တမ်းတင်ခဲ့တာဖြစ်ပါတယ်။ အခြားသောကမ္ဘာ့ဖလားအုပ်စုအဆင့် ပွဲစဉ်တစ်ပွဲဖြစ်တဲ့ ကာတာအသင်းနဲ့ ဆွစ်ဇာလန်အသင်းတို့ ပွဲစဉ်မှာတော့ တစ်ဖက်တစ်ဂိုးစီသရေရလဒ်ထွက်ပေါ်ခဲ့တာဖြစ်ပါတယ်။ ငွေကြေးပြည့်ဝဆီများကို တတ်နိုင်သမျှ လျှော့စား၍ အသွင်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ကြပါစို့



စကုမြို့၌ တန်ဖိုးမြင့်စားသောက်ကုန်ထုတ်လုပ်မှု နည်းပညာသင်တန်း ဖွင့်လှစ်

မင်းဘူး ၆ နှစ် ၁၄

မကွေးတိုင်းဒေသကြီး မင်းဘူး(စကု)မြို့နယ် စကုမြို့၌ တန်ဖိုးမြင့် စားသောက်ကုန်ထုတ်လုပ်မှု နည်းပညာသင်တန်းကို ၆ နှစ် ၁၂ ရက် နံနက်ပိုင်းက စကုမြို့ အမှတ်(၁)ရပ်ကွက်ရှိ မြို့လယ်ပုညရှင် မန္တာရုံ၌ ဆောင်ရွက်သည်။

သင်တန်းဖွင့်ပွဲတွင် စကုမြို့အုပ်ချုပ်ရေးမှူး ဦးအောင်ဇေဝိုင်းက အမှာစကားပြောကြားပြီး မင်းဘူးခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်ခင်ခင်လေးက သင်တန်းဖွင့်လှစ်ရခြင်းနှင့် ပတ်သက်၍ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာန မင်းဘူးခရိုင်ရုံးမှ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် အသက်မွေးဝမ်းကျောင်းကာလတို သင်တန်းများအနက်မှ ဒေသတွင်း ကုန်ထုတ်လုပ်မှုကဏ္ဍ မြှင့်တင်နိုင်စေရန် ရည်ရွယ်ဖွင့်လှစ်သည့် တန်ဖိုးမြင့်စားသောက်ကုန်ထုတ်လုပ်မှု နည်းပညာသင်တန်းတွင် သင်တန်းသူ ၂၀ ဖြင့် ၆ နှစ် ၁၂ ရက်မှ ၁၈ ရက်အထိ ခုနစ်ရက်ကြာ ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း၊ သင်တန်းတွင် ဒေသတွင်းမှ ထွက်ရှိသည့် အသီးအနှံများနှင့် ကုန်ကြမ်းပစ္စည်းများကို အသုံးပြုကာ စားသောက်ကုန်ပြုလုပ်နည်းအမျိုးမျိုးကို စာတွေ့၊ လက်တွေ့ ဘာသာရပ်များဖြင့် စနစ်တကျ လေ့ကျင့်သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

မောင်မောင်(မင်းဘူး)

မိတ္ထီလာမြို့နယ်၌ နှမ်းသီးနှံစံပြကွက်တွင် ဓာတ်မြေဩဇာနှင့် သဘာဝမြေဩဇာအချိုးကျရောစပ်၍ ထည့်သွင်းခြင်းနှင့် တန်းကြားထွန်လိုက်ခြင်း သရုပ်ပြပွဲကျင်းပ

မိတ္ထီလာ ၆ နှစ် ၁၄

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ်၌ နှမ်းသီးနှံစံပြကွက်တွင် ယူရီးယားဓာတ်မြေဩဇာနှင့် သဘာဝမြေဩဇာ အချိုးကျရောစပ်၍ ထည့်သွင်းခြင်းနှင့် တန်းကြားထွန်လိုက်ခြင်း သရုပ်ပြပွဲကို ၆ နှစ် ၁၃ ရက်က ပန်းတိမ်ကုန်းကျေးရွာ တောင်သူ ဦးမောင်ရွှေ၏ မိုးနှမ်း(စိန်ခို) စိုက်ဧက သုံးဧက၌ ကျင်းပသည်။

ကြည့်ရှုအားပေး

သရုပ်ပြပွဲတွင် မိတ္ထီလာမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသက်နိုင်အေးက ယူရီးယားဓာတ်မြေဩဇာနှင့် သဘာဝမြေဩဇာ ရောစပ်ထည့်သွင်းခြင်းဖြင့် ရရှိလာမည့် အကျိုးကျေးဇူးများနှင့် ပြုလုပ်သုံးစွဲနည်းများကို ရှင်းလင်းပြောကြားသည်။ ထို့နောက် စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူများနှင့် ဒေသခံတောင်သူများက နှမ်းသီးနှံ(စိန်ခို) စံပြကွက်တွင် ယူရီးယားဓာတ်မြေဩဇာနှင့် သဘာဝမြေဩဇာ တစ်အချိုး



သုံးအချိုးကျရောစပ်၍ ထည့်သွင်းခြင်းနှင့် တန်းကြားထွန်လိုက်ခြင်း သရုပ်ပြပွဲကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

သိန်းမြင့်ကျော်(မိတ္ထီလာ)

မြစ်ကြီးနားမြို့နယ်၌ တောင်သူများအသိပညာပေးပွဲပြုလုပ်ပြီး ဓာတ်မြေဩဇာနှင့် မျိုးသန့်မျိုးစေ့များပေးအပ်



မြစ်ကြီးနား ၆ နှစ် ၁၄

ကချင်ပြည်နယ် မြစ်ကြီးနား မြို့နယ် ဗလမင်းထင်စံပြစိုက်ကွင်း အတွင်း မိုးစပါးပန်းတိုင် အထွက် နှုန်းရရှိရေးနှင့် လယ်သီးထပ် ဆီထွက်သီးနှံ အောင်မြင်စွာ စိုက်ပျိုးနိုင်ရေး တောင်သူ အသိပညာပေး ဆွေးနွေးခြင်းနှင့် ဓာတ်မြေဩဇာနှင့် မျိုးသန့်မျိုးစေ့များ ထောက်ပံ့ပေးအပ်ခြင်းကို ၆ နှစ် ၁၁ ရက်က မြစ်ကြီးနားမြို့ ခရိုင် စိုက်ပျိုးရေးရုံးဝင်းအတွင်း၌ ပြုလုပ်သည်။

ဦးစွာ ခရိုင်စိမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးထွန်းထွန်းဝင်းက မိုးစပါးစိုက် တောင်သူများအား လယ်ဧကတိုင်း အပြည့်အဝ စိုက်ပျိုးနိုင်ရေးနှင့် ဆောင်းသီးထပ်အတွက် ဆီထွက်သီးနှံစိုက်ဧက တိုးချဲ့အောင်မြင်စွာ စိုက်ပျိုးနိုင်ရေး ညှိနှိုင်းဆွေးနွေးပေးခဲ့ပြီး တောင်သူများအတွက် ကွန်ပေါင်း ဓာတ်မြေဩဇာနှင့် စီးပွားဖြစ်မျိုးသန့်မျိုးစေ့ ဆင်းဧကရီ(၃) စပါးမျိုးစေ့အိတ်များကို ပံ့ပိုးပေးအပ်ခဲ့သည်။

ထို့နောက် ခရိုင်စိုက်ပျိုးရေး ဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမင်းဆွေက ဓာတ်မြေဩဇာနှင့် သဘာဝမြေဩဇာ အချိုးကျထည့်သွင်း စိုက်ပျိုးနိုင်ရေး စိုက်ပျိုးနည်းစနစ်များနှင့် မိုးစပါးရိတ်သိမ်းအပြီး ရိုးပြတ် ကျန်လယ်အားလုံးတွင် ဆီထွက်သီးနှံ စိုက်ပျိုးနိုင်ရေး နည်းလမ်းများနှင့် တောင်သူများ ပူးပေါင်းပါဝင် ဆောင်ရွက်ကြရမည့် နည်းလမ်းများကို အသိပညာပေး ရှင်းလင်းဆွေးနွေးပေးခဲ့ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

ဟသ်ာတမြို့နယ်၌ မိုးစပါးရာသီ မျိုးစေ့ချကိရိယာဖြင့် လက်တွေ့စိုက်ပျိုးသရုပ်ပြ



ဟသ်ာတ ၆ နှစ် ၁၄

ရောဝတီတိုင်းဒေသကြီး ဟသ်ာတမြို့နယ်၌ မျိုးစေ့ချကိရိယာဖြင့် မိုးစပါး လက်တွေ့စိုက်ပျိုးခြင်းနှင့် ကွင်းသရုပ်ပြ အသိပညာပေးခြင်းကို ယမန်နေ့နံနက်ပိုင်းက အင်းစဝယ်ကျေးရွာအုပ်စု တောင်သူ ဦးသိန်းဟံ၏ လယ်မြေနှစ်ဧကခွဲ လက်တွေ့သရုပ်ပြသည်။

ထို့နောက် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒုတိယဥက္ကဋ္ဌ ဒေါ်လှကြည်နှင့် မြို့နယ်စိမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်ဇေမင်းတို့က မိုးစပါးလျာထားချက်နှင့် ထွက်နှုန်းတိုးမြှင့်စေရေး ဆွေးနွေးပြောကြားပြီး မြို့နယ်စိမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနဦးစီးမှူး ဦးစောဝင်းရွှေတို့က တောင်သူများအား ဓာတ်မြေဩဇာများ ပေးအပ်ခဲ့ကြောင်း သိရသည်။

ကိုလွင်

ကြံခင်းမြို့၌ သမဝါယမအသင်းသား တောင်သူများအား အသိပညာပေးခြင်း ဆောင်ရွက်

ကြံခင်း ၆ နှစ် ၁၄

ရောဝတီတိုင်းဒေသကြီး ကြံခင်းမြို့နယ် သမဝါယမဦးစီးဌာနမှ သမဝါယမအသင်းသား မိုးစပါးနှင့် မိုးမြေပဲစိုက်တောင်သူများနှင့်တွေ့ ဆုံ၍ အသိပညာပေးဆွေးနွေးပွဲကို ယမန်နေ့နံနက်ပိုင်းက အဆိုပါရုံး အစည်းအဝေးခန်းမ၌ ပြုလုပ်သည်။

ဦးစွာ မြို့နယ်သမဝါယမအသင်းစုဥက္ကဋ္ဌ ဦးသိန်းဝင်းက အမှာစကားပြောကြားပြီး သမဝါယမဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သန္တာဌာနမှ ဆောင်ရွက်နေသည့် လုပ်ငန်းစဉ်များ၊ မိုးစပါးနှင့် မိုးမြေပဲစိုက်တောင်သူများအား သမဝါယမအသင်းသား စည်းကမ်းချက်များနှင့်အညီ ကူညီဆောင်ရွက်ပေးနေမှုကို ပြောကြားသည်။

ရွက်ဖျန်းအားဆေးများ ပံ့ပိုးကူညီ

ထို့နောက် ဦးနေလင်းအောင် (All In One Plus) ဇီဝသဘာဝမြေဩဇာကုမ္ပဏီက တောင်သူများ၏ စိုက်ပျိုးရေးနည်းပညာ လိုအပ်ချက်၊ ဓာတ်မြေဩဇာ၊ ရွက်ဖျန်းအားဆေးသုံးစွဲမှု ဆိုးကျိုးကောင်းကျိုးကို ဆွေးနွေးပြောကြားသည်။ ယင်းနောက် တောင်သူများ၏ မေးမြန်းမှုအား တာဝန်ရှိသူများက ပြန်လည်ဖြေကြားပြီး စံပြစိုက်ပျိုးမည့် တောင်သူများထံ ရွက်ဖျန်းအားဆေးများ ပံ့ပိုးကူညီပေးခဲ့သည်။

ဖြိုးဝေလင်း(ပြန်/ဆက်)



ကျောင်းကုန်းမြို့၌ ဒေသခံတောင်သူများသို့ သွင်းအားစုပေးအပ်ပွဲ ကျင်းပ

ကျောင်းကုန်း ၆ နှစ် ၁၄

ရောဝတီတိုင်း ဒေသကြီး ကျောင်းကုန်းမြို့နယ်တွင် မိုးစပါး စိုက်ပျိုးသည့် ဒေသခံတောင်သူများသို့ သွင်းအားစုပေးအပ်ပွဲ အခမ်းအနားကိုယမန်နေ့နံနက်ပိုင်းက မြို့နယ်သမဝါယမဦးစီးဌာနရုံး၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ် စိုက်ပျိုးရေး၊ မွေးမြူရေးကြီးကြပ်မှု ကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကိုကိုဦးက အမှာစကား ပြောကြားပြီး မြို့နယ်သမဝါယမဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်ကေသီမြင့်က သွင်းအားစုပေးအပ်မှုနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ၂၀၂၆-၂၀၂၇ ခုနှစ် မိုးစပါးစိုက်ပျိုးသည့် အသင်းသား တောင်သူများအား ငွေကျပ် သိန်း ၁၁၀ နှင့်ညီမျှသော သွင်းအားစု



ဓာတ်မြေဩဇာအိတ် ၁၀၀ ကို ပေးအပ်ခဲ့ကြောင်း သိရသည်။

ဝင်းကြိုင်(ပြန်/ဆက်)

PDF Game ဆော့ကစားခြင်းကြောင့် ဥပဒေအရ အရေးယူခံရနိုင်သည်

အကြမ်းဖက်လုပ်ငန်းများဆောင်ရွက်နေသည့် PDF အဖွဲ့များအား တစ်ဖက်တစ်လမ်းမှ ထောက်ပံ့လှူဒါန်းစေရန်၊ လူငယ်လူရွယ်များ၏ မသိစိတ်များအတွင်း တပ်မတော်အပေါ် အထင်အမြင်လွဲမှားစေရန်နှင့် တော်လှန်လိုစိတ်တိုးပွားလာစေရန် စသည့်ရည်ရွယ်ချက်များဖြင့် NUG၊ CRPH လက်အောက်ခံအကြမ်းဖက် အဖွဲ့အစည်းများက PDF Game Application များ တီထွင်ဖန်တီးအသုံးပြုလျက်ရှိကြောင်း စိစစ်တွေ့ရှိရသည့်အတွက် PDF Game ဆော့ကစားခြင်းသည် အကြမ်းဖက်အဖွဲ့အား ထောက်ပံ့ခြင်းဖြစ်၍ ဥပဒေအရ အရေးယူခံရနိုင်ကြောင်း အသိပေးအပ်ပါသည်။

■

ဘယ်လာရုစ်နိုင်ငံ၌ တရုတ်ရိုးရာ လက်ဖက်ရည်ယဉ်ကျေးမှုအခမ်းအနား ကျင်းပ

မင့်စ် ဇွန် ၁၄

တရုတ်နိုင်ငံ၏ လက်ဖက်ရည် ရိုးရာယဉ်ကျေးမှုအခမ်းအနားကို ဘယ်လာရုစ်နိုင်ငံ မင့်စ်မြို့တွင် ဇွန် ၁၃ ရက်က ကျင်းပရာ တရုတ်နိုင်ငံနှင့် ဘယ်လာရုစ်နိုင်ငံမှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြောင်း သိရသည်။

အဆိုပါ အခမ်းအနားတွင် တရုတ်နိုင်ငံ ဟီနန်ပြည်နယ်မှ အဆိုအကအဖွဲ့နှင့် ဘယ်လာရုစ်နိုင်ငံတော် အကအဖွဲ့တို့မှ ဖျော်ဖြေတင်ဆက်ခဲ့သည်။

အဆိုပါအခမ်းအနားသို့ တက်ရောက်လာသူများသည် Xinyang Maojian အစိမ်းရောင် လက်ဖက်ရည်၊ Xunxian ကောင်တီမှ "Wanfu Tigers"ကဲ့သို့သော ရိုးရာအရပ်များနှင့် Zhuxian မြို့နယ်မှ သစ်သားတုံးနှစ်သစ်ကူးပုံနှိပ်များအပါအဝင် ယဉ်ကျေးမှုပြပွဲအမျိုးမျိုးကို လေ့လာခဲ့ကြပြီး လက်ရေးလှရေးခြင်း၊ စက္ကူဖြတ်ခြင်း၊ ပန်းချီဆွဲခြင်းနှင့် ကြိုးချည်ခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲများတွင် ပါဝင်ခဲ့သည်။

အခမ်းအနားတွင် တရုတ်ရိုးရာ အစားအသောက်ပွဲတော်ကိုလည်း ကျင်းပခဲ့သည်။

လက်ဖက်ရည်၏ မွေးရပ်မြေဖြစ်သော တရုတ်နိုင်ငံသည် ရှေးဟောင်းအဖျော်ယမကာဖြစ်သည့် လက်ဖက်ရည်ကို တရုတ်လူမျိုးများ၏ နေ့စဉ်ဘဝ၊ ကျင့်ဝတ်နှင့် စိတ်ဓာတ်မြှင့်တင်ရေး ကမ္ဘာထဲသို့ ပေါင်းစပ်ထည့်သွင်းထားကြောင်း



ဘယ်လာရုစ်နိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီး ဇန်ဝမ်ချောင်က ပြောကြားခဲ့သည်။

"မိမိတို့သည် လက်ဖက်ရည်သောက်ကြပြီး တစ်ပြိုင်နက်တည်းတွင် ငြိမ်းချမ်းမှု၊ အလုံးစုံပါဝင်မှုနှင့် အပြန်အလှန်သင်ယူမှုတို့၏ အထူးခံစားချက်ကို ချိတ်ဆက်မိကြသည်။ လက်ဖက်ရည်၏ နူးညံ့သိမ်မွေ့သော ရနံ့သည် သင့်မှတ်ဉာဏ်တွင် အမြဲတည်ရှိနေပြီး တရုတ်နိုင်ငံနှင့် ဘယ်လာရုစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုစာအုပ်တွင် နောက်ထပ် အခန်းသစ်တစ်ခု ဖြည့်စွက်နိုင်ပါစေ"ဟု ၎င်းက ပြောကြားခဲ့သည်။

လက်ဖက်ရည်သည် ရှေးဟောင်းအဖျော်ယမကာတစ်ခုသာမက တရုတ်ရိုးရာယဉ်ကျေးမှု၏ မရှိမဖြစ်အစိတ်အပိုင်းတစ်ခုလည်းဖြစ်ကြောင်း မင့်စ်မြို့တော် အလုပ်အမှုဆောင် ကော်မတီ ပထမ ဒုတိယဥက္ကဋ္ဌ အလက်ဇန္ဒား ကိုမန်ဒန့်က ပြောကြားသည်။

မိမိတို့တစ်ဦးစီသည် ဤပွဲအတွင်း တရုတ်ရိုးရာဓလေ့ကို ထိတွေ့ဆက်ဆံပြီး ၎င်း၏အနှစ်သာရများကိုခံစားကာ အရသာရှိပြီး ရနံ့မွေ့ကြိုင်သော တရုတ်လက်ဖက်ရည်ကို သောက်သုံး၍ အတွင်းစိတ်ဟန်ချက်ညီမှုကိုရရှိကာ တစ်ဦးနှင့်တစ်ဦး ပိုမိုနီးကပ်လာမည်"ဟု ၎င်းက ထပ်လောင်းပြောကြားခဲ့သည်။

ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - စိုးသူရ

အစ္စရေးနိုင်ငံ၌ တရုတ်ဘာသာစကား ကျွမ်းကျင်မှုပြိုင်ပွဲ ကျင်းပ

ကျေရုဆလင် ဇွန် ၁၄

အစ္စရေးတက္ကသိုလ်ကျောင်းသားများအတွက် ယခုနှစ်၏ တရုတ်ဘာသာစကားကျွမ်းကျင်မှုပြိုင်ပွဲကို အစ္စရေးနိုင်ငံ တဲအဗစ်မြို့တွင် မကြာမီက ကျင်းပပြီးစီးခဲ့ကြောင်း သိရသည်။

အဆိုပါ တရုတ်ဘာသာစကားပြိုင်ပွဲတွင် တရုတ်ဘာသာစကား ဖြင့် မိန့်ခွန်းပြောကြားခြင်းနှင့် သရုပ်ပြယှဉ်ပြိုင်ခြင်းများပါဝင်ပြီး အစ္စရေးနိုင်ငံမှ တက္ကသိုလ်ကျောင်းသား လေးဦးနှင့် အခြေခံအဆင့် သင်ယူသူ ကိုးဦး ပါဝင်ကာ ဟာဖီရာတက္ကသိုလ်မှ ကျောင်းသား တစ်ဦးက ပြိုင်ပွဲတွင် ပထမဆုရရှိခဲ့သည်။

တရုတ်ဘာသာစကားသင်ယူခြင်းသည် ယဉ်ကျေးမှုဖလှယ်မှုကို မြှင့်တင်ပေးပြီး နှစ်နိုင်ငံပြည်သူများအကြား အပြန်အလှန်နားလည်မှုကို နက်ရှိုင်းစေသည်ဟု ၎င်းက ပြောကြားခဲ့သည်။

မတူညီသောယဉ်ကျေးမှုများအကြား တန်းတူဖလှယ်မှုနှင့် အပြန်အလှန်သင်ယူမှုသည် ယနေ့ခေတ်ကမ္ဘာလုံးဆိုင်ရာ စိန်ခေါ်မှုများကို ဖြေရှင်းရန်နှင့် ဘုံဖွံ့ဖြိုးတိုးတက်မှုရရှိရန်အတွက် လှုံ့ဆော်မှုများကို ပေးစွမ်းနိုင်ကြောင်း အစ္စရေးနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီး Xiao Junzheng က ပြောကြားခဲ့သည်။

ယခုကျင်းပသည့် ပြိုင်ပွဲသည် ဘာသာစကားပြိုင်ပွဲတစ်ခုသာမဟုတ်ဘဲ ဆက်သွယ်ရေး၊ အပြန်အလှန်နားလည်မှု၊ ယုံကြည်မှုနှင့် ယဉ်ကျေးမှုဖလှယ်ရေး၏ ပေါင်းကူးတံတားတစ်ခုဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - စိုးသူရ

အင်ဒိုနီးရှားနိုင်ငံ၌ အဏ္ဏဝါညစ်ညမ်းမှုထိန်းချုပ်ရေး အောင်မြင်စွာ ဆောင်ရွက်နိုင်သည့် ဒေသန္တရအစိုးရများအား ဆုကြေးပေးသည့်စနစ်ဆောင်ရွက်မည်

ဂျကာတာ ဇွန် ၁၄

အင်ဒိုနီးရှားနိုင်ငံ၌ အဏ္ဏဝါညစ်ညမ်းမှုထိန်းချုပ်ရေးအတွက် အဏ္ဏဝါညစ်ညမ်းမှုထိန်းချုပ်ရေး အောင်မြင်စွာ ဆောင်ရွက်နိုင်သည့် ဒေသန္တရအစိုးရများအား ဆုကြေးပေးသည့်စနစ်ကို အကောင်အထည်ဖော်ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ဆောင်ရွက်ချက်သည် အမျိုးသား အဏ္ဏဝါညစ်ညမ်းမှုစီမံခန့်ခွဲရေးမူဝါဒ၏ အစိတ်အပိုင်းတစ်ရပ်ဖြစ်ကြောင်း အင်ဒိုနီးရှားနိုင်ငံ အဏ္ဏဝါနှင့် ငါးလုပ်ငန်းဝန်ကြီးဌာန အဏ္ဏဝါစီမံခန့်ခွဲရေးဌာန ညွှန်ကြားရေးမှူးချုပ် ကေဘ့ဝါရာက ပြောကြားသည်။

ပင်လယ်ရေထဲသို့ အမှိုက်များစွန့်ပစ်သည့် ဒေသများကို ဒဏ်ရိုက်မည်ဖြစ်ပြီး အမှိုက်များကို စနစ်တကျစီမံခန့်ခွဲသည့် ဒေသများကို ဆုပေးအပ်မည်ဟု ၎င်းက ပြောကြားသည်။

အင်ဒိုနီးရှားနိုင်ငံတွင် နှစ်စဉ်ပင်လယ်ထဲသို့ အမှိုက်တန်ချိန် သန်း ၂၀ ခန့် ရောက်ရှိလာကာ ယင်းပြဿနာကို နိုင်ငံတော် ဘတ်ဂျက်တစ်ခုတည်းဖြင့် ဖြေရှင်း၍မရဘဲ ဒေသန္တရအစိုးရများ၊ လုပ်ငန်းများနှင့် လူမှုအသိုင်းအဝိုင်းများအကြား ပူးပေါင်းဆောင်ရွက်မှု လိုအပ်ကြောင်း ၎င်းက ပြောကြားခဲ့သည်။

သမုဒ္ဒရာကို ညစ်ညမ်းစေသော ပလတ်စတစ်စွန့်ပစ်ပစ္စည်းများသည် လူသားများ၏ ဆောင်ရွက်ချက်များမှ ဖြစ်လာခြင်းဖြစ်ကြောင်း ၎င်းက မှတ်ချက်ပြုပြောကြားသည်။ မိမိတို့လူသားများသည် ပလတ်



စတစ်အမှိုက်များကို ထုတ်လုပ်သူများဖြစ်သောကြောင့် အမှိုက်ထုတ်လုပ်မှုကို စနစ်တကျစီမံခန့်ခွဲပြီး အမှိုက်များ ရေပြင်တွင် ရောက်ရှိမှုမရှိစေရေး ဆောင်ရွက်ရမည်ဟု ၎င်းက ပြောကြားသည်။

ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - စိုးသူရ

ပါကစ္စတန်နိုင်ငံ ခိုင်ဘာပတ်တွန်ခွာပြည်နယ်၌ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ရေကြီးရေလျှံမှုဆိုင်ရာ သတိပေးချက်များ ထုတ်ပြန်

အစ္စလာမာဘတ် ဇွန် ၁၄

ပါကစ္စတန်နိုင်ငံ အနောက်မြောက်ပိုင်း ခိုင်ဘာပတ်တွန်ခွာပြည်နယ်တွင် ပြီးခဲ့သည့်တစ်ရက်အတွင်း မိုးသည်းထန်စွာ ရွာသွန်းမှုနှင့် လေပြင်းတိုက်ခတ်မှုကြောင့် အနည်းဆုံး ခုနစ်ဦး သေဆုံးကာ ၃၃ ဦး ထိခိုက်ဒဏ်ရာရရှိကြောင်း ပြည်နယ် သဘာဝဘေးစီမံခန့်ခွဲရေး အာဏာပိုင်အဖွဲ့က ပြောကြားသည်။



ဗန်နူ၊ ရှန်လာနှင့် မန်ဆီရာခရိုင်များတွင် အိမ်ခေါင်မိုးနှင့် နံရံများ ပြိုကျရာမှ ထိခိုက်သေဆုံးမှုများ ဖြစ်ခဲ့သည်။ သေဆုံးသူများတွင် ကလေး နှစ်ဦး၊ အမျိုးသား လေးဦးနှင့် အမျိုးသမီး တစ်ဦးတို့ ပါဝင်ပြီး ထိခိုက်ဒဏ်ရာ ရရှိသူများတွင် အမျိုးသား ခုနစ်ဦး၊ အမျိုးသမီး ၁၂ ဦးနှင့် ကလေး ၁၄ ဦးတို့ ပါဝင်ကြောင်း အဆိုပါအဖွဲ့က ပြောကြားသည်။

ပြည်နယ် မြောက်ပိုင်း တောင်တန်း ဒေသများတွင် ရေကြီးရေလျှံမှုများ ဖြစ်ပွားနိုင်ခြေ ရှိကြောင်း တာဝန်ရှိသူများက သတိပေးထားသည်။

ချက်ထရယ်၊ ဒါရဲ၊ ဆွက်၊ ကိုဟစ်စတန်နှင့် မန်ဆီရာ ခရိုင်များတွင် သတိပေးချက်များ ထုတ်ပြန်ခဲ့ပြီး ကြိုတင်ကာကွယ်မှုများပြုလုပ်ရန် ညွှန်ကြားခဲ့သည်။ မြစ်ချောင်းများအနီးတွင် နေထိုင်သူများအား ဘေးလွတ်ရာသို့ ရွှေ့ပြောင်းရန် တာဝန်ရှိသူများက ညွှန်ကြားခဲ့သည်။

ကိုးကား - ဆင်ဟွာ
ဘာသာပြန် - စိုးသူရ

ဂါဇာဒေသတွင် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အခြေအနေများ ဆိုးရွားနေကြောင်း ပါလက်စတိုင်းတာဝန်ရှိသူ ပြောကြား

ရာမာလာ ဇွန် ၁၄

ဂါဇာဒေသတွင် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အခြေအနေများ ဆိုးရွားနေပြီး ယခုကဲ့သို့ဖြစ်ရခြင်းမှာ အစ္စရေးတို့၏ နှောင့်ယှက်မှုများကြောင့်ဖြစ်ကြောင်း ပါလက်စတိုင်း လူမှုဖွံ့ဖြိုးရေးဝန်ကြီး ဆာမတ်ဟာမတ်က ဇွန် ၁၄ ရက်တွင် ပြောကြားသည်။

ဂါဇာဒေသတွင်း လုပ်ငန်းဆောင်ရွက်နေသည့် ကမ္ဘာ့စားရေရိက္ခာအဖီအစဉ်မှ ပုံပိုးသည့် ပေါင်မုန့်ဖြန့်ဖြူးရေးလုပ်ငန်း အများအပြားသည် ပစ္စည်းပြတ်လတ်မှုကြောင့် ရပ်နားခဲ့ရကြောင်း ၎င်းက ပြောကြားသည်။ ဒေသတွင်း အစားအသောက်ဖြန့်ဖြူးပေးသည့် နေရာအများအပြား ပိတ်ထားရပြီး အနည်းငယ်သာ လုပ်ငန်းဆောင်ရွက်နိုင်ကြောင်း ၎င်းကပြောကြားသည်။ ဒေသတွင်း အသက် ၉ နှစ် အောက်အရွယ် ကလေး သုံးရာခိုင်နှုန်းသည် မိမိတို့၏ မိသားစုများအစားအသောက်ရရှိရန် လုပ်အားပေးနေရကြောင်း ၎င်းကပြောကြားသည်။

ဟားမတ်စ်အဖွဲ့နှင့်အစ္စရေးအကြား အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်သည် ဟားမက်စ်အဖွဲ့လက်နက်ဖျက်သိမ်းရေးနှင့် ဂါဇာကမ်းမြောင်ဒေသ ပြန်လည်တည်ဆောက်ရေးအပါအဝင် ၎င်း၏အဓိက ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ရာတွင် ဆုတ်ယုတ်မှုများနှင့် ရင်ဆိုင်နေရသည်။

နှစ်ဖက်ကြား အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်သည် ၂၀၂၅ ခုနှစ် အောက်တိုဘာလ ကတည်းက အသက်ဝင်ခဲ့သည်။ ၎င်း၏ ပထမအဆင့်တွင် အကျဉ်းသားများလဲလှယ်ရေး၊ ဂါဇာကမ်းမြောင်သို့ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများ ပေးအပ်ခြင်းနှင့် အစ္စရေးတပ်ဖွဲ့များ ဆုတ်ခွာခြင်းတို့ ပါဝင်သည်။

ဂါဇာကမ်းမြောင်ဒေသမှ အစ္စရေးတပ်ဖွဲ့ ဆုတ်ခွာရေး၊ ဟားမတ်စ်အဖွဲ့လက်နက်ဖျက်သိမ်းရေး၊ ပြန်လည်တည်ဆောက်ရေး ကြိုးပမ်းမှုများ စတင်ခြင်းနှင့် ဂါဇာကမ်းမြောင်ဒေသတွင် အသွင်ကူးပြောင်းရေး အုပ်ချုပ်ရေးအဖွဲ့ ထူထောင်ခြင်းတို့ ပါဝင်သည့် ၎င်း၏ အဆိုပြုကြိမ်းချုပ်ရေးအစီအစဉ် ဒုတိယအဆင့်ကို ဇန်နဝါရီလလယ်တွင် အမေရိကန်က ကြေညာခဲ့သည်။

ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - စိုးသူရ

မြောင်းတကာစက်မှုဇုန်၌ တရားမဝင်ဓာတ်အားရယူသုံးစွဲထားခြင်းအား လျှပ်စစ်ဥပဒေ၊ စီမံခန့်ခွဲမှုနည်းလမ်းများနှင့်အညီ အရေးယူဆောင်ရွက်

နေပြည်တော် ဇွန် ၁၄

လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနရန်ကုန် လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းအနေဖြင့် မသမာသောနည်းဖြင့် လျှပ်စစ်ဓာတ်အားရယူသုံးစွဲနေမှုများကိုစောင့်ကြည့်စစ်ဆေးဖော်ထုတ်လျက်ရှိပြီး မသက်ဖွယ်တွေ့ရှိရသည့် မြောင်းတကာစက်မှုဇုန် မြေကွက်အမှတ် (၅၂/၅၃) ရှိ ZON TAI STEEL Co.,Ltd သံရည်ကျိုစက်ရုံကို ဝင်ရောက်စစ်ဆေးရာ မီတာအား မသမာသောနည်းဖြင့် ဖွင့်၍ ပြုပြင်ပြီး ဓာတ်အားခိုးယူသုံးစွဲထားကြောင်း စစ်ဆေးတွေ့ရှိခဲ့သည်။



တရားမဝင်ဓာတ်အားရယူသုံးစွဲထားသည့် မြောင်းတကာစက်မှုဇုန် မြေကွက်အမှတ်(၅၂/၅၃)ရှိ ZON TAI STEEL Co.,Ltd သံရည်ကျိုစက်ရုံကို တွေ့ရစဉ်။





မီတာအတွင်း မသမာသောနည်းဖြင့် ပြုပြင်ထားသည့် မှတ်တမ်းဓာတ်ပုံများကို တွေ့ရစဉ်။

အရေးယူဆောင်ရွက်

ယင်းသို့ မသမာမှုဖြစ်စဉ်ကြောင့် နိုင်ငံတော်အနေဖြင့် လျှပ်စစ်ဓာတ်အားယူနစ် ၅၀၆၈၈၀၀ အတွက် ငွေကျပ်သန်း ၄၅၀၀ ကျော် ဆုံးရှုံးနစ်နာစေခဲ့သဖြင့် လျှပ်စစ်မီတာအား ချက်ချင်းပိတ်သိမ်းခဲ့ပြီး နှစ်နာဆုံးရှုံးမှုများ ပြန်လည်ရရှိရေးနှင့် လျှပ်စစ်ဓာတ်အားကို မသမာသောနည်းဖြင့် ရယူသုံးစွဲထားသည့်လုပ်ငန်းရှင်အား လျှပ်စစ်ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူနိုင်ရန်အတွက် မှော်ဘီမြို့မရဲစခန်း၌ ၂၀၂၆ ခုနှစ် ဇွန် ၁၁ ရက်တွင် အမှုဖွင့်လှစ် အရေးယူဆောင်ရွက်ခဲ့သည်။

လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် Control Center များမှ စောင့်ကြည့်စစ်ဆေး၍ သံသယဖြစ်ဖွယ်တွေ့ရှိသည်နှင့် မြေပြင်သို့ သွားရောက်စစ်ဆေးခြင်း၊ ပြည်သူများ၏ တိကျစွာသတင်းပေး တိုင်ကြားလာမှုများအပေါ် ထိရောက်စွာ စစ်ဆေးအရေးယူဆောင်ရွက်ခြင်းတို့ဖြင့် လျှပ်စစ်ဓာတ်အား လေလွင့်ပျောက်ဆုံးမှုများ သိသာစွာလျော့နည်းလာစေရေး ကြိုးပမ်းဆောင်ရွက်နေသည်ဖြစ်ရာ ယင်းသို့ဓာတ်အားခိုးယူသုံးစွဲမှုများ ဖော်ထုတ်လာနိုင်သည်နှင့်အမျှ ပြည်သူများသို့ လျှပ်စစ်ဓာတ်အား ပိုမိုဖြန့်ဖြူးပေးသွားနိုင်မည်ဖြစ်၍ ပြည်သူများအနေဖြင့် ပိုမိုစိတ်ပူးပေါင်းဆောင်ရွက်ပေးကြရန် အသိပေး ထုတ်ပြန်ထားသည်။

သတင်းစဉ်

မိုင်းပျဉ်းမြို့၌ ငွေကျပ်သိန်း ၂၈၅၀ တန်ဖိုးနှင့် လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်၌ ငွေကျပ် ၈၆ သိန်းတန်ဖိုးရှိ စိတ်ကြွရှူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

နေပြည်တော် ဇွန် ၁၄

မိုင်းပျဉ်းမြို့တွင် ငွေကျပ်သိန်း ၂၈၅၀ တန်ဖိုးနှင့် လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်တွင် ငွေကျပ် ၈၆ သိန်းတန်ဖိုးရှိ စိတ်ကြွရှူးသွပ်ဆေးပြားများ သိမ်းဆည်းရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇွန် ၁၃ ရက်နံနက် ၁၀ နာရီခွဲခွဲတွင် သတင်းအရ မိုင်းပျဉ်းမြို့အောက်ဈေးတန်းရပ်ကွက်အနီးတောင်ကြီး - ကျိုင်းတုံသွားကားလမ်းတွင် မိုင်းပျဉ်းမြို့အလယ်ပိုင်း ရပ်ကွက်နေ စိုင်းဦးဟောင်း(၄၅)နှစ် မောင်းနှင်ပြီး မိုင်းပျဉ်းမြို့နယ် ယမ်းမိုင်ရွာနေသူများဖြစ်သည့် စိုင်းခမ်းလှ(၃၂)နှစ်၊ ဝီးဝါလ(၄၀)နှစ်တို့လိုက်ပါလာသော မော်တော်ယာဉ်ကို ရပ်တန့်စစ်ဆေးရာဖွေရာ ယာဉ်ပေါ်မှစိတ်ကြွရူးသွပ်ဆေးပြား ၅၇၀၀၀၀ (တစ်ပြားလျှင် ငွေကျပ် ၅၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုး ငွေကျပ်သိန်း ၂၈၅၀) သိမ်းဆည်းရမိသဖြင့် စိုင်းဦးဟောင်း၊ စိုင်းခမ်းလှနှင့် ဝီးဝါလတို့ကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားရှိကြောင်း သိရသည်။



စိုင်းဦးဟောင်း၊ စိုင်းခမ်းလှနှင့် ဝီးဝါလတို့အား သိမ်းဆည်းရမိစိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

ထို့အပြင် ယင်းနေ့ မွန်းလွဲ ၃ နာရီတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သတင်းအရ လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ် ကျုံစု(တိုးချဲ့)ရပ်ကွက်နေ လင်းလင်းနိုင်(၃၈)နှစ်နှင့် မသန္တာအောင်(၂၅)နှစ်တို့ ငှားရမ်းနေထိုင်သည့်နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းတို့နှင့်အတူ လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ် (၂၂)ရပ်ကွက်နေ မသိမ့်သိမ့်ထွန်း(ခ)ပြည့်ပြည့် (၂၃)နှစ်၊ လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်(၁၂)ရပ်ကွက်နေ မအိခိုင်ဇင်(ခ)အမွေစိန်(၁၈)နှစ်တို့ကို တွေ့ရှိရပြီး နေအိမ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၄၃၀၀၀(တစ်ပြားလျှင် ငွေကျပ် ၂၀၀၀ နှုန်းဖြင့် ၎င်းဒေသ တန်ဖိုးငွေကျပ် ၈၆ သိန်း) နှင့် မြန်မာငွေကျပ် ၂၀၀၀၀ တို့ကို သိမ်းဆည်းရမိသဖြင့် လင်းလင်းနိုင်၊ မသန္တာအောင်၊ မသိမ့်သိမ့်ထွန်း(ခ) ပြည့်ပြည့်နှင့် မအိခိုင်ဇင်(ခ) အမွေစိန်တို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားရှိကြောင်း သိရသည်။

သတင်းစဉ်



ပေါင်မြို့နယ်၌ မှုခင်းကျဆင်းရေး အသိပညာပေးဟောပြော

ပေါင် ဇွန် ၁၄

မွန်ပြည်နယ် ပေါင်မြို့နယ်၌ မှုခင်းကျဆင်းရေးအသိပညာပေးဟောပြောပွဲကို ယနေ့နံနက်ပိုင်းက ဒေးကင်းကျေးရွာ အမက(ဒေးကင်း)၌ ပြုလုပ်ခဲ့ရာ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဇော်မြင့်ထွန်းနှင့် ရဲတပ်ဖွဲ့ဝင်များ၊ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးမြင့်လွင်နှင့် ကျေးရွာနေပြည်သူများ တက်ရောက်ကြသည်။

ဦးစွာ ပေါင်မြို့မစခန်းမှူး ဒုရဲမှူး ကျော်စိုးသန်းက ရပ်ကွက်၊ ကျေးရွာများအတွင်း မှုခင်းလျော့နည်းကျဆင်းရေးဆိုင်ရာကိစ္စရပ်များ၊ ခိုးမှု၊ လုယက်မှု၊ မုဒိမ်းမှုစသည့် မှုခင်းဆိုင်ရာများနှင့်ပတ်သက်၍ ကြိုတင်ကာကွယ်ရမည့်နည်းလမ်းများ၊ လိုက်နာဆောင်ရွက်ရမည့်အချက်များ၊ ပြစ်မှု၊ ပြစ်ဒဏ်များအကြောင်းကို ကျေးရွာနေပြည်သူများအား အသိပညာပေးဟောပြောဆွေးနွေးခဲ့ပြီး တက်ရောက်လာသူများက သိလိုသည်များကိုမေးမြန်းခဲ့ရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားပေးခဲ့ကြောင်း သိရသည်။


မွန်မနလေး(ပြန်/ဆက်)



- အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာ ယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာမှတ်တမ်းပုံများ၊ ပီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲ ဥပဒေများအရ အရေးယူခံရနိုင်ပါသည်။
- အွန်လိုင်း လောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။



တပ်မတော်စစ်ကြောင်းများက ကလေး-တမူးလမ်းကြောင်း ပေါ်ရှိ ရာဇဂြိုဟ်ကျေးရွာအား ပြန်လည်ထိန်းချုပ်နိုင်မှုကို တွေ့ရစဉ်။



တပ်မတော်စစ်ကြောင်းများက အကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုးထားသည့် ကလေး-တမူး ဆက်သွယ်ထားသော နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းပေါ်ရှိ ရာဇဂြိုဟ်ရေလှောင်တမံအား ပြန်လည်သိမ်းပိုက်ရရှိ။

☆ ကလေး-တမူးလမ်းကြောင်းမှ ရာဇဂြိုဟ် ရေလှောင်တမံအား ပြန်လည် ထိန်းချုပ်နိုင်ခဲ့ခြင်းကြောင့် ဒေသနှင့် ဒေသတွင်း နေထိုင်ကြသည့် ပြည်သူလူထု၏ လူမှု၊ စီးပွားဘဝ ပျက်စီးခြင်းများမှ ကာကွယ်ပေးနိုင်ခဲ့ပြီး ဒေသတွင်း တည်ငြိမ်အေးချမ်းရေး လုပ်ငန်းများကို လုပ်ဆောင်နိုင်တော့မည် အပြင် ရေထိန်းတံခါးများအား ပုံမှန်ချိန်အတိုင်း စနစ်တကျ ဖွင့်/ပိတ်ခြင်း၊ ရေထိန်းရေလှောင်ခြင်း၊ ရာသီအလိုက် စနစ်တကျရေပေးဝေခြင်း၊ ရေလွှတ်ခြင်းများ ဆောင်ရွက်ပြီး ဒေသခံပြည်သူများအတွက် လျှပ်စစ်မီးများ၊ သောက်သုံးရေများ၊ စိုက်ပျိုးရေများ ဖူလုံစွာရရှိအောင် ဆောင်ရွက်နိုင်တော့မည် ဖြစ်သောကြောင့် ဒေသခံပြည်သူများကလည်း ဝမ်းမြောက်ဝမ်းသာစွာဖြင့် တပ်မတော်စစ်ကြောင်းများအား ပြန်လည်ထိန်းချုပ်ဖွင့်လှစ်နိုင်ရေး၊ အကြမ်းဖက် သောင်းကျန်းသူများအား တိုက်ခိုက်ချေမှုန်းနိုင်ရေး နယ်မြေလုံခြုံရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

ဇီးကုန်းမြို့နယ်၌ မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကျင်းပ

ဇီးကုန်း ဇွန် ၁၄

ပဲခူးတိုင်း ဒေသကြီး ဇီးကုန်းမြို့နယ်တွင် ၂၀၂၆ ခုနှစ် မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ဇွန် ၁၃ ရက်က ကဇင်ကြီးကျေးရွာအုပ်စု စမ်းအိုင်ကျေးရွာအမကကျောင်းဝင်း၌ သစ်တော ဦးစီးဌာနက စီစဉ်ကျင်းပသည်။

စုပေါင်းစိုက်ပျိုး

ဦးစွာ ဇီးကုန်းမြို့နယ် သစ်တောဦးစီးဌာနမှ တာဝန်ရှိသူများထံ စိုက်ပျိုးမည့်ပျိုးပင်များ ပေးအပ်သည်။ ထို့နောက် မြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌ ဦးမျိုးသက်အောင်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ အမျိုးသမီးရေးရာအဖွဲ့၊ မိဘဆရာ ကလေး စောင့်ရှောက်ရေးအသင်း၊ ကျောင်းသား ကျောင်းသူများနှင့် ကျေးလက် ပြည်သူများက ကျွန်းပင် ၁၄၀၊ မန်ကျန်ရှားပင် ၁၀၀ နှင့် ခရေ ၁၀ ပင်တို့ကို စုပေါင်းစိုက်ပျိုးကြသည်။

အခန့်ဖြန့်ဝေ

ဇီးကုန်းမြို့နယ် သစ်တော ဦးစီးဌာနအနေဖြင့် ယခုနှစ်တွင် လူထုဖြန့် ပျိုးပင်ပေါင်း ၂၅၀၀၀ ကို ပျိုးဥယျာဉ်များတွင် ပြုစုပျိုးထောင်ထားရှိပြီး စိုက်ပျိုးလိုသူ ပြည်သူများ၊ ဌာနဆိုင်ရာများ၊ စာသင်ကျောင်းများ၊ တပ်ရင်း တပ်ဖွဲ့များနှင့် အသင်းအဖွဲ့များ အား အခမဲ့ဖြန့်ဝေပေးလျက်ရှိကြောင်း သိရသည်။

တင့်ဆွေ(ပြန်/ဆက်)





ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ်ရှိ မိုးရာသီသစ်ပင် စိုက်ပျိုးပွဲကို ဇွန် ၁၃ ရက်က ပြုလုပ်ရာ တွံတေးခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးညွန့်နွယ်နှင့် အဖွဲ့ဝင်များက ပျိုးပင်စုစုပေါင်း ၈၀၀ တို့ကို စုပေါင်းစိုက်ပျိုးစဉ်။ မျိုးလှိုင်(တွံတေး)



နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြွို့ ဆောင်ပုဒ်နှင့်အညီ ပဲခူးတိုင်းဒေသကြီး နတ်တလင်းခရိုင် သဲကုန်းမြို့နယ်တွင် ၂၀၂၆ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ဇွန် ၁၃ ရက်က ကန်သာယာရေလယ်ကျွန်းစေတီတော်မြတ်ကြီး ပုရိဝုဏ်အတွင်း၌ ကျင်းပစဉ်။ မြို့နယ်(ပြန်/ဆက်)

✣ MNL ယူ-၂၀ မှ

ယခုတစ်ပတ်တွင် ဧယားထိပ်ဆုံးမှ အသင်းအများစု အနိုင်ရခဲ့ပြီး Galaxy အသင်းက ဟံသာဝတီယူနိုက်တက်အသင်းကို ငါးဂိုး-တစ်ဂိုး၊ ရှမ်းယူနိုက်တက်အသင်းက စစ်ကိုင်းယူနိုက်တက်အသင်းကို ငါးဂိုး-ဂိုးမရှိ၊ ရန်ကုန်ယူနိုက်တက်အသင်းက Chinland အသင်းကို ငါးဂိုး-တစ်ဂိုး၊ ဧရာဝတီယူနိုက်တက်အသင်းက ရန်ကုန်စီတီးအသင်းကို တစ်ဂိုး-ဂိုးမရှိ၊ ဒဂုံစတားယူနိုက်တက်အသင်းက သစ္စာအားမာန်အသင်းကို သုံးဂိုး-ဂိုးမရှိ၊ ရတနာပုံအသင်းက အား/ကာသိပ္ပံအသင်းကို နှစ်ဂိုး-တစ်ဂိုး၊ Falcon အသင်းက မြဝတီအသင်းကို သုံးဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ ပွဲစဉ် (၃) အပြီးတွင် ရမ္မတ်တူဖြင့် ထိပ်ဆုံး၌ ငါးသင်းအပြိုင်ဖြစ်နေသည့်အသင်းများအနက် ရန်ကုန်ယူနိုက်တက်၊ ရှမ်းယူနိုက်တက်အသင်းတို့ နိုင်ပွဲခဲ့ပြီး အား/ကာသိပ္ပံ၊ သစ္စာအားမာန်နှင့် စစ်ကိုင်းယူနိုက်တက်အသင်းတို့ ရှုံးပွဲကြုံတွေ့ခဲ့သည်။

ပွဲစဉ် (၄) အပြီးတွင် ရန်ကုန်ယူနိုက်တက်အသင်းနှင့် ရှမ်းယူနိုက်တက်အသင်းက ၁၀ မှတ်စီ၊ Galaxy အသင်းက ကိုးမှတ်၊ အား/ကာသိပ္ပံ၊ ရတနာပုံ၊ ဒဂုံစတားယူနိုက်တက်၊ စစ်ကိုင်းယူနိုက်တက်နှင့် သစ္စာအားမာန်အသင်းတို့က ခုနစ်မှတ်စီ၊ Falcon အသင်းက ငါးမှတ်၊ ဧရာဝတီယူနိုက်တက်၊ ဟံသာဝတီယူနိုက်တက်နှင့် မြဝတီအသင်းက သုံးမှတ်စီ၊ ရန်ကုန်စီတီးအသင်းက တစ်မှတ်ရရှိထားပြီး Chinland အသင်းက အမှတ်မရသေးပေ။

သတင်း - ညီမြတ်သော်တာ၊ ဓာတ်ပုံ - MNL

❖ မြန်မာအမျိုးသမီးလိဂ်မှ

ယခုရာသီ မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲတွင် အသင်း ၁၀ သင်း ပါဝင်ယှဉ်ပြိုင်မည်ဖြစ်ပြီး ပြီးခဲ့သည့် ရာသီ ယှဉ်ပြိုင်ခဲ့သည့် ပြိုင်ပွဲဝင်ကိုးသင်းအနက် YREO မှလွဲ၍ ကျန်ရှစ်သင်း၊ အသင်းသစ် နှစ်သင်း ပါဝင်မည်ဖြစ်သည်။ ပွဲစဉ်များကို ရန်ကုန်မြို့ရှိ သုဝဏ္ဏအားကစားကွင်း၊ ပဒုမ္မာအားကစားကွင်း၊ သုဝဏ္ဏလေ့ကျင့်ရေးကွင်း (၁)၊ YUSC နှင့် ပုသိမ်မြို့ရှိ ကိုးသိန်းအားကစားကွင်းတို့တွင် ကျင်းပသွားမည်ဖြစ်ပြီး ဧရာဝတီအသင်း၊ အား/ကာသိပ္ပံ (I.S.P.E)အသင်း၊ သစ္စာအားမာန်အသင်း၊ ရန်ကုန်ယူနိုက်တက်အသင်း၊ ရှမ်းယူနိုက်တက်အသင်း၊ Young Lionesses အသင်း၊ မြဝတီအသင်း၊ ရန်ကုန်စီတီးအသင်း၊ အသင်းသစ်နှစ်သင်းဖြစ်သည့် ရတနာပုံအသင်းနှင့် ဒဂုံစတားအသင်းတို့ ပါဝင်ယှဉ်ပြိုင်မည်ဖြစ်သည်။ ပွဲစဉ် (၁)အဖြစ် ဇွန် ၁၅ ရက် ညနေ ၄ နာရီတွင် သုဝဏ္ဏကွင်း၌ ရှမ်းယူနိုက်တက်အသင်းနှင့် အား/ကာသိပ္ပံအသင်း၊ ဇွန် ၁၆ ရက် ညနေ ၃ နာရီခွဲတွင် ပဒုမ္မာကွင်း၌ Young Lionesses အသင်းနှင့် မြဝတီအသင်း၊ YUSC ကွင်း၌ ရန်ကုန်ယူနိုက်တက်အသင်းနှင့် ရတနာပုံအသင်း၊ ဇွန် ၁၇ ရက် ညနေ ၄ နာရီတွင် သုဝဏ္ဏကွင်း၌ သစ္စာအားမာန်အသင်းနှင့် ဧရာဝတီအသင်း၊ ညနေ ၃ နာရီခွဲတွင် ပဒုမ္မာကွင်း၌ ရန်ကုန်စီတီးအသင်းနှင့် ခွဲကပင်ယူနိုက်တက်အသင်းတို့ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

ရန်ကုန်ယူနိုက်တက်အသင်းသည် YUSC ကွင်းတွင် အိမ်ကွင်းပွဲစဉ်များအားလုံးကို လက်ခံကျင်းပသွားမည်ဖြစ်ကာ ဧရာဝတီအက်ဖ်ဖစ်အနေဖြင့်လည်း ပုသိမ်မြို့တွင် ပထမအကျော့ ပွဲစဉ် ခုနစ်ပွဲနှင့် ဒုတိယအကျော့ ပွဲစဉ် ခုနစ်ပွဲတို့ကို အိမ်ကွင်းပွဲစဉ်များအဖြစ် လက်ခံကျင်းပသွားမည်ဖြစ်သည်။ ထို့အတူ အမျိုးသမီးကလပ်အသင်း အချို့အနေဖြင့်လည်း အိမ်ကွင်း လက်ခံကျင်းပနိုင်ရေးအတွက် ဆွေးနွေးညှိနှိုင်းမှုများ ပြုလုပ်လျက်ရှိသည်။

သတင်း - ကိုညီလေး

ဓာတ်ပုံ - MWL

■

အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

■

အင်္ဂပူမြို့နယ် သမဝါယမအသင်းသား တောင်သူများသို့ သွင်းအားစုများပေးအပ်

အင်္ဂပူ ဇွန် ၁၄

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန မြို့နယ်သမဝါယမဦးစီးဌာန မြို့နယ်သမအသင်းစုလိမိတက်၏ ၂၀၂၆-၂၀၂၇ ခုနှစ် မိုးစပါးစိုက်ပျိုးမည့် သမဝါယမအသင်းသား တောင်သူများသို့ သွင်းအားစုပေးအပ်ပွဲအခမ်းအနားကို ယမန်နေ့မွန်းလွဲပိုင်းက အင်္ဂပူမြို့နယ် သမဝါယမဦးစီးဌာနရုံးအစည်းအဝေးခန်းမ၌ ပြုလုပ်သည်။



ဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးအောင်ကျော်မိုးက အမှာစကား ပြောကြားပြီး သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဒေါ်မိုမိုခိုင်က သွင်းအားစုများ ဖြန့်ဖြူးပေးနိုင်မှု အခြေအနေကို ရှင်းလင်းတင်ပြသည်။

ထို့နောက် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက မိုးစပါးစိုက်ပျိုးမည့် သမဝါယမအသင်းသားတောင်သူ ၆၁ ဦးထံသို့ ကျပ်သိန်း ၂၂၀တန်ဖိုးရှိသွင်းအားစု ဓာတ်မြေဩဇာ အိတ် ၂၀၀ ကို ပေးအပ်ကာ All In One Plus မြေဩဇာကုမ္ပဏီမှ တာဝန်ရှိသူတစ်ဦးက ဇီဝသဘာဝမြေဩဇာ အကြောင်း ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

မန်းကျော်(ပြန်/ဆက်)

အိုလံပစ်နေ့အထိမ်းအမှတ် လွန်ဆွဲပြိုင်ပွဲကျင်းပ

ရန်ကုန် ဇွန် ၁၄

အားကစားရေးရာဝန်ကြီးဌာန မြန်မာနိုင်ငံရိုးရာအားကစားအဖွဲ့ချုပ်မှ ကြီးမှူးကျင်းပသော ၂၀၂၆ ခုနှစ် အိုလံပစ်နေ့အထိမ်းအမှတ် လွန်ဆွဲပြိုင်ပွဲကို ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့ မင်္ဂလာတောင်ညွှန့်မြို့နယ် သိမ်ဖြူလက်ဝှေ့ရုံရှေ့၌ ကျင်းပသည်။

ဦးစွာ မြန်မာနိုင်ငံရိုးရာအားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးထွန်းလင်းသောင်းနှင့် အမှုဆောင်များက ပြိုင်ပွဲဝင်အသင်းများအား လိုက်လံနှုတ်ဆက်ပြီး ပြိုင်ပွဲကိုဖွင့်လှစ်ပေးသည်။ ထို့နောက် ပြိုင်ပွဲဝင်အသင်းများက လွန်ဆွဲပြိုင်ပွဲကို အကြိတ်အနယ်ယှဉ်ပြိုင်ကစားကြပြီး ပထမ၊ ဒုတိယနှင့် တတိယရရှိကြသောအသင်းများအား မြန်မာနိုင်ငံရိုးရာအားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် ရွှိုင်ရယ်ဒီ၊ ပရိဒိယားကော်ဖီမှ တာဝန်ရှိသူများက ဂွေးသားဆုနှင့် ဆုတံဆိပ်များ ချီးမြှင့်သည်။



အဆိုပါပြိုင်ပွဲသည် (၃၄)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲတွင် လွန်ဆွဲပြိုင်ပွဲထည့်သွင်းကျင်းပမည်ဖြစ်ပြီး မြန်မာနိုင်ငံရိုးရာအားကစားအဖွဲ့ချုပ်က လွန်ဆွဲပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်နိုင်ရန် ရည်ရွယ်ကျင်းပခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဗလ



ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ်၌ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြောပွဲကို ဇွန် ၁၃ ရက်က အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်း အနောက်ရထားခန်းမ၌ကျင်းပရာ အမှတ်(၆၁) ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှူးရုံးမှ ဒုတိယရဲမှူး ဇော်လင်းထွန်းက အသိပညာပေးဟောပြောစဉ်။ မြို့နယ်(ပြန်/ဆက်)



မကွေးတိုင်းဒေသကြီး ချောက်မြို့နယ်တွင် ဇွန် ၁၃ ရက်က အမှတ်(၁၅)ရပ်ကွက် ဇီးချိုပင်ဂေါက်ကွင်း၌ မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲကျင်းပရာ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမိုးဇော်နိုင်နှင့် တာဝန်ရှိသူများ စုပေါင်းစိုက်ပျိုးစဉ်။

ကျော်မိုး(ပြန်/ဆက်)

ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၅-၆-၂၀၂၆

ကျပ်/လီတာ

Fuel (လက်လီဈေးနှုန်း)	ရန်ကုန်	မန္တလေး	နေပြည်တော်	ပဲခူး	မကွေး	ထားဝယ်	စဉ့်ကူး	ပုသိမ်	မြန်ကြီးနား	စစ်ကိုင်း	ကသာ	မော်လမြိုင်	လားရှိုး	တောင်ကြီး	ဘိုးစိုးကော်	ဟားခါး
92 Ron	၃၈၈၀	၄၀၅၅	၄၀၀၀	၃၈၉၅	၄၀၅၅	၄၀၇၀	၄၁၀၀	၃၉၇၅	၄၁၀၀	၄၄၁၀	၃၉၅၅	၄၀၉၀	၄၀၄၅	၄၀၉၅	၄၀၄၅	၄၂၇၀
95 Ron	၃၉၁၅	၄၀၉၀	၄၀၃၅	၃၉၃၅	၄၀၉၀	၄၁၀၅	၄၁၅၅	၄၀၆၀	၄၁၃၅	၄၄၄၅	၄၂၀၀	၄၂၂၀	၄၁၃၀	၄၁၆၅	၄၁၆၀	၄၂၅၀
HSD (500 ppm)	၃၉၅၅	၄၁၆၀	၄၁၀၅	၄၀၁၀	၄၁၆၀	၄၁၀၅	၄၂၂၅	၄၀၈၀		၄၂၅၀	၄၁၀၀	၄၂၆၀	၄၁၅၅	၄၂၅၅	၄၁၆၀	၄၃၀၀
HSD (50 ppm)	၄၀၈၀	၄၂၁၀	၄၂၀၅	၄၀၉၅	၄၂၁၅	၄၂၅၅	၄၂၀၀	၄၂၉၀	၄၂၀၀	၄၂၀၅	၄၂၀၅	၄၂၀၀	၄၂၅၅	၄၂၆၅	၄၂၅၀	၄၂၉၀
HSD (10 ppm)	၄၀၈၀	၄၂၁၀	၄၂၀၅	၄၀၉၅	၄၂၁၅	၄၂၅၅	၄၂၀၀	၄၂၉၀		၄၃၀၅	၄၂၀၅	၄၂၀၀	၄၂၅၅	၄၂၆၅	၄၂၅၀	၄၂၉၀

ကျပ်/လီတာ

Fuel (လက်လီဈေးနှုန်း)	ရန်ကုန်	မန္တလေး
92 Ron	၃၈၇၀	၃၈၇၀
95 Ron	၃၈၇၀	၃၈၁၀
HSD (500 ppm)	၃၈၇၀	၃၈၉၀
HSD (50 ppm)	၃၉၆၀	၃၉၆၀
HSD (10 ppm)	၃၉၆၀	၃၉၆၀

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိတ်ပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၅၃၊ ၀၉-၆၈၀၅၅၉၈၈၈

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

ကမ်းဝေးကမ်းနီး ငါးဖမ်းရေယာဉ်များ ရာသီဥတုဆိုးရွားချိန်များတွင် လှိုင်းဒဏ်၊ လေဒဏ်များ ခိုလှုံနိုင်ရန် တည်နေရာများ ဖော်ပြ

၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာနသည် မြန်မာ့ပင်လယ်ငါးလုပ်ငန်းရေပြင်အတွင်း ငါးဖမ်းလုပ်ငန်း လုပ်ကိုင်ဆောင်ရွက်နေသော နိုင်ငံသားပိုင် ကမ်းဝေး ငါးဖမ်းရေယာဉ်များနှင့် ကမ်းနီးငါးဖမ်းရေယာဉ်များအနေဖြင့် မုတ်သုံးရာသီအတွင်း ရာသီဥတုဆိုးရွားချိန်များတွင် လှိုင်းဒဏ်၊ လေဒဏ်များ ခိုလှုံနိုင်ရန်အတွက် အောက်ဖော်ပြပါ တည်နေရာများ၌ ရာသီဥတုခိုလှုံနိုင်ပါကြောင်းကို (၉-၆-၂၀၂၆) ရက်စွဲပါ ညွှန်ကြားချက်အမှတ်၊ ၂/၂၀၂၆ ဖြင့် ထုတ်ပြန်ပေးထားပြီး ဖြစ်ပါသည် -

(က) ရခိုင်ပြည်နယ်၊ စစ်တွေမြို့နယ်၊ မင်းဂံချောင်းအတွင်း မြောက်လတ္တီတွဒ် ၂၀ ဒီဂရီ ၂၈ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၅၈ မိနစ်၊

(ခ) ရခိုင်ပြည်နယ်၊ ပေါက်တောမြို့နယ်၊ ဖရုဂါကျွန်း မြောက်လတ္တီတွဒ် ၂၀ ဒီဂရီ ၀၀ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၀၀ မိနစ်၊

(ဂ) ရခိုင်ပြည်နယ်၊ ကျောက်ဖြူမြို့နယ်၊ ငလပွေ့ချောင်း မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၂၄ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၃၃ မိနစ်၊

(ဃ) ရခိုင်ပြည်နယ်၊ သံတွဲမြို့နယ်၊ ဆင်ခေါင်းဆိပ်ကမ်း မြောက်လတ္တီတွဒ် ၁၈ ဒီဂရီ ၃၁ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၁၃ မိနစ်၊

(င) ရခိုင်ပြည်နယ်၊ သံတွဲမြို့နယ်၊ သဖြူချိုင်(ANDREW BAY) မြောက်လတ္တီတွဒ် ၁၈ ဒီဂရီ ၂၀ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၂၀ မိနစ်၊

(စ) ရခိုင်ပြည်နယ်၊ တောင်ကုတ်မြို့နယ်၊ သဘော်ဆိပ် မြောက်လတ္တီတွဒ် ၁၈ ဒီဂရီ ၁၅ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၁၃ မိနစ်၊

(ဆ) ရခိုင်ပြည်နယ်၊ ဂွမြို့နယ်၊ တင်းတောကျေးရွာအုပ်စု၊ အမော်ချိုင် မြောက်လတ္တီတွဒ် ၁၇ ဒီဂရီ ၃၇ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၃၄ မိနစ်၊

(ဇ) ဧရာဝတီတိုင်းဒေသကြီး၊ ငပုတောမြို့နယ်၊ ဟိုင်းကြီးကျွန်း (HAINGYI ISLAND) မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၅၈ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၂၀ မိနစ်၊

(ဈ) ဧရာဝတီတိုင်းဒေသကြီး၊ ငပုတောမြို့နယ်၊ ပြင်ခရိုင်၊ ချောင်းဝကျေးရွာ မြောက်လတ္တီတွဒ် ၁၆ ဒီဂရီ ၀၀ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၂၄.၄၀ မိနစ်၊

(ည) ဧရာဝတီတိုင်းဒေသကြီး၊ ဘိုကလေးမြို့နယ်၊ ကဒုံကနီကျေးရွာ မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၄၈ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၁၆ မိနစ်၊

(ဋ) မွန်ပြည်နယ်၊ ဧရာမြို့နယ်၊ ဝါးကျွန်း မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၁၁.၃၀ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၄၄ မိနစ်၊

(ဌ) တနင်္သာရီတိုင်းဒေသကြီး၊ လောင်းလုံမြို့နယ်၊ မောင်းမကန် ဘုတ်ကျွန်း(MIDDLE MOSCOS) မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၀၈ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၄၈ မိနစ်၊

(ဍ) တနင်္သာရီတိုင်းဒေသကြီး၊ လောင်းလုံမြို့နယ်၊ လောင်းလုံ ဘုတ်ကျွန်း(SOUTH MOSCOS) မြောက်လတ္တီတွဒ် ၁၃ ဒီဂရီ ၄၈ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၅၄ မိနစ်၊

(ဎ) တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့နယ်၊ တနင်္သာရီကျွန်း (TANINTHARYI ISLAND) မြောက်လတ္တီတွဒ် ၁၂ ဒီဂရီ ၃၄ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၅၂ မိနစ်၊

(ဏ) တနင်္သာရီတိုင်းဒေသကြီး၊ ကျွန်းစုမြို့နယ်၊ ပြင်စဘုကျွန်း (PYIN SA BU ISLAND) အရှေ့ဘက်ရေပြင် မြောက်လတ္တီတွဒ် ၁၁ ဒီဂရီ ၄၅ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၈ ဒီဂရီ ၀၅ မိနစ်။

၂။ နိုင်ငံသားပိုင် ကမ်းဝေးငါးဖမ်းရေယာဉ်များနှင့် ကမ်းနီးငါးဖမ်းရေယာဉ်များအား ရာသီဥတုခိုလှုံခွင့်ပြုရာနေရာ သတ်မှတ်ပေးထားခြင်းမှာ မုတ်သုံရာသီ ရာသီဥတုဆိုးရွားချိန်အတွင်း ငါးဖမ်းရေယာဉ်များနှင့် ရေလုပ်သားများ အန္တရာယ်ကင်းရှင်းလုံခြုံစွာ ကျွန်းခိုရပ်နားနိုင်ရန်အတွက် သတ်မှတ်ပေးထားခြင်းဖြစ်ပြီး ရာသီဥတုခိုလှုံသည်ကို အကြောင်းပြု၍ ကမ်းနီးဒေသအတွင်း ငါး/ပုစွန်ဖမ်းဆီးနေသည်ကို စစ်ဆေးတွေ့ရှိရပါက ထိရောက်စွာ အရေးယူခြင်းခံရမည်ဖြစ်ကြောင်း ဖော်ပြအပ်ပါသည်။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်
ဆည်မြောင်းဝန်ကြီးဌာန ငါးလုပ်ငန်းဦးစီးဌာန

ရေဘေးအန္တရာယ် ကြိုတင်ပြင်ဆင်ရေးနှင့် စပ်လျဉ်း၍ ပြည်သူသို့ အသိပေးနှိုးဆော်ချက်

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန

ရေဘေးပညာပေးစာစောင်

ရေဘေးအတွက်ကြိုတင်ပြင်ဆင်ရန်များ

၁။ မိမိအိမ်ပတ်ဝန်းကျင်ရှိ ဘေးအန္တရာယ်ဖြစ်နိုင်ခြေများနှင့်အိမ်၏ ကြံ့ခိုင်မှုကို စစ်ဆေးပါ။



၂။ မိသားစုများ အရေးပေါ် ပြောင်းရွှေ့နိုင်ရန်နေရာ၊ လမ်းကြောင်းများနှင့် မိသားစုဆုံရပ်ကို ကြိုတင်သတ်မှတ် ထားပါ။

(ဥပမာ- အသက်ကယ် ကုန်ခြင်း၊ ရေလွှမ်းနိုင် သည့်နေရာများ၊ အဆောက်အအုံများ)



၁

၃။ ရေရှိပျက်စီးနိုင်သော ပစ္စည်းများကို ခြောက်သွေ့၍ မြင့်သော နေရာတွင် ထားရှိပါ။





၄။ မိမိပတ်ဝန်းကျင်ရှိ မြစ်ချောင်းများ၏ အန္တရာယ်ရှိနိုင်သော ရေကြီးမှု အခြင့်ပေးများကို သိရှိမှတ်သားထားပါ။

နှစ်တိုင်းဆည်ကြီး အဖုတ်က ဝိေလာက်ပဲ ....

၅။ သောက်သုံးရေများ ကြိုတင်စုဆောင်း ထားပါ။



၆။ မြေနိမ့်ဒေသ၊ မျိုင်း ရေနက်မြောင်း အစ ရှိသည့် ရေလွှမ်းမိုးပါက အန္တရာယ်ဖြစ်နိုင် သော နေရာများကို မြင်သာသော အမှတ်အသား ထားရှိပါ။



၂

၇။ အရေးပေါ်သုံးပစ္စည်းများနှင့် အရေးပေါ်အသက်ကယ် ပစ္စည်းများကို ကြိုတင်ပြင်ဆင်ထားပါ။



ရေကြီးခြင်းသတိပေးချက်ရလျှင် ဆောင်ရွက်ရန်များ

၁။ သက်ဆိုင်ရာအစိုးရဌာနမှ ထုတ်ပြန်ကြေညာသော မိုးလေဝသ သတင်းများကို စဉ်ဆက်မပြတ်နားထောင်ပြီး အကြိုပြချက်များကို လိုက်နာပါ။ အခြားသူများ ကိုလည်း မျှဝေပါ။



၂။ တောင်ပေါ်ဒေသများဆောင်းများ၊ မြစ်များများတွင် မိုးကြီး ပါက မြစ်ဝှမ်းတစ်လျှောက် တွင် လျှပ်တစ်ပြက်ရေကြီး ခြင်းများဖြစ်နိုင်ကြောင်း သတိပြုကြပါ။



၃။ အရေးပေါ်သုံးပစ္စည်းများ စားရေရိက္ခာနှင့် အရေးကြီး စာရွက်စာတမ်း များကို မိမိနှင့်အတူထားရှိပါ။

၃

၄။ သက်ဆိုင်ရာအစိုးရဌာနမှ ထုတ်ပြန်ကြေညာသော မိုးလေဝသ သတင်းများကို စဉ်ဆက်မပြတ်နားထောင်ပြီး အကြိုပြချက်များကို လိုက်နာပါ။



ရေကြီးခြင်းဖြစ်ပေါ် နေရိပ်တွင် လိုက်နာရန် အချက်များ

၁။ သက်ဆိုင်ရာအစိုးရဌာနမှ ထုတ်ပြန်ကြေညာသော မိုးလေဝသ သတင်းများကို စဉ်ဆက်မပြတ်နားထောင်ပြီး အကြိုပြချက်များကို လိုက်နာပါ။





၄

၂။ အိမ်သုံးလျှပ်စစ်ပစ္စည်းများ၊ မီးခလုတ်များကို ပိတ်ထားပါ။



၃။ သောက်သုံးရေသန့်(သို့) ကျိုချက်ထားသောရေ (သို့) ရေသန့်ဆေးတတ်ထားသော ရေကိုသာ အသုံး သောက်သုံးပါ။



၄။ အဆိပ်ရှိသော တိရစ္ဆာန်များ အိမ်ဖြစ် အတွင်း၌ ရှိ မရှိ စစ်ဆေးပါ။



ရေကြီးခြင်း ဖြစ်ပေါ် နေရိပ်တွင် ရှောင်ရှားသင့်သည့်အချက်များ

၁။ တိရစ္ဆာန်များကို မလို အပ်ဘဲ ချည်နှောင်ထားခြင်း မပြုလုပ်ပါနှင့်။



၂။ ကြောင်သော ဒေသများတွင် မြစ်ချောင်း ကမ်းပါး တိုက်စားပြီး ပြိုကျ တတ်သောကြောင့် မြစ်ချောင်းကမ်းပါးများ အနီးသို့ မသွားပါနှင့်။



၅

၁။ ရေထဲတွင် ရေကူးခြင်း လမ်းလျှောက်ခြင်းများ မပြုလုပ်ပါနှင့်။



၂။ ရေထဲနေသော လျှပ်စစ်ပစ္စည်းများကို အသုံးမပြုပါနှင့်။



ရေကြီးပြီးနောက် ပြုလုပ်ရန်အချက်များ

၁။ မိသားစုဝင်များ ပျောက်ဆုံး၊ ကွဲကွာပါက သက်ဆိုင်ရာသို့ အကြောင်းကြားပါ။



၂။ သက်ဆိုင်ရာအစိုးရ ဌာနမှ ထုတ်ပြန် ကြေညာသော မိုးလေဝသ သတင်းများကို စဉ်ဆက်မပြတ်နားထောင်ပြီး အကြိုပြချက်များကို လိုက်နာပါ။

၃။ အဓိကမြားအား စနစ်တကျ ရှင်းလင်းခြင်း၊ တိရစ္ဆာန်အသေကောင် များအား စနစ်တကျမီးရှို့ ခြင်း(သို့) မြေမြှုပ်ခြင်း များပြုလုပ်ပါ။



၄။ အန္တရာယ်ရှိနိုင်သော ဓာတ်ကြိုးများ၊ ဓာတ်တိုင် သစ်ပင်သစ်ကိုင်းများကို သတိပြုရှောင်ရှားပါ။ သက်ဆိုင်ရာသို့အကြောင်း ကြားပြီး ကူညီ ရှင်းလင်းပါ။



၆

၅။ ကယ်ဆယ်ရေးနှင့် အရေးပေါ်ပြန်လည်ထူထောင်ရေး လုပ်ငန်းများတွင် ပူးပေါင်းလုပ်ဆောင်ပါ။



ရေကြီးပြီးနောက် ရှောင်ရှားသင့်သည့် အချက်များ

၁။ သက်ဆိုင်ရာအစိုးရဌာနမှ ထုတ်ပြန်ကြေညာခြင်း မပုတ်သည့် ကောလာဟလသတင်းများကို မယုံပါနှင့်။



၂။ မသန့်ရှင်းသော ရေအရင်း အမြစ်များကို မသုံးစွဲပါနှင့်။

၃။ ရေရှိပြီး အနှံ့အသက် မကောင်းသော အစား အစာများမစားပါနှင့်။



၇


အောက်ဖော်ပြပါအရေးပေါ် သုံးပစ္စည်းများ သင်နှင့် အတူရှိပြီလား၊ ဆန်းစစ်ပါ။

ပေါ့ပါးပြီး ရေရိုက်ကာ သယ်ယူ လွယ်ကူသော အိတ်ဖြင့်ထည့်ရန်

- [ ] ရေနှင့် တာဝမ်းများ
- [ ] ကြာရှည်မံအစားအစာများ
- [ ] ရေးဦးသန့်ရှင်းပစ္စည်းများနှင့် သုံးစွဲနေသည့်ဆေးဝါးများ
- [ ] အရေးပေါ်ခြံစောင်
- [ ] အဝတ်အစားများ
- [ ] ရေရိုးမိုးကာ
- [ ] အကြမ်းဝံသည့် ဖိနပ်၊
- [ ] ဘက်ထရီအပြည့်ရှိသည့် ဖုန်းနှင့် ရေဒီယို
- [ ] လက်နှိပ်ဓာတ်မီး/မီးအိမ်နှင့် ဓာတ်ခဲ အပို များ
- [ ] ဘက်စုံသုံးအိတ်ဆောင်စား ကြိုး
- [ ] ဓမ္မောင်းတိုင်၊ မီးခြစ်
- [ ] အကြားသူများ အာရုံရိုက်မှုရစေရန် လိုအပ်သည့် ဝိစီ
- [ ] ဓာတ်ကိုယ်ရေသုံး အသုံးအဆောင်များ (ဆပ်ပြာသွားတိုက်ဆေး)
- [ ] ရေရိုးမိအိတ်နှင့် ထည့်ထားသည့် အရေးကြီးစာရွက်စာတမ်း၊ ငွေသား
- [ ] ကလေးများ၏ ကျောင်းသုံးပစ္စည်းများ

ဉာဏ်ရည်တုလှိုင်းများ (၉)

နိဇော်သစ်



အေအိုင် သို့မဟုတ် ဉာဏ်ရည်တုလှိုင်းများ ရိုက်ခတ်မှုအကြောင်းဆွေးနွေးရာတွင် လက်ရှိအနေအထားအထိ အေအိုင်၏ တစ်ဦးတစ်ယောက်ချင်း၊ ကော်ပိုရိတ်များ၊ တိုင်းပြည်နိုင်ငံအစိုးရများကြားနှိုင်းပါဝါပြန်လည်ဖြန့်ဝေမှုများအကြောင်း အကြမ်းဖျင်း ဆွေးနွေးခဲ့ပြီးပါပြီ။ ပါဝါပြန်လည်ဖြန့်ဝေတော့ ဘာဖြစ်လဲဆိုသည့်မေးခွန်းကိုလည်း ထိုက်သင့်သလောက် ဖြေခဲ့ပြီးပါပြီ။ ယခုမေးစရာကျန်သည်က “ဘာဆက်ဖြစ်မှာလဲ”ဆိုသည့်မေးခွန်းသာ။ ထိုမေးခွန်းမှာ အနာဂတ်နှင့်ပတ်သက်သည်။ ကျွန်တော်ကလည်း အေအိုင်အနာဂတ်ကို မှန်းနိုင်လောက်သည့် ဂုရုမဟုတ်။ ထို့ကြောင့် ဂုရုကြီးများ ဘာပြောလဲဆိုသည်ကိုသာ ပြန်လည်ဖောက်သည်ချနိုင်ပါမည်။ ကျွန်တော် ဖတ်ဖူးသမျှ အကောင်းဆုံးများထဲမှ တစ်ခုမှာ တရုတ်အေအိုင်ဂုရုကြီး လီခိုင်ဖူး၏ AI 2041 စာအုပ်ထဲမှ အနာဂတ်ခန့်မှန်းချက်များဟု ဆိုချင်ပါသည်။

ဆရာကြီး လီခိုင်ဖူးက အေအိုင်အနာဂတ်ကို ဇာတ်လမ်း ၁၀ ပုဒ်ဖြင့် ထုတ်ပြသွားသည်။ တစ်ပုဒ်ချင်းစီမှာ နယ်ပယ်တစ်ခုစီကို ကိုယ်စားပြုပြီး ကမ္ဘာ့လူသားတို့အတွက်အရေးပါသလို အေအိုင်ကြောင့် အများကြီး ပြောင်းလဲသွားနိုင်သည့်နယ်ပယ်များဖြစ်သည်။ လက်ရှိ အေအိုင်နည်းပညာတိုးတက်မှုဖြစ်လာမည့် အနာဂတ်အကျိုးဆက်များဟုလည်း ဆိုနိုင်သည်။ ထို့ကြောင့် ဆရာကြီးတစ်ယောက်၏ အနာဂတ်အမြင်ကို ဝင်ကြည့်ခြင်းမှာ မမှားလောက်ပါ။ ပြီးမှ ကျွန်တော်တို့သွားနေသည့် လမ်းကြောင်းအတိုင်း ကောက်ချက်ချကြည့်ပါစို့။

ပထမဆုံးဇာတ်လမ်းကို ‘ရွှေဆင်’ (Golden Elephant)ဟု အမည်ပေးထားသည်။ အိန္ဒိယနိုင်ငံ မွမ်ဘိုင်းမြို့မှ နက်နက်နဲနဲသင်ယူမှုကို အသုံးပြုနိုင်သော အာမခံအစီအစဉ်တစ်ခုကို ဝယ်ယူထားသည့် မိသားတစ်စုအကြောင်းဖြစ်သည်။ မိသားစု၏ ဆယ်ကျော်သက် သမီးလေးက အေအိုင်အသုံးပြုထားသော အက်ပ်တစ်ခုကိုသုံးကာ အချစ်ရှာဖို့ ကြိုးစားနေသည်။ အစပိုင်းတွင်တော့ အားလုံးအကျိုးရှိသလိုပင်။ ကျန်းမာရေးပိုကောင်းလာသည်။ အာမခံကြေးသက်သာလာသည်။ အန္တရာယ်လျော့နည်းလာသည်။ ဆုံးဖြတ်ချက်များ ကောင်းကောင်း ချမှတ်နိုင်သည်။

ဒုတိယဇာတ်လမ်းကို ‘မျက်နှာဖုံးများနောက်မှ ဘုရားများ’ (Gods Behind the Masks)ဟု အမည်ပေးထားသည်။ လုံးဝဖမ်းမိဖို့မဖြစ်နိုင်သော နက်နဲပုံတုဟုဆိုနိုင်သည့် deepfake တစ်ခုဖန်တီးရန် လူစုသည့်အထဲပါသွားသည့် နိုင်ဂျီးရီးယားလူမျိုး ထုတ်လုပ်သူတစ်ယောက်အကြောင်းဖြစ်သည်။ အစပိုင်းတွင် နည်းပညာစိန်ခေါ်မှုတစ်ခုဟု ထင်ရသော်လည်း အစစ်အမှန်နှင့် ဖန်တီးမှုကြားမှန်ရံလေးမှာ ပါးသည်ထက်ပါးလာပြီး လုံးဝပျောက်ကွယ်သလို ဖြစ်သွားသည်။ အေအိုင်၏ ကိုင်းခွဲတစ်ခုဖြစ်သော ကွန်ပျူတာအမြင်က ကွန်ပျူတာကိုမြင်တတ်အောင် သင်ပေးသည်။ ထိုးဖောက်ကျော်လွှားမှုများဖြစ်လာပြီးနောက် အေအိုင်ကို တစ်ခါမျှမကြုံဖူးသည့် အမြင်မျိုးရလာစေသည်။

ထိုအချိန်ခဏစ၍ အတုလုပ်သူနှင့် ဖမ်းဆီးသူတို့အကြား၊ ကာကွယ်သူနှင့် အမဲလိုက်သူတို့အကြား ပြိုင်ဆိုင်မှုပြင်းထန်လာတော့သည်။ အေအိုင်က မည်သူ့ဘက်မှမလိုက်။ အေအိုင်ဖြစ်နေ၍ ကျင့်ဝတ်မမှန်ဟုလည်းမပြောနိုင်။ လူသားသည် ယခင်က မျက်စိဖြင့် မြင်ရသည်ကိုယုံနိုင်သည်။ ယခုမူ ယုံကြည်ရသူက ထုတ်လုပ်ထားတာ ဟုတ်ရဲ့လားဟု ကြည့်ရသည်။ သို့မဟုတ်ပါက အေအိုင်လုပ်သည့် အတုကိုဖော်ထုတ်ဖို့ အေအိုင်ကိုပြန်သုံးရသည်။ အေအိုင်ဖြင့် စိတ်ကြိုက်ဖန်တီးနိုင်၍ အစပိုင်းတွင် ပါဝါပြန်လည်ဖြန့်ဝေမှုသည် တစ်ဦးတစ်ယောက်ချင်း စီထံသို့ ရောက်လာလိုဖြင်ရသည်။ သို့သော် နောက်ဆုံးတွင် ပလက်ဖောင်းများနှင့် ပလက်ဖောင်းပိုင်ရှင်များထံ ပြန်ရောက်သွားသည်။ သို့သော် တစ်ဦးတစ်ယောက်ချင်းစီ၏ ပါဝါမှာ ယခင်ကထက် ပိုများလာသည်ကတော့ သေချာပါသည်။

တတိယတစ်ပုဒ်ကို ‘စာကလေးအမြွှာ’(Twin Sparrows)ဟု အမည်ပေးထားသည်။ ကိုရီးယား မိဘမဲ့ အမြွာလေးနှစ်ယောက်ကို အေအိုင်က ပညာသင်ပေးသည့်အကြောင်းဖြစ်သည်။ ပညာသင်ပေးသူများမှာ ကာတွန်းရုပ်ကလေးများပုံစံ လုပ်ထားသည့် အေအိုင်များဖြစ်သည်။ ဤနေရာတွင် သဘာဝဘာသာစကား (Natural Language Processing) ဟုခေါ်သည့် အေအိုင်ဘာသာစကား၏အရေးပါမှုကို မြင်ရသည်။ အေအိုင်ကိုင်းခွဲတစ်ခုဖြစ်သော သဘာဝဘာသာစကားသည် အေအိုင်အား လူသားတို့၏စကားတို့ကို ပြောတတ်ရေးတတ်စေသည်။ ယခုဖြစ်ရပ်တွင် ပြန်သင်ပေးနိုင်သည်။ သို့သော် ထိုသို့နားလည်လာသည်နှင့်အမျှ အေအိုင်သည် အသိပညာမျှဝေသူလား၊ အတွေးကို လွှမ်းမိုးသည့် စနစ်လားဆိုသည့် မေးခွန်းထွက်ပေါ်လာသည်။ ဇာတ်လမ်းထဲတွင် အေအိုင်သည် အမြွာလေး နှစ်ယောက်အတွက် စာသင်ပေးသည့်ဆရာလည်း ဖြစ်သည်။ စိတ်ခွန်အားဖြည့်ပေးသည့် ထောက်ပံ့သူလည်းဖြစ်သည်။ စကားပြောရင်ဖွင့်နိုင်သည့် မိတ်ဆွေသူငယ်ချင်းလည်းဖြစ်သည်။ ဘဝအတွက် နည်းပြဆရာလည်းဖြစ်သည်။ အားလုံးဖြစ်နေသည်။

ထိုဖြစ်စဉ်အရ လူတစ်ဦးတစ်ယောက်ချင်းစီ၏ သင်ယူမှုသည် အေအိုင်စနစ်နှင့်တွဲပြီး သီးခြားပိုဆန်လာသည်။ ကိုယ်သင်ချင်သလိုသင်နိုင်သည်။ အကျိုးလည်း အမှန်တကယ်ရှိသည်။ ထို့ကြောင့် ပညာရေးတွင် တစ်ဦးချင်းစီထံသို့ ပါဝါများ ပြန်လည်ဖြန့်ဝေလာသည်ဟု ထင်ရသည်။ သို့သော် ပြဿနာမှာ ပညာသင်ပေးရုံမှုမက “ဘယ်လိုတွေးရမလဲ” ဆိုသည်ကိုပါ ပုံဖော်လာခြင်းဖြစ်သည်။ ဆိုရလျှင် လိခိုင်ဖူးသည် GPT-3 ကိုသာ မြင်ရသေးချိန်တွင် ထိုစာအုပ်ကိုရေးခဲ့ခြင်းဖြစ်သည်။ နှစ်အနည်းငယ်အတွင်း GPT-4 တို့၊ GPT-5 တို့၏ ထိုးတက်မှုများကို သာ တွေ့လိုက်ရလျှင် သူ့စာအုပ်ခေါင်းစဉ်ကို ၂၀၄၁ ခုနှစ်ထက် လျှော့လိုက်မလားပင် မသိနိုင်ပေ။

နောက်တစ်ပုဒ်ကို ‘ထိတွေ့မဲ့အချစ်’ (Contactless Love)ဟု အမည်ပေးထားသည်။ နောက်ခံအခင်းအကျင်းမှာ ကိုဗစ်–၁၉ နောက်ပိုင်း ကာလများအတွင်း ကာကွယ်ဆေးများ ပေါ်ထွက်လာသည့်တိုင် ဝိုင်းရပ်စ်မျိုးကွဲများလည်း ဆက်လက်ပေါ်ထွက်ပြီး ၂၀၄၁ ခုနှစ်အထိ လူအချင်းချင်း ထိတွေ့မှုကို တတ်နိုင်သမျှ ရှောင်နေကြရသည့်ပုံစံမျိုးဖြစ်သည်။ ထိုဇာတ်လမ်းတွင် ဇာတ်လိုက်များမှာ စက်ရုပ်များ။ ရောဂါပိုးကြောင့် လူတို့အခန်းတံခါးပိတ် နေထိုင်ကြသည့်အတွက် စက်ရုပ်တို့က ကြားခံဆက်ဆံရေးသမားများဖြစ်လာသည်။ အစပိုင်းတွင် အကျိုးရှိသည်။ အိမ်အကူစက်ရုပ်များက ဘဝနေထိုင်မှုကို ပိုမိုလွယ်ကူလာစေသည်။ အေအိုင်က ကျန်းမာရေးပိုင်းတွင် ရောဂါရှာဖွေရေးအပြင် ကျန်းမာရေးစောင့်ရှောက်မှုပိုင်းအထိ တိုးဝင်လာသည်။ ထိုအတွက်ကြိုးများလှုပ်သောအချက်အလက် ဘဏ်ကြီးများက ပံ့ပိုးပေးသည်။ ထို့ကြောင့် ဆေးကုသမှုပိုမိုတိကျလာသည်။ ဆေးဝါးအသစ်များ ဖော်ထုတ်ရေးအပိုင်းတွင်လည်း အေအိုင်ကဝင်ပါသည်။ ပို‌ကောင်းလာသည်။

သို့သော်ပြဿနာမှာလုံခြုံရေးတိုးမြင့်လာသည့် နှင့်အမျှ လူလူချင်းဆက်ဆံမှု လျော့နည်းလာခြင်း ဖြစ်သည်။ ချစ်ခြင်းမေတ္တာ၊ လူမှုဆက်ဆံရေး၊ စိတ်ချင်းယှက်နွှယ်မှု၊ တစ်နည်း ရင်ဘတ်ချင်း ချိတ်ဆက်မှုတို့ လျော့နည်းလာသည်။ အနှစ်ချုပ်မှာ အေအိုင်သည် ကျန်းမာရေးစောင့်ရှောက်မှုနယ်ပယ်ထဲသို့ တိုးဝင်လာရင်း လူသားအချင်းချင်း ဆက်ဆံရေးပုံစံကို ပြောင်းလဲပုံဖော်လိုက်သည်။ နောက်တစ်ချက်မှာ စက်ရုပ်များဖို့ဖြိုးတိုးတက်လာခြင်းဖြစ်သည်။ အေအိုင်သည် အစောပိုင်းတွင် စက်အတွေးနှင့် စက်အဖြင် (ကွန်ပျူတာအဖြင်) တို့ကိုဖြစ်စေခဲ့ပြီးပြီ။ စက်ရုပ်များနှင့် ဆက်စပ်လိုက်ချိန်တွင် စက်အထိအတွေ့ကိုပါ ကိုင်တွယ်လာသည့် အကြောင်းလည်းပါသည်။

တတိယနှင့် ဒုတိယဇာတ်လမ်းတွင် ထူးခြားသည့် ပါဝါပြန်လည်ဖြန့်ဝေမှုကို စာဖတ်သူတို့ မြင်ကောင်းမြင်နိုင်ပါသည်။ ပါဝါသည် အများပြည်သူထံရောက်လာခြင်းလည်းမဟုတ်၊ ကော်ပိုရိတ်ကြီးများ၊ အစိုးရများထံသို့ ရောက်သွားသည်လည်း မဟုတ်။ လူတစ်ဦးတစ်ယောက်ချင်းစီက အေအိုင်ကို ဒီဒိုလိုက်ရခြင်း။ တစ်နည်းအားဖြင့် ပါဝါသည် အေအိုင်ဆီသို့ ရောက်သွားခြင်းမျိုးဖြစ်သည်။ ဇာတ်လမ်းစုံတော့မှ ထိုကဲ့သို့ လေ့လာဆန်းစစ်မှုအပိုင်းကို ဆက်သွားပါမည်။ နောက်တစ်ပတ်တွင် ကျန်ရှိသည့်ဇာတ်လမ်းများကို ဆက်လက်တင်ပြပါဦးမည်။

ကော်ဖီသောက်ပြီး အိပ်ပျော်လျှင်လည်း ဦးနှောက်အတွက် ပြဿနာရှိ



ကဖင်းဓာတ်နှင့်ပတ်သက်ပြီး အထူးသဖြင့် ညခင်းဘက် ကော်ဖီသောက်ခြင်းအပေါ် ဆွေးနွေးငြင်းခုန်မှုများမှာ နှစ်ပေါင်းများစွာ ကြာမြင့်နေပြီဖြစ်သလို ယခုလည်း အသစ်တွေ့ရှိမှုတစ်ခု ထွက်ပေါ်လာပြန်ပြီဖြစ်သည်။ ယခုတွေ့ရှိမှုမှာ ကဖင်းဓာတ်နှင့် အိပ်စက်ခြင်းကိုလေ့လာသည့် ရှေးရိုးစံထားနည်းမျိုးမဟုတ်ဘဲ ကဖင်းဓာတ်က ဦးနှောက်ကို ဘယ်လိုသက်ရောက်မှုရှိလဲ သိနိုင်ရန် အီးအီးဂျီဟုခေါ်သည့် နည်းပညာကိုသုံး၍ လေ့လာခဲ့ခြင်းဖြစ်သည်။

လေ့လာမှုကို ဦးဆောင်ခဲ့သော ပိုလန်နိုင်ငံ ဗရိုကလော ဆေးကွင်းသိုလ်၊ သူနာပြုဌာနမှ ပါမောက္ခ ဒိုနာတာ ကားပတ်စ်က “အီးအီးဂျီ နည်းပညာက ကျွန်တော်တို့ကို လူတစ်ယောက် ဘယ်လိုအိပ်စက်လဲ ဆိုတာအပြင် အိပ်နေတဲ့အချိန်မှာ ဦးနှောက်ဘာလုပ်နေလဲဆိုတာကို ပါ မြင်ရစေပါတယ်။ အရည်အသွေးပြည့်ဝတဲ့ အီးအီးဂျီစမ်းသပ်ချက်တွေက လိုင်းနေးလှုပ်ရှားမှု လျော့ကျခြင်းလိုမျိုး ပုံမှိုခိုင်မာတဲ့အပြောင်းအလဲတွေကို မြင်တွေ့ရစေပါတယ်။ လိုင်းနေးလှုပ်ရှားမှုတွေက နှစ်နှစ်ခြိုက်ခြိုက်အိပ်ပျော်ဖို့ အရေးကြီးတဲ့အရာပါ”ဟု ရှင်းပြသည်။

ညနေခင်း ကော်ဖီသောက်ပြီးလျှင် အအိပ်ဆတ်သွားခြင်းနှင့် အိပ်မပျော်ခြင်းတို့မှာ အများဆုံး ဖြစ်လေ့ဖြစ်ထရှိတတ်သည့်ကိစ္စများ မဟုတ်ပါ။ သို့သော် ပုံမှန်အတိုင်း အိပ်ပျော်နေချိန်မှာပင် ကဖင်းဓာတ်က ဦးနှောက်၏ လိုင်းနေးလှုပ်ရှားမှုများကို ကန့်သတ်လိုက်ခြင်းကြောင့် လူက အိပ်နေသော်လည်း ဦးနှောက်ကို နိုးကြားသည့်အနေအထားသို့ ရောက်ရှိသွားစေကြောင်း ဒေါက်တာ ကားပတ်စ်တို့အဖွဲ့က တွေ့ရှိခဲ့ခြင်း ဖြစ်သည်။ ထိုအခါ ဦးနှောက်သည် နှစ်ခြိုက်စွာအိပ်စက်မှု၏ အကျိုးခံစားခွင့်များကို မရရှိနိုင်တော့ပေ။

“ကျွန်တော်တို့ရဲ့ အာရုံကြော ဇီဝကမ္မမှတ်တမ်းတွေအရ အိပ်လို့ကောင်းတယ်လို့ ခံစားရတာဟာ အမြဲတမ်း နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်တာမျိုးမဟုတ်ဘူးဆိုတာ တွေ့ရပါတယ်။ ဦးနှောက်က နှစ်နှစ်ခြိုက်ခြိုက် အိပ်မနေပေမယ့် လူကတော့ ဘာပြဿနာကြီးကြီးမားမားမှမရှိ၊ အိပ်တစ်ဝက်နိုးတစ်ဝက်ဖြစ်တာမျိုးလည်း မဟုတ်ဘဲ ကောင်းကောင်းအိပ်စက်နိုင်နေတာပါ”ဟု သူက ဆက်ရှင်းပြသည်။

ထို့တွေ့ရှိမှုအရ ကော်ဖီသည် အိပ်ခါနီးသောက်ပြီး အိပ်စက်မှုအပေါ် သက်ရောက်သည်သာမက နေ့ခင်းဘက်တွင်လည်း ဦးနှောက်အပေါ် သက်ရောက်မှုရှိသည်ကိုပါ ဖော်ထုတ်နိုင်ခဲ့သည်။ ကော်ဖီသောက်လျှင် လန်းလန်းဆန်းဆန်းရှိပြီး အလုပ်လုပ်၍ကောင်းသော်လည်း ညဘက်တွင် ဦးနှောက် ကောင်းစွာအိပ်မပျော်ခြင်းကို ဖြစ်စေခြင်းအားဖြင့် မကောင်းသောသံသရာတစ်ခုကို ဖြစ်လာစေပြီး ရေရှည်တွင် ပိုမိုပင်ပန်းနွမ်းနယ်လာခြင်း၊ လှုံ့ဆော်မှုပိုမိုလိုအပ်လာခြင်း၊ အိပ်ရပ်ခက်လာခြင်းတို့ ဖြစ်နိုင်ကြောင်းလည်း အဆိုပါ တွေ့ရှိချက်က ထောက်ပြထားသည်။

Ref: scitechdsily



ကြေးမုံစာအုပ်စင် စာအုပ်အမြင်

ကြေးမုံစာအုပ်စင် စာအုပ်အမြင်ကဏ္ဍတွင် စာအုပ်ထုတ်ဝေသူများ၊ စာအုပ်ဖြန့်ချိသူများ၊ စာရေးဆရာများ၏ ထုတ်ဝေသောစာအုပ်များကို စာဖတ်ပရိသတ်များ ကျယ်ကျယ်ပြန့်ပြန့် သိရှိလေ့လာဖတ်ရှုနိုင်ရန်အတွက် စုစည်းဖော်ပြပေးလိုက်ပါသည်။ (စာတည်း)

လေ့လာစရာ သင်ရိုးသစ်မြန်မာသဒ္ဒါ




ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ စာပေအရေးအသားနှင့် မကင်းသူများ သင်ရိုးသစ်မြန်မာသဒ္ဒါကို ခြေခြေမြစ်မြစ် ပိုင်းပိုင်းခြားခြား ပိုင်ပိုင်နိုင်နိုင် လေ့လာနိုင်စေရန် စာရေးဆရာ အေးကျော်မင်း ပြုစုရေးသားထားသည့် လေ့လာစရာ သင်ရိုးသစ်မြန်မာသဒ္ဒါစာအုပ် ထွက်ရှိလာသည်။

စာအုပ်တွင် အပိုင်း (၉) ပိုင်းပါရှိပြီး အပိုင်း (၁) နာမ်တွေစုထားတဲ့ နာမ်အစု၊ အပိုင်း (၂) ကြိယာတွေစုထားတဲ့ ကြိယာအစု၊ အပိုင်း (၃) နာမ်ကိုအထူးပြုတဲ့ နာမ်အထူးပြု၊ အပိုင်း (၄) ကြိယာကိုအထူးပြုတဲ့ ကြိယာအထူးပြု၊ အပိုင်း (၅) နောက်ဆက်စကားလုံးအစု၊ အပိုင်း (၆) အခြားပစ္စည်းအထွေထွေ၊ အပိုင်း (၇) ဝါကျတွေမရောတဲ့ ဝါကျရိုး၊ အပိုင်း (၈) ဝါကျရိုးတွေပေါင်းထားတဲ့ ဝါကျရောနှင့် အပိုင်း (၉) နောက်ဆက်တွဲဟူ၍ဖြစ်သည်။ အချိန်ပြည့်မြန်မာစာအဖွဲ့ အဖွဲ့ဝင် ဒေါက်တာထွန်းတင့်နှင့် ဦးမြင့်ဇော် (ရွှေတံခါး) မဟာဝိဇ္ဇာတို့က အမှာစာရေးသားထားသည်။

စနစ်သစ်ပြဋ္ဌာန်းချက်ဖြစ်သော ဆဋ္ဌမတန်း၊ သတ္တမတန်း၊ အဋ္ဌမတန်း၊ နဝမတန်းတို့တွင် ဖော်ပြထားချက်များကို ပေါင်းစည်းပြီး ပိုင်ပိုင်နိုင်နိုင် ခြေခြေမြစ်မြစ် လေ့လာနိုင်ရန် ဝါစင် ၉ ပါးသင့်နှင့် ယှဉ်ထိုးကာ အပိုင်းကြီး (၉) ပိုင်းဖြင့် စေ့စေ့စပ်စပ် ခွဲခြမ်းစိတ်ဖြာ ဆန်းစစ်သုံးသပ်တင်ပြထားသည့်အတွက် မြန်မာစာသင်ကြားနေသည့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ မြန်မာစာကို စနစ်တကျ လေ့လာချင်သူများ၊ မြန်မာဘာသာကိုကို စိတ်ဝင်စားသူများ၊ မြန်မာစာရေးသားနေသူများ မဖြစ်မနေ လက်စွဲပြုဖတ်ရှုသင့်သော စာအုပ်ကောင်းတစ်အုပ်ဖြစ်သည်။

စာအုပ်ကို Wisdom House စာအုပ်တိုက် ဖုန်း ၀၉၂၅၄၁၄၈၈၊ ၀၉၄၃၀၄၁၈၅၇၊ အခန်း (၀၀၂)၊ တိုက် (၅၆)၊ အဝေရာလမ်း၊ မေတ္တာဥယျာဉ်ရပ်ကွက်၊ တာမွေဖြို့နယ်၊ ရန်ကုန်မြို့မှ ထုတ်ဝေပြီး တန်ဖိုးငွေကျပ် ၂၅၀၀၀ သတ်မှတ်ထားသည်။

စွယ်စုံဉာဏ်စမ်းသုတ အမှတ်(၁)ထွက်ရှိ



စာရေးဆရာ ဒေါက်တာ တင်ထွန်းဦး ရေးသားပြုစုသည့် "စွယ်စုံဉာဏ်စမ်းသုတ အမှတ်(၁)" စာအုပ် ထွက်ရှိလာသည်။

အဆိုပါစာအုပ်တွင် ကမ္ဘာနှင့်မြန်မာဘာသာရပ်မျိုးစုံမှ အထွေထွေဗဟုသုတအမေးအဖြေနှင့် ရှင်းလင်းချက် အခန်း ၁၀ ခန်းပါဝင်ကာ တစ်ခန်းလျှင် မေးခွန်း ၂၅ ခုပါဝင်ပြီး စုစုပေါင်းမေးခွန်း ၂၅၀ ပါရှိသည်။ လုပ်ငန်းခွင် ဝင်ခွင့်စာမေးပွဲများ၊ ရာထူးတိုးမြှင့်ရေးစာမေးပွဲများနှင့် လူရည်ချွန်ရွေးချယ်ရေးတို့တွင် ရေးဖြေနှုတ်ဖြေမေးခွန်းများအတွက် အထွေထွေဗဟုသုတများကို ထည့်သွင်းထားသည်။ အဖြေမှန်များနှင့် ယင်းတို့၏ မှန်ကန်သောအကြောင်းရင်း၊ အဖြေမှားကိုလည်း မှားရသည့်အချက်နှင့် သက်ဆိုင်ရာ တိကျမှန်ကန်သောဗဟုသုတများကို အကျယ်တဝင့် ရှင်းလင်းတင်ပြထားသည်။ အထွေထွေဗဟုသုတကြွယ်ဝလိုသူများ၊ သက်ဆိုင်ရာစာမေးပွဲများအလိုက် အထွေထွေဗဟုသုတ လေ့လာ ကြမည့်သူများနှင့် ခေတ်မီတိုးတက်ပြီး အမြင်ကျယ်လိုသောလူငယ်လူရွယ်များအတွက် ရည်ရွယ်ပြုစု ထားသည်။

အဆိုပါစာအုပ်ကို စွယ်စုံမီဒီယာဂရု(ပ)၊ စင်ထရယ်တာဝါ ပထမထပ်၊ အနော်ရထာလမ်းနှင့် (၃၉) လမ်းထောင့် ရန်ကုန်မြို့ ဖုန်း- ၀၁ ၃၈၅၂၉ မှ တန်ဖိုး ငွေကျပ် ၁၀၀၀၀ ဖြင့် ထုတ်ဝေဖြန့်ချိထားသည်။

လူမှုဘဝပြည့်စုံဖို့ နိုင်ငံသားကတ်ကိုင်ကြစို့

စာအုပ် စာပေ လူမှုိတ်ဆွေ

ဖခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ ရေတာရှည်မြို့နယ် အထက(၃)မြောက်နန်ချွန်ကျောင်း G-7 မှမဟေသာဝန်နိုင် ၏ ဖခင်အမည်မှန်မှာ ဦးဆလိုင်းစတီဗင် [၇/ပခန(နိုင်)၂၀၁၁၆၆] ဖြစ်ပါကြောင်း။

ဦးဆလိုင်းစတီဗင်
[၇/ပခန(နိုင်)၂၀၁၁၆၆]

ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(ညောင်ပင်ကျေးရွာ)၊ မြေကွက်အမှတ်-၀၀၀-A ၁၄၊ အကျယ်အဝန်း (၄၀မေ x ၆၀မေ)ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အားလုံးတို့သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီတွင် **ခေါ်မိုးမိုးနိုင်[၁၁/မတန(နိုင်)၀၁၂၄၂၂]**အမည်ဖြင့် မှတ်သားတည်ရှိသော နှစ်(၆၀)ဂရန်မြေကွက်ဖြစ်ပြီး အမည်ပေါက်သူထံမှ အရောင်းအဝယ် အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်လက်ရောက် ရရှိထားကြောင်း၊ အခြားအရပ်အရှင်းတစ်စုံတစ်ရာ မရှိသဖြင့် ရောင်းချပိုင်ခွင့်အပြည့်ရှိကြောင်း **ခေါ်သစ်နိုး[၀/မလန(နိုင်)၀၆၅၁၀၄၄]**က ဝန်ခံကတိပြုလာသဖြင့် **ခေါ်စုရလတ်[၁၂/ကရရ(နိုင်)၀၁၉၁၀၁]**မှ အပြီးအပိုင် လွှဲပြောင်း ဝယ်ယူရန် ရောင်းဖိုးငွေဖြစ် တစ်စိတ်တစ်ဒေသကို စာရွက်စာတမ်း ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက တရားဝင် ပိုင်လုံသော အထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံသို့ ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက် ကျော်လွန်ပါက အရောင်းအဝယ် ပြီးဆုံးသည်အဆို ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ယွဲ့အင်ယွန်ကြီးဌေးမြင့်အေ-
ခေါင်းသန့်ဥလွှင်(LL.B)
တရားလွှတ်တော်ရှေ့နေ(စဉ်-စဉ်၆၅)
အမှတ်-၉၃၀၊ ဦးကြင်ဦး(၂)လမ်း၊ ၃၂-ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)
မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၄၄၃၂၁၈၀၁၃၊ ၀၉-၇၈၆၃၁၇၂၈၀

ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြေသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ်(၆)၊ ဦးပိုင်အမှတ်(၆၁-၁+၆၂-၁)၇၇၈စုရုပ်ကြား၊ ၁၀၈၁၀၉လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သော ဦးစိုးသိန်း၊ ခေါ်ခင်သန်းတို့(၂)ဦးကွယ်လွန်၍ အမွေဆက်ခံစာချုပ် အမှတ်(၂၄၂/၂၀၂၅)ဖြင့် အမွေဆက်ခံသားသမီးများဖြစ်ကြသော ခေါ်စမ်းစမ်းငင်း(၁) ခေါ်စုံးစုံးဝင်း [၉/ဓရမ(နိုင်)၀၇၀၃၂၁]၊ ခေါ်ဌေးဌေးဝင်း[၉/ဓရမ(နိုင်)၀၅၀၄၉၉၂]၊ ခေါ်ဖိုးဖိုးဝင်း [၉/ဓရမ(နိုင်)၀၅၃၀၃၀]၊ ဦးဝင်းဝေ [၉/ဓရမ(နိုင်)၀၆၀၃၀]၊ ဦးမြိုးသန်း[၉/ဓရမ(နိုင်)၀၅၉၄၉၉၁၁]ခေါ်ခင်မိုးသိန်း [၉/ဓရမ(နိုင်)၀၀၃၈၂၀]၏(GPရရှိသူ ခေါ်နုနွင်း [၉/ဓရမ(နိုင်)၀၅၃၈၂၉]က ၎င်းကိုယ်တိုင် နှင့်အတူ အမွေတွဲအမှတ်(၀၅၆/၂၀၂၆-၂၀၂၇)ဖြင့် သက်တမ်းတိုး၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ၎င်းလိပ်သော အထောက်အထားများ၊ မူတပ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဦးစီးဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ ခေါ်ဇွားရပ်ကွက်၊ အကွက်အမှတ်(၄၁၈)၊ ဦးပိုင်အမှတ်(၄၉/ + ၆၉/ + ၅၀/ + ၅၉/)၊ ၁၄ လမ်း။ ၆၂လမ်းနှင့် မဟာနဒီလမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးတိတ်ကြည် ကွယ်လွန်၍ အမွေဆက်ခံစာချုပ်အမှတ်(၁၇၈၁/၂၀၂၅)ဖြင့် အမွေဆက်ခံသားသမီးများဖြစ်ကြသော ခေါ်မိုမိုစိုး[၉/မနမ(နိုင်)၀၆၄၄၄၂]၊ ခေါ်မော်မော်စိုး [၉/မနမ(နိုင်)၀၉၇၄၄၃]၊ ဦးသူရ[၉/မနမ(နိုင်)၀၆၈၄၄၂]တို့က အမှုတွဲအမှတ်(၀၆၀၄/၂၀၂၆-၂၀၂၇)ဖြင့် သက်တမ်းတိုး၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မူတပ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဦးစီးဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြေသာစံမြို့နယ်၊ ပြည်ကြီးပျော်ဘွယ်အရှေ့ရပ်ကွက်၊ အကွက်အမှတ်(၂၇၂)၊ ဦးပိုင်အမှတ်(၂၈)၊ ၁၀၀၅၁၀၀၁၀လမ်းကြားရှိ တောဂရန်မြေကွက် အမည်ပေါက်သူ ခေါ်ခင်သန်းနွဲ့ [၉/တသန(နိုင်)၀၁၄၁၁၀၆]က တောဂရန်စာချုပ်နှင့်အတူ အမှုတွဲအမှတ်(၀၅၅၃/၂၀၂၆-၂၀၂၇)ဖြင့် တောမှမြို့ပြောင်း၊ သက်တမ်းတိုး လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မူတပ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဦးစီးဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြေသာစည်မြို့နယ်၊ ထွန်တုံးရပ်ကွက်၊ အကွက်အမှတ်(၅၀-၆)၊ ဦးပိုင်အမှတ်(၅၁)၊ ၄၀ x ၄၉ ကြား၊ ၁၁၀x၁၁၀လမ်းကြားရှိ တောဂရန်မြေကွက် အမည်ပေါက်သူ ခေါ်ခင်သန်းနွဲ့ [၉/တသန(နိုင်)၀၁၄၁၁၀၆]က တောဂရန်စာချုပ်နှင့်အတူ အမှုတွဲအမှတ်(၀၅၅၃/၂၀၂၆-၂၀၂၇)ဖြင့် တောမှမြို့ပြောင်း၊ သက်တမ်းတိုး လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မူတပ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဦးစီးဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ်ရပ်ကွက်၊ အကွက်အမှတ်(စစ-၇)၊ ဦးပိုင်အမှတ် (၁၀၅)၊ ၅၃လမ်း၊ ၁၀၅x ၁၀၆ လမ်းကြားရှိ တောဂရန်မြေကွက်အမည်ပေါက်သူ ဦးသန်းဝင်း၏ (GP ရရှိသူ ခေါ်အေးအေးမိုး)ထံမှ မှတ်ပုံတင် အရောင်းအဝယ်စာချုပ်(၃၀၀၆/၂၀၂၅)ဖြင့် ဝယ်ယူခဲ့သူ ခေါ်သီတာမိုး(ခ)မြရုဇ်[၁/မကန(နိုင်)၀၁၂၄၇၃၂]က တောဂရန်စာချုပ်နှင့်အတူ အမှုတွဲအမှတ် (၀၅၇၀/၂၀၂၆-၂၀၂၇)ဖြင့် တောမှမြို့ပြောင်း၊ သက်တမ်းတိုး၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ မူတပ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဦးစီးဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ အကွက်အမှတ်(ဘဘ-၆)၊ ဦးပိုင်အမှတ်(၈၃)၊ ၁၁၄လမ်း၊ ၄၈x၄၉လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးခင်မောင်ညိုထံမှ အေးစာချုပ်အမှတ်(၄၃၈၆/၂၀၁၂)ဖြင့် လက်ခံခဲ့သူ ဦးမျိုးဇေါ် နှင့် ဦးမျိုးမိုးဝင်းတို့၏ (SP ရရှိသူ ဦးကျောက်ဝေ)ထံမှ အရောင်းအဝယ်စာချုပ်အမှတ်(၂၃၁၅/၂၀၂၄)ဖြင့် ဝယ်ယူခဲ့သူ ခေါ်နန်းခင်မြင့် [၁၃/လလန(နိုင်)၀၃၁၂၆၉] က အမှုတွဲအမှတ်(၀၅၈၇/၂၀၂၆-၂၀၂၇)ဖြင့် သက်တမ်းတိုး၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မူတပ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဦးစီးဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြေသာစည်မြို့နယ်၊ သီရိဟောမာအနောက်ရပ်ကွက်၊ အကွက်အမှတ်(၂၃၉)၊ ဦးပိုင်အမှတ်(၆-ဃ)၊၅၀x၁၀၀လမ်းကြားရှိ ဘိုးဘမြောက်အမည်ပေါက်သော ခေါ်မိုးမိုးအေး(ခ)မြိုမွှေအေး၊ ခေါ်သိမ့်သိမ့်ထူး၊ ခေါ်ဝတ်ရည်ဖူး(၃)ဦးအနက် ခေါ်မိုးမိုးအေး (ခ)မြိုမွှေအေး ထံမှစွန့်လွှတ်စာချုပ် အမှတ်(၂၈၅/၂၀၂၆)ဖြင့် စွန့်လွှတ်ခြင်းကိုလက်ခံခဲ့သော ခေါ်သိမ့်သိမ့်ထူး[၉/ မရမ(နိုင်)၀၀၄၁၀၁]၊ ခေါ်ဝတ်ရည်ထူး[၉/မနတ(နိုင်)၀၀၄၃၆၀]တို့က အမှုတွဲအမှတ်(၀၁၂/၂၀(ပြောင်း)/၂၀၂၆-၂၀၂၇)ဖြင့် ဘိုးဘ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မူတပ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဦးစီးဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ်ရပ်ကွက်၊ အကွက်အမှတ်(စစ-၇)၊ ဦးပိုင်အမှတ် (၁၀၅)၊ ၅၃လမ်း၊ ၁၀၅x ၁၀၆ လမ်းကြားရှိ တောဂရန်မြေကွက်အမည်ပေါက်သူ ဦးသန်းဝင်း၏ (GP ရရှိသူ ခေါ်အေးအေးမိုး)ထံမှ မှတ်ပုံတင် အရောင်းအဝယ်စာချုပ်(၃၀၀၆/၂၀၂၅)ဖြင့် ဝယ်ယူခဲ့သူ ခေါ်သီတာမိုး(ခ)မြရုဇ်[၁/မကန(နိုင်)၀၁၂၄၇၃၂]က တောဂရန်စာချုပ်နှင့်အတူ အမှုတွဲအမှတ် (၀၅၇၀/၂၀၂၆-၂၀၂၇)ဖြင့် တောမှမြို့ပြောင်း၊ သက်တမ်းတိုး၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ မူတပ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဦးစီးဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ အကွက်အမှတ်(ဘဘ-၆)၊ ဦးပိုင်အမှတ်(၈၃)၊ ၁၁၄လမ်း၊ ၄၈x၄၉လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးခင်မောင်ညိုထံမှ အေးစာချုပ်အမှတ်(၄၃၈၆/၂၀၁၂)ဖြင့် လက်ခံခဲ့သူ ဦးမျိုးဇေါ် နှင့် ဦးမျိုးမိုးဝင်းတို့၏ (SP ရရှိသူ ဦးကျောက်ဝေ)ထံမှ အရောင်းအဝယ်စာချုပ်အမှတ်(၂၃၁၅/၂၀၂၄)ဖြင့် ဝယ်ယူခဲ့သူ ခေါ်နန်းခင်မြင့် [၁၃/လလန(နိုင်)၀၃၁၂၆၉] က အမှုတွဲအမှတ်(၀၅၈၇/၂၀၂၆-၂၀၂၇)ဖြင့် သက်တမ်းတိုး၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မူတပ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဦးစီးဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြေသာစည်မြို့နယ်၊ သီရိဟောမာအနောက်ရပ်ကွက်၊ အကွက်အမှတ်(၂၃၉)၊ ဦးပိုင်အမှတ်(၆-ဃ)၊၅၀x၁၀၀လမ်းကြားရှိ ဘိုးဘမြောက်အမည်ပေါက်သော ခေါ်မိုးမိုးအေး(ခ)မြိုမွှေအေး၊ ခေါ်သိမ့်သိမ့်ထူး၊ ခေါ်ဝတ်ရည်ဖူး(၃)ဦးအနက် ခေါ်မိုးမိုးအေး (ခ)မြိုမွှေအေး ထံမှစွန့်လွှတ်စာချုပ် အမှတ်(၂၈၅/၂၀၂၆)ဖြင့် စွန့်လွှတ်ခြင်းကိုလက်ခံခဲ့သော ခေါ်သိမ့်သိမ့်ထူး[၉/ မရမ(နိုင်)၀၀၄၁၀၁]၊ ခေါ်ဝတ်ရည်ထူး[၉/မနတ(နိုင်)၀၀၄၃၆၀]တို့က အမှုတွဲအမှတ်(၀၁၂/၂၀(ပြောင်း)/၂၀၂၆-၂၀၂၇)ဖြင့် ဘိုးဘ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မူတပ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဦးစီးဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

* ကျောဖုံးမှ

လက်ရွေးစင် တိုက်စစ်မှုးမေထက်လူကို ခေါ်ယူခဲ့ခြင်းဖြစ်သည်။ မေထက်လူသည် အမေရိကန်နိုင်ငံ၌ ပညာသင်ကြားရင်း ဆီမီးပရိလိဂ် အမျိုးသမီး ကလပ်များတွင် ကစားနေသူဖြစ်ပြီး ပြည်တွင်း ကလပ်အသင်းနှင့် ပထမဆုံး စာချုပ်ချုပ်ဆိုခဲ့ခြင်း ဖြစ်သည်။ မေထက်လူသည် ၂၀၂၅ ခုနှစ်တွင် အာရှအမျိုးသမီးချန်ပီယံလိဂ် ခြေစစ်ပွဲကစားမည့် အား/ကာသိပ္ပံအသင်းအတွက် ကာလတို နှစ်ပွဲ ကစားဖူးသော်လည်း ဧရာဝတီအသင်းနှင့် ပထမဆုံး ပရိုစာချုပ် ချုပ်ဆိုခဲ့ခြင်း ဖြစ်သည်။

ဧရာဝတီ အမျိုးသမီး အသင်းသည် ရာသီသစ် အတွက် လက်ရွေးစင်ကစား သမားများဖြစ်သည့် နောက်ခံလူ ဖြူဖွေးနှင့် တိုက်စစ်မှုး မေထက်လူ၊ နိုင်ငံခြားသား ကစားသမားများ အဖြစ် ထိုင်း၊ ဖိလစ်ပိုင်နှင့် ဘင်္ဂလားဒေ့ရှ်ကစားသမား သုံးဦးအား ခေါ်ယူထားသည်။

သတင်း-ကိုညီလေး
ဓာတ်ပုံ-စိုးညွှန့်သော်

ဥတု ရာသီ တောကို မှီ၏

❐ ဧရာဝတီမှ

ဧရာဝတီအမျိုးသမီးအသင်းသည် ထိုင်းလူငယ် တိုက်စစ်ကစားသမား ခွန်ပခန်နာချာနေ့ကို ခေါ်ယူခဲ့သည်။ သူမသည် ထိုင်းလူငယ်လက်ရွေးစင်တစ်ဦးဖြစ်ပြီး ဧရာဝတီအသင်းအနေဖြင့် အင်္ဂားစာချုပ်ဖြင့် ခေါ်ယူခဲ့ခြင်းဖြစ်သည်။ ထို့ပြင် ဧရာဝတီ အသင်းသည် ပြီးခဲ့သည့်ရာသီက အသုံးပြုခဲ့သည့် ဖိလစ်ပိုင်နိုင်ငံသူ အူဘေးကိုလည်း ထပ်မံခေါ်ယူခဲ့သည်။ မြန်မာအမျိုးသမီးကလပ်အသင်းများတွင် ပထမဆုံးနိုင်ငံခြား သားကစားသမားခေါ်ယူသည့် အသင်းအဖြစ် မှတ်တမ်းဝင် ထားသည့် ဧရာဝတီအသင်းသည် ယခုရာသီတွင်လည်း နိုင်ငံခြားသားကစားသမားသုံးဦးအထိ ခေါ်ယူထားပြီး ပထမဆုံး ကစားသမားခေါ်ယူမှုအဖြစ် ဘင်္ဂလားဒေ့ရှ် လက်ရွေးစင်တိုက်စစ်ကစားသမား ရီတူကို ခေါ်ယူထား သည်။

ဧရာဝတီအသင်းသည် မြန်မာ့လက်ရွေးစင် နောက်ခံလူ ဖြူဖွေးကို ပြီးခဲ့သည့်ရာသီကုန်ဆုံးကတည်းက ခေါ်ယူ ထားသလို ရာသီသစ်မစတင်မီ လက်ရွေးစင်အဆင့်ကစား သမားတစ်ဦး ထပ်မံခေါ်ယူမည်ဖြစ်သည်။ ညီမြတ်သော်တာ

ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (စ)ရပ်ကွက်၊ အကွက်အမှတ်(ထထ-၂)၊ ဦးပိုင်အမှတ်-(၄၂/၆၀Cx၆၁)လမ်းကြား၊ (၁၂၆x၁၂၇) လမ်းကြားရှိ တောဂရန်မြေကွက်အား အမည်ပေါက်သူ ခင်ပွန်း ဦးအုန်းဘို ကွယ်လွန်၍ ကျန်ရစ်သူ ဇနီး ဒေါ်စန်း(ခ)ဒေါ်ဆန်း [၉/မနမ(နိုင်)၀၁၉၈၅၁]က တောဂရန်၊ သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များတင်ပြ၍ အမွေဆက်ခံစာချုပ် ချုပ်ရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်တိုက်နယ်၊ စော်ဘွားကြီးကုန်းရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၉၅) လှဲကွဲစမ်း၊ မြေကွက်အမှတ်(၁၅၆) ထက်ဝက်မြေကွက် အကျယ်အဝန်း(အလျား၇၅ပေ x အနံ၅၀ပေ)နှင့်ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

အထက်ပါ ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်တိုက်နယ်၊ စော်ဘွားကြီးကုန်းရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၉၅)လှဲကွဲစမ်း၊ မြေကွက်အမှတ်(၁၅၆) ထက်ဝက်မြေကွက်၏ အကျယ်အဝန်း (၅၀ပေx ၇၅ပေ)ရှိသော မြေကွက်နှင့် မြေကွက်အမှတ်(၁၅၇)ဟု မှတ်သားတည်ရှိသော မြေကွက်တို့နှင့်ပတ်သက်ပြီး ဦးခင်ရွှေ (၎င်း၏ တရားဝင်ကိုယ်စားလှယ် ဒေါ်ရီကြိုင်မှ တရားလိုပြုလုပ်၍ ဦးမောင်မောင်လွင်၊ ဒေါ်သန်းသန်းအေး (၎င်း၏ အခွင့်ရကိုယ်စားလှယ် ဦးမင်းမင်းထွန်း)တို့အပေါ် ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ပိုင်းခရိုင်တရားရုံး၊ တရားမအထွေထွေမှုအမှတ်(၂၈/၂၀၁၈)ဖြင့် “တရားမကျင့်ထုံးဥပဒေပုဒ်မ-၁၄၄ အရ မရွှေ့ပြောင်းနိုင်သော ပစ္စည်းကို မူလပိုင်ရှင်လက်သို့ ပြန်လည်၍ လက်ရောက်ပေးအပ်ရန်” လျှောက်ထားစွဲဆိုခဲ့ပါသည်။ မူလရုံး တရားလိုဖြစ်သော ဦးခင်ရွှေ (၎င်း၏တရားဝင်ကိုယ်စားလှယ် ဒေါ်ရီကြိုင်)ဘက်မှ တရားရုံးအဆင့်ဆင့်သို့ တက်ရောက်ခဲ့ရာ ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်၊ တရားမပထမအယူခံမှုအမှတ်(၄၀/၂၀၂၁)တွင် “ဒေါ်ရီကြိုင် (ကွယ်လွန်သူဦးခင်ရွှေ၏ တရားဝင်ကိုယ်စားလှယ်) မှ လက်လွှတ်ခဲ့ရသည့် ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်တိုက်နယ်၊ စော်ဘွားကြီးကုန်းရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်(၂၉၅) လှဲကွဲစမ်း၊ မြေကွက်အမှတ်(၁၅၆)၏ ထက်ဝက်နှင့် မြေကွက်အမှတ်(၁၅၇) မြေကွက်မှ မြေတို့ကို ပြန်ပေးရန် ခွင့်မပြုခဲ့သည့်အမိန့်ကို ပယ်ဖျက်၍ အယူခံတရားလိုမှ တရားမဇာရီမှုအမှတ်(၄၈/၂၀၁၅)တွင် လက်ရောက်ပေးအပ်ခဲ့သည့်မြေကွက်တို့ကိုပါ ပြန်လည်ပေးအပ်စေရန် ပြင်ဆင်အမိန့်ချမှတ်ခဲ့ပြီး ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံးက ခွင့်ပြုပေးထားသည့် နစ်နာကြေးငွေနှင့် တရားစရိတ်ငွေစုစုပေါင်းကျပ် ၃၂၇၅၈၄၅ ကျပ်အား အယူခံတရားပြိုင်မှ ပေးရန် ချမှတ်ထားသည့် မူလခရိုင်တရားရုံး၏အမိန့်ကို ဆက်လက်အတည်ပြုသည်” အမိန့်အရ အယူခံတရားလိုနှင့် အယူခံတရားပြိုင်တို့သည် တစ်ဖက်နှင့်တစ်ဖက် ညှိနှိုင်းဆောင်ရွက်ကြပြီး ဦးမောင်မောင်လွင်ပါ(၂)မှ ဒေါ်ရီကြိုင်အား အထက်ပါ မြေများကို လက်ရောက်ပေးအပ်ပြီး နစ်နာကြေးနှင့် တရားစရိတ်ငွေကျပ် ၃၂၇၅၈၄၅ ကျပ်ကိုလည်း ဒေါ်ရီကြိုင်ထံသို့ ပေးအပ်ပြီးဖြစ်ပါသည်။ ထိုကဲ့သို့ နှစ်ဖက်ပြေလည်မှု ရရှိသဖြင့် ဒေါ်ရီကြိုင်ထံမှ အထက်ပါမြေကွက်အား ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ညွှန့်ညွှန့်ဆွေက ဝယ်ယူပိုင်ဆိုင်ခဲ့သောကြောင့် ယခုအခါတွင် အထက်ပါ မြေကွက်အား ပြန်လည် ရောင်းချမည်ဖြစ်သောကြောင့် ဤကြော်ငြာပါသည့်နေ့မှ (၁၄)ရက်အတွင်း ကန့်ကွက်လိုပါက ခိုင်လုံသော ပိုင်ဆိုင်မှုစာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ဖြစ်စေ (သို့မဟုတ်) ဒေါ်ညွှန့်ညွှန့်ဆွေထံသို့ဖြစ်စေ ကိုယ်တိုင်လာရောက်၍ ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်ခင်မိုးရွှေ LL.B, LL.M
တရားလွှတ်တော်ရှေ့နေ(စဉ်-၇၉၀၃/၁၁)
အမှတ်(၁၀၃)၊ (A/B)ပထမထပ်၊ (၃၆)လမ်း(အောက်)၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၅၀၉၄၄၅၇

ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ပြည်ကြီးပျော်ဘွယ်အနောက်ရပ်ကွက်၊ အကွက်အမှတ်(၂၆၈)၊ ဦးပိုင်အမှတ် ယခင်-၂၁၊ ယခု-၃၆/၈၇ စီ-လမ်း၊ ၃၂x ၃၃ လမ်းကြားရှိ ဦးဝင်းမောင်၊ ဒေါ်ညိမ်းစံအမည်ပေါက် ဘိုးဘမြေကွက်အား ဖခင် ဦးဝင်းမောင်၊ မိခင် ဒေါ်ညိမ်းစံ၊ သမီး ဒေါ်ခင်သက်ထား(အပျိုဘဝ)တို့ ကွယ်လွန်၍ ကျန်ရစ်သူသားသမီးများဖြစ်ကြသော ဦးလှမျိုးအောင် [၉/မနတ(နိုင်)၀၅၁၅၇၃]၊ ဒေါ်မိုးသီတာဝင်း [၉/မနတ(နိုင်)၀၅၁၇၃၈]၊ ဒေါ်သင်းသင်းခိုင် [၉/မနတ(နိုင်)၀၀၀၂၅၈]၊ ဒေါ်စိုးစိုးဝင်း [၉/မနတ(နိုင်)၀၀၀၂၅၇]၊ ဦးမျိုးသူရဝင်း(ခ)မျိုးခိုင် [၉/မနတ(နိုင်)၀၀၅၉၁၄]တို့က ဂရန်စာချုပ်၊ သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၊ ထောက်ခံချက်များတင်ပြ၍ အမွေဆက်ခံစာချုပ် ချုပ်ဆိုပါရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

ကြော်ငြာစာ

